ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နန့်နေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၇၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့။ Tuesday, 6 February 2018 ၉၁၉၂

# နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tarnchaiyan Srisuwan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ဆက်ဆံရေးတိုးတက်ကောင်းမွန်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tarnchaiyan Srisuwan တို့ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်

ထန်တလန် ဖေဖော်ဝါရီ ၅

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့ နံနက်ပိုင်းတွင် ထန်တလန်မြို့နယ် သီကီးရ်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိပြီး တမံရှုရပ်မှ တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေနှင့် တမံတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ် ထန်တလန်မြို့နယ်ရှိ သီကီးရ်ရေလှောင်တမံစီမံကိန်း တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။**



## ကြေးမုံ

# စည်းလုံးညီညာခြင်း၏ အောင်မြင်မှု

အတိတ်ကာလ မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ချမ်းသာခြင်းအစစ်နှင့်ပတ်သက်၍ ရဟန်းတို့ငြင်းခုံကြရာ ငြင်းခုံကြသော ရဟန်းတို့အား မြတ်စွာဘုရားရှင်က "သမဂ္ဂါနံ တပေါ သုခေါ"အစရှိသည့် ညီညွတ်ခြင်းတရားကို ဟောကြားခဲ့သည်။ စိတ်တူထပ်မျှ ညီညွတ်လှသောအဖြစ်သည် စင်စစ်ဧကန် အမှန်ချမ်းသာခြင်းဖြစ်ကြောင်း၊ ကြီးပွားခြင်းဖြစ်ကြောင်း၊ ချမ်းသာခြင်းအစစ်ဖြစ်ကြောင်း ဟောဖော်ညွှန်ပြဆုံးမခဲ့သည်။

အရာရာတွင် ညီညီညွတ်ညွတ် တိုင်တိုင်ပင်ပင်ဖြင့် စုပေါင်းညီညာပြုလုပ်ကြမည်ဆိုလျှင် အောင်မြင်မှုကို ရနိုင်သည်သာဖြစ်သည်။ လူသားများကိုပင်မဆိုနှင့် တိရစ္ဆာန်ဖြစ်သော ငုံးသတ္တဝါတို့သည်ပင် ပိုက်ကွန်တွင် မိစဉ်ကာလ၌ ညီညာစွာစုပေါင်းပျံတက်ကြသောအခါ အန္တရာယ်မှုဆိုးကျော့ကွင်းမှ လွတ်ကင်းကြရပုံ ရှေးဥပမာရှိခဲ့ဖူးသည်။ "မပျံမည် မပျံဘူး" ဟု မညီမညွတ် ငြင်းခုံကြမည်ဆိုလျှင် မုဆိုးကျော့ကွင်းသို့ သက်ဆင်းနိုင်ပုံကို သတိပေးထားသည်။ မညီညွတ်သောအကျိုးကို ခါးသီးနာကျင်စွာ ခံစားကြရပြီး သေကျေပျက်စီးခြင်းအဖြစ်သို့ပင် ရောက်ရှိနိုင်ပေသည်။

ထို့ကြောင့် ဘဝမှလွတ်မြောက်ရေး၊ ဘဝအတွက် အောင်မြင်ရေး ကြိုးပမ်းအားထုတ်ကြရာတွင် ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်ကြပါမှ အောင်မြင်မှုကို ရရှိနိုင်ပြီး မညီမညွတ်ရှိနေသမျှကာလပတ်လုံး မည်သည့်အခါမျှ အောင်မြင်မှုမရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် ညီညွတ်ခြင်းအကြောင်းတရားများ များစွာလိုအပ်နေသေးသည်ကို တွေ့ရသည်။ ပြည်သူအားလုံး အကျိုးစီးပွားအတွက် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးဖြစ်ပေါ်လာအောင် ဆောင်ကြဉ်းကြရာ၌ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၊ တစ်တိုင်းပြည်လုံး စည်းလုံးညီညွတ်ကြရန် လိုအပ်ပေသည်။

ခေါင်းဆောင်အချို့၏ ၎င်းတို့အဖွဲ့အစည်းတို့နှင့် ညီညွတ်ရေးမှာ အားနည်းချက်ရှိသည်ဆိုငြားလည်း တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံးကို ကိုယ်စားပြုသည့် ညီညွတ်မှုစွမ်းအားဖြင့် ကိုလိုနီနယ်ချဲ့ထံမှ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်နိုင်ပုံမှာ သိရှိမှတ်သားလိုက်နာကြဖွယ်ဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်ပြည်လုံး လွတ်လပ်သောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သည်မှာ စည်းလုံးညီညွတ်ခြင်း၏ အရင်းခံအကြောင်းတရားဖြစ်သည့် ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက်ထောက်ခံမှု၊ တိုင်းရင်းသားပြည်သူလူထုကိုယ်စားလှယ်ခေါင်းဆောင်များက ပင်လုံစာချုပ်တွင် တညီတညွတ်တည်း လက်မှတ်ရေးထိုးနိုင်မှု အကြောင်းတရားများကြောင့်ပင် ဖြစ်သည်။

ကမ္ဘာတည်သရွေ့ မြန်မာ့သမိုင်းတွင် ဂုဏ်ယူဝံ့ကြွားဖွယ်ရာ သမိုင်းမော်ကွန်းရေးထိုးခဲ့သော စည်းလုံးညီညွတ်မှုသည် လွတ်လပ်သော ပြည်ထောင်စုကြီး ပြန်လည်ပေါ်ထွန်းရေးအတွက် အုတ်မြစ်ချသန္ဓေတည်ရာ ပင်လုံမြေဖြစ်သည်။ ပင်လုံမြေတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း "ပင်လုံစာချုပ်"ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတိတိတွင် အောက်ပါတိုင်းရင်းသားပြည်သူလူထုကိုယ်စားလှယ်တော်ကြီး ၂၃ ဦး လက်မှတ်ရေးထိုးခဲ့သည်မှာ သမိုင်းသက်သေပင်ဖြစ်သည်။

မြန်မာအစိုးရကိုယ်စား ဗိုလ်ချုပ်အောင်ဆန်း၊ တောင်ပိုင်းစော်ဘွား စဝ်ခွန်ပန်းစိန်၊ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၊ မြောက်ပိုင်းသိန္နီစော်ဘွား စဝ်ဟုံဖ၊ လဲချားစော်ဘွား စဝ်နွံ၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ သထုံစော်ဘွား ကိုယ်စားလှယ် ဦးဖြူ၊ လူထုကိုယ်စားလှယ်များဖြစ်ကြသည့် ဦးခွန်ဖုန်း၊ ဦးတင်ဧ၊ ဦးကြာပု၊ စဝ်ထိပ်ဖ၊ ဦးထွန်းမြင့်၊ ဦးခွန်စော၊ ဦးခွန်ထီး၊ ကချင်ကိုယ်စားလှယ်များဖြစ်သည့် ဆမားဒူဝါ ဆင်ဝါးနောင်၊ ဒူဝါဇော်ရစ်၊ ဦးဒိန်ရတန်၊ ဒူဝါဇော်လွန်း၊ ဦးလဘန်ဂရောင်၊ ချင်းကိုယ်စားလှယ်များဖြစ်သည့် ဦးလွှာမှုန်း၊ ဦးထောင်ဇာခုပ်နှင့် ဦးကီယိုမန်းတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အုတ်မြစ်ချပေးခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများဖြစ်သည်။

သို့ဖြစ်ရာ ဘိုးဘွားများ အုတ်မြစ်ချပေးခဲ့သည့် စည်းလုံးညီညွတ်မှုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြ၍ စည်းလုံးညီညာခြင်းဖြင့် ပြည်ထောင်စု၏ အောင်မြင်မှုကို ရယူကြပါစို့။ ။

# တမူးမြို့၌ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ စည်ကားစွာကျင်းပမည်

**တမူး ဖေဖော်ဝါရီ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြေပြန့်ဒေသမှ မြို့လေးမြို့ကိုစုပေါင်း၍ နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့အခမ်းအနားကို မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့တွင် စည်ကားစွာ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနထံမှ သိရသည်။



ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် နှစ်(၇၀)ပြည့် ချင်းအမျိုးသားနေ့ကို ချင်းလူမျိုးအများစုနေထိုင်ရာ ကလေးမြို့၊ တမူးမြို့၊ ခမ်းပတ်မြို့နှင့် မြို့သစ်မြို့ စသည့် မြို့များမှ ချင်းတိုင်းရင်းသားများစုပေါင်းကာ တမူးမြို့ရှိ ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပမည်ဖြစ်ကြောင်း၊ ချင်းအမျိုးသားနေ့တွင် မြို့ပေါင်း လေးမြို့မှ ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ကိုယ်စားလှယ်များ၊ ဒေသအလိုက် ပြပွဲပြိုင်ပွဲအဖွဲ့များ တက်ရောက်ကြမည်ဖြစ်ပြီး ပွဲတော်ရက်ကိုလည်း ဖေဖော်ဝါရီ ၁၈ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးလာလ်ထောမ်ထန်က ပြောကြားသည်။

"ပြီးခဲ့တဲ့နှစ်ကဆိုရင် ကလေးမြို့ တောင်ဖီလာရပ်ကွက် အထက(၂)အားကစားကွင်းမှာ ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ဝန်ကြီးဌာနအလိုက် ပြခန်း၊ ချင်းရိုးရာခလေ့ အကပဒေသာ၊ ရိုးရာဝတ်စားဆင်ယင်မှုပြပွဲပြိုင်ပွဲ၊ ခေတ်ပေါ်ရိုးရာတေးသရုပ်ဖော်အက၊ နိုင်ငံတော်အဆင့် ထူးချွန်ဆုများရရှိသူတွေကို ဆုချီးမြှင့်ခြင်း၊ ထူးခြားစွမ်းရည်ပြပွဲ၊ ခေတ်ပေါ်တေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေတင်ဆက်မှုတွေ စသဖြင့် စည်စည်ကားကား ကျင်းပခဲ့ပြီး ဝန်ကြီးချုပ်နဲ့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့တွေပါ ပါဝင်တက်ရောက်ခဲ့ပါတယ်၊ ကျန်တဲ့မြို့တွေမှာလည်း သူ့နေရာနဲ့ သူ့ဒေသအလိုက် ကျင်းပကြပါတယ်"ဟု ချင်းအမျိုးသားနေ့ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့ လေးမြို့ပူးပေါင်းကာ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ကလေးမြို့၌လည်းကောင်း၊ ပြည်နယ်အဆင့် ချင်းအမျိုးသားနေ့ကို ဖလမ်းမြို့၌လည်းကောင်း စည်ကားစွာကျင်းပခဲ့ပြီး ယခုနှစ်တွင် ပြည်နယ်အဆင့် ချင်းအမျိုးသားနေ့ကို ဟားခါးမြို့၌ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# နယ်လှည့်တီဘီရောဂါကွင်းဆင်းကုသရေးအဖွဲ့ ညောင်လေးပင်မြို့နယ်၌ ကုသ

**ညောင်လေးပင် ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီး နယ်လှည့်တီဘီရောဂါကွင်းဆင်းရှာဖွေကုသရေးအဖွဲ့နှင့် ညောင်လေးပင်မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက်ပိုင်းက ငွေးကုန်းကျေးရွာအုပ်စု ချုံအင်းကျေးရွာ၌ အခမဲ့နယ်လှည့်တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသမှု ပြုလုပ်ပေးခဲ့သည်။

ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး တီဘီစင်တာမှ နယ်လှည့်တီဘီရောဂါ ကွင်းဆင်းရှာဖွေကုသရေးအဖွဲ့နှင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများက ချောင်းဆိုးသူ၊ ဖျားနာသူ၊ တဖြည်းဖြည်းပိန်လာသူနှင့် သွေးတိုးရှိသူ လူနာများအား ဓာတ်မှန်ရိုက်ပေးခြင်း၊ သလိပ်စစ်ဆေးပေးခြင်း၊ သွေးပေါင်တိုင်းပေးခြင်း၊ ဆီးချိုစစ်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်တွင် အင်းကျိုက်ကျေးရွာ၊ ဖေဖော်ဝါရီ ၇ ရက်တွင် အောင်းကြီးကျေးရွာ၊ ဖေဖော်ဝါရီ ၈ ရက်တွင် ပြွန်တန်ဆာမြို့၊ ဖေဖော်ဝါရီ ၉ ရက်တွင် ဘိုင်းဒါးကျေးရွာတို့တွင် သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနများ၌ ဆက်လက်ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ရဲမြန်မာ(ညောင်လေးပင်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၄၁၅၀၀ | - | ၉၄၁၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၄၁၅၀၀ | - | ၉၄၁၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၅/၈၄၀ ကျပ်၊ | ၈၉၀/၉၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၃၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၅/၈၁၀ ကျပ်၊ | ၈၈၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၄၅/၈၆၀ ကျပ်၊ | ၉၁၅/၉၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၅/၈၁၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၅၅/၇၆၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၅၃.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၀.၉၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၂၅၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၉၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၇၂၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၆.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၉၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၂.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၇.၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပိတ်ဆို့စစ်ဆေးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**လယ်ဝေး ဖေဖော်ဝါရီ ၅**

နေပြည်တော် လယ်ဝေးမြို့နယ် မြို့မရဲစခန်းအပိုင်တွင် ဇန်နဝါရီလနောက်ဆုံးပတ်က အထူးပိတ်ဆို့စစ်ဆေးရှာဖွေရေး ဆောင်ရွက်ခဲ့ရာ လယ်ဝေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ညွန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့မရဲစခန်းမှူး ဒု-ရဲမှူးအောင်ဇေယျာလင်း ဦးစီးတပ်ဖွဲ့ဝင်များသည် အားကစားကွင်းရှေ့ (A) လမ်းဆုံ၌ ဆိုင်ကယ် အစီး ၁၀၀၊ ကား ၄၅ စီးတို့အား တုတ်၊ ဓား၊ လက်နက်နှင့် မူးယစ်ဆေးဝါးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily

# ရိုဟင်ဂျာလူမျိုးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစာရင်းတွင် မပါဝင်ကြောင်း ကြိမ်ဖန်များစွာဖော်ပြပြီး၊ ဖော်ပြဆဲလည်းဖြစ် ၎င်းအသုံးအနှုန်းသုံးစွဲခြင်းကို တရားဝင်ကန့်ကွက်ခြင်း၊ ဆန့်ကျင်ခြင်း၊ ထောက်ပြခြင်းများ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရိုဟင်ဂျာလူမျိုးအမည်ကို မည်သည့်သန်းခေါင်စာရင်းတွင်မျှ မတွေ့ရကြောင်း၊ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင်လည်း ရိုဟင်ဂျာလူမျိုးမပါရှိကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ယနေ့ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ပြောကြားသည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး၏ **တိုင်းရင်းသားမျိုးနွယ်စုများတွင် ရိုဟင်ဂျာလူမျိုးမရှိကြောင်းအား မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူလူထုသာမက ကမ္ဘာ့နိုင်ငံအသီးသီးအား သိရှိစေရန် မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားရာတွင် ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မြန်မာနိုင်ငံတွင် လူမျိုးစာရင်းကောက်ယူခြင်းကို လွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရလက်ထက် ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်နှင့် ၁၉၃၁ ခုနှစ်တွင် ကောက်ယူခဲ့ပါကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင်လည်း ၁၉၅၃-၁၉၅၄ ခုနှစ် သန်းခေါင်စာရင်း၊ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းနှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းကိုလည်း ကောက်ယူခဲ့သည်ဟု မှတ်တမ်းများအရ သိရပါကြောင်း၊ အဆိုပါ ၁၉၂၁ ခုနှစ်နှင့် ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအစီရင်ခံစာ၏ PART I – Provincial Totals of Races by Religion ပါ မှတ်တမ်းများအရ ရိုဟင်ဂျာလူမျိုးအမည်ကို မည်သည့် သန်းခေါင်စာရင်းတွင်မျှ မတွေ့ရပါကြောင်း။

လွတ်လပ်ရေးရပြီးနောက် သန်းခေါင်စာရင်းကောက်ယူရန်အတွက် မြန်မာနိုင်ငံတွင် နေထိုင်သော တိုင်းရင်းသားမျိုးနွယ်စုအမည်စာရင်းများ သတ်မှတ်ပြုစုရာတွင် ၁၉၃၁ ခုနှစ်တွင် ပြုစုခဲ့သော သန်းခေါင်စာရင်းအရ လူမျိုးစုစာရင်းအပေါ် အခြေခံ၍လည်းကောင်း၊ ၁၉၅၃-၁၉၅၄ ခုနှစ် လူမျိုးစုစာရင်းအရလည်းကောင်း၊ ၁၉၆၀ ခုနှစ် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုရုံး၏ အကြံပြုချက်နှင့် မြန်မာနိုင်ငံသမိုင်းကော်မရှင်၏ အကြံပေးချက်အရ လည်းကောင်း၊ ၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီဌာနချုပ် တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ညှိနှိုင်းပေးချက်အရလည်းကောင်း လူမျိုးစာရင်းကိုပြုစု၍ ၁၉၇၃ ခုနှစ် လူဦးရေသန်းခေါင်စာရင်းတွင် အသုံးပြုခဲ့ပါကြောင်း၊ အဆိုပါသန်းခေါင်စာရင်းတွင်လည်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ရိုဟင်ဂျာလူမျိုးမပါရှိသည်ကို တွေ့ရှိပါကြောင်း ရှင်းလင်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကထုတ်ဝေသည့် မီဒီယာများတွင်လည်း ရိုဟင်ဂျာဆိုသည့် လူမျိုးအမည်ကို ထည့်သွင်းအသုံးမပြုဘဲ ရိုဟင်ဂျာလူမျိုးသည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစာရင်းတွင် မပါဝင်ကြောင်း ကြိမ်ဖန်များစွာ ဖော်ပြပြီးဖြစ်ပါကြောင်း၊ ဖော်ပြဆဲလည်းဖြစ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသည့် မြန်မာ့သံရုံးဝန်ထမ်းများ၊ မြန်မာသံအမတ်ကြီးများ၊ UN အဖွဲ့အစည်းများတွင်ရှိသည့် မြန်မာနိုင်ငံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်ကြီးများကလည်း ၎င်းအသုံးအနှုန်းသုံးစွဲခြင်းကို အသိအမှတ်မပြုဘဲ ထိုသို့သုံးစွဲလာသော အခြားသော ကိုယ်စားလှယ်များကိုလည်း တရားဝင်ကန့်ကွက်ခြင်း၊ ဆန့်ကျင်ခြင်း၊ ထောက်ပြခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားနှင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ ရေရှည်အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေရှည်အတွက် စဉ်းစားပြီး ကျယ်ပြန့်သောအမြင်များ၊ မှန်ကန်သောလုပ်ဆောင်ချက်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ခံစားချက်စကားလုံးဖြင့် တုံ့ပြန်ခြင်းထက် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ တည်တည်ငြိမ်ငြိမ် ဂုဏ်သိက္ခာရှိရှိ ညဏ်အမြော်အမြင်ဖြင့် ဆင်ခြင်တုံတရားကို အလေးအနက်ထားပြီး ထိရောက်သော တုံ့ပြန်မှုများဖြင့် တုံ့ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကောက်ယူရရှိသော လူမျိုးစုစာရင်းများမှာ တိုင်းရင်းသားလူမျိုးများဖွဲ့စည်းပါဝင်မှု၊ တိုင်းရင်းသားလူမျိုးစုငယ်များပါဝင်မှု၊ စာလုံးပေါင်းသတ်ပုံ၊ အမည်နာမအသစ်၊ တိုင်းရင်းသားဖြစ်ခြင်း၊ မဖြစ်ခြင်း စသည့်ကိစ္စရပ်များတွင် အငြင်းပွားဖွယ်ရာများရှိပါသဖြင့် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ပြီးမှသာလျှင် ထုတ်ပြန်သွားရန် လျာထားပါကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရာတွင် တိုင်းရင်းသားရေးရာကော်မတီဝင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်နှင့် လူဦးရေပညာရှင်များ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အဆင့်ဆင့်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး ညှိနှိုင်းသဘောတူညီချက်ရရှိချိန်တွင် တိုင်းရင်းသားလူမျိုးများစာရင်းကို ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဖြေကြားခဲ့သည်။



ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်

အစည်းအဝေးတွင် ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၏ **ကျေးသီးမြို့နယ်တွင် လဝက ဦးစီးအရာရှိတစ်ဦးနှင့် မိုင်းနောင်မြို့တွင် လဝကမှူးတစ်ဦးအား အစားထိုးခန့်အပ်ပေးနိုင်ခြင်း ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကျေးသီးမြို့နယ်ဦးစီးမှူးရုံးတွင်လိုအပ်ချက်ရှိသော အရာထမ်းဝန်ထမ်း ဦးစီးအရာရှိတစ်ဦးနှင့် အမှုထမ်းဝန်ထမ်း လူဝင်မှုကြီးကြပ်ရေးမှူးတစ်ဦးတို့ အင်အားဖြည့်တင်းပေးနိုင်ရေးအတွက် ဦးစားပေးကာ အမြန်ဆုံးဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း၏ တမူးမြို့မှ တစ်ဖက်နိုင်ငံ နယ်စပ်မြို့သို့ ခုနစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန်ပတ်စပို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရရှိရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက တမူးမြို့မှ တစ်ဖက်နိုင်ငံ နယ်စပ်မြို့သို့ ခုနစ်ရက်ပတ်စပို့ သို့မဟုတ် နေ့ချင်းပြန်ပတ်စပို့ဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ပြုနိုင်ရေးအတွက် မြန်မာနှင့် အိန္ဒိယနိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စာချုပ်ချုပ်ဆိုပြီးပါက နယ်စပ်ဝင်ထွက်ပေါက်များ တရားဝင်သတ်မှတ်ပြီး နှစ်နိုင်ငံသားများအား နယ်စပ်ဖြတ်သန်းသွားလာခွင့် လက်မှတ်များဖြင့် တရားဝင်ကူးသန်းသွားလာခွင့်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာဦးစံရွှေဝင်း၏ **နိုင်ငံတော်၏ ကျန်းမာရေး၊ ပညာရေး၊ လုပ်သားအင်အား၊ လူမှုရေးဖွံ့ဖြိုးမှု၊ စီးပွားရေးဖွံ့ဖြိုးမှုများကို စဉ်းစားခြင့်ချိန်သုံးသပ်ပြီး "အမျိုးသားလူဦးရေမူဝါဒ" ချမှတ်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ၏ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပညာရေးဌာနများတွင် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းရာ၌ မြန်မာအက္ခရာအပြင် သက်ဆိုင်ရာ တိုင်းရင်းသားအလိုက်အက္ခရာ သို့မဟုတ် နိုင်ငံတကာသုံး အင်္ဂလိပ်အက္ခရာနှင့်ပါ ဖြည့်စွက်ရေး သွင်းခွင့်ပြုရန် အစီအစဉ် ရှိ မရှိ** မေးခွန်း၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **ဆောက်လုပ်ရေးလုပ်ငန်းများ၊ သင်္ဘောကျင်းများ၊ စက်ရုံအလုပ်ရုံများတွင် လုပ်ငန်းခွင်ဝင်ရောက်မည့် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Safety Course သင်တန်းများ ပို့ချပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းတို့ကိုလည်း အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် တင်သွင်းသည့် **"အကြောင်းအမျိုးမျိုးဖြင့် နိုင်ငံပြင်ပသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြရသော မြန်မာနိုင်ငံသားများသည် ပြည်ပနိုင်ငံများ၏ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မူဝါဒများနှင့် အခြားသော အကြောင်းရပ်တို့ကြောင့် အခက်အခဲများစွာ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိနေသဖြင့် ၎င်းတို့ ဆက်လက်ရပ်တည်နိုင်ရေးနှင့် နိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာကြပါက ထိရောက်သော ကူညီစောင့်ရှောက်မှုပေးနိုင်ရေးအတွက် သင့်လျော်သည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က အစိုးရက ရွှေ့ပြောင်းလုပ်သားများအတွက် စောင့်ရှောက်ကူညီမည်ဆိုပါက မြေပြင်ပကတိအခြေအနေအတိုင်း လွှမ်းခြုံရန်လိုအပ်မည်ဟု အကြံပြုလိုပါကြောင်း၊ ထို့ပြင် တရားမဝင် သွားရောက်လုပ်ကိုင်သည့် လူများသည် အခက်အခဲ၊ စိမ်ခေါ်မှုများ ကြုံတွေ့ရမည်ဖြစ်သည့်အတွက် တရားဝင်သွားရောက်လုပ်ကိုင်ခြင်းဖြစ်အောင်၊ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်သည့်အတွက် ပြည်ပသို့ ရွှေ့ပြောင်းလုပ်သားအဖြစ်သွားသူတိုင်းကို တရားဝင်ဖြစ်အောင် ၎င်းတို့လက်လှမ်းမီသည့် အခြေအနေများဖြစ်ရန် လိုအပ်ချက်များကို ပြုပြင်ဖန်တီးရန် လိုအပ်ပါကြောင်း၊ ပြည်ပတွင် နှစ်ချီအလုပ်လုပ်ခဲ့ပြီး ရရှိလာသည့် လုပ်ငန်းကျွမ်းကျင်မှုများနှင့် မိမိနိုင်ငံအတွက် ပြန်လည်အသုံးချနိုင်အောင် စီမံဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး(ခ)ဦးစိုင်းဝင်းအေးက ပြည်ပသို့ သွားရောက် အလုပ်လုပ်ကိုင်နေကြသည့် မိမိတို့နိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံများ၏ ပြောင်းရွှေ့လုပ်သားများအပေါ်ထားရှိသည့် မူဝါဒပြောင်းလဲလာခြင်းနှင့် ဥပဒေများပြင်ဆင်ပြဋ္ဌာန်းလာခြင်းတို့ကြောင့် ပြည်ပတွင် ဆက်လက်အလုပ်လုပ်ကိုင်ရန် အဆင်မပြေကြသည့်အတွက် ပြည်တွင်းကို တဖွဲဖွဲဝင်ရောက်လာသူများမှာ သိန်းနှင့် ချီနေပြီဖြစ်ပါကြောင်း၊ ၎င်းတို့ အမိနိုင်ငံတွင်းသို့ ပြန်လည်ဝင်ရောက်လာသည့်အခါ တရားမဝင် အလုပ်သမားတွေ ဖြစ်နေကြသည့်အတွက် နယ်စပ်အဝင်ဂိတ်များတွင် တာဝန်ကျသူများက ငွေညှစ်ခြင်းများ ကြုံတွေ့ခံစားနေကြရကြောင်း၊ ယင်းအခက်အခဲများ အဆင်ပြေစေရန်အတွက် အစိုးရ၏ ထိရောက်မြန်ဆန်သည့် တုံ့ပြန်မှု လိုအပ်လျက်ရှိနေပါကြောင်း၊ အခက်အခဲဖြစ်၍ ပြန်လာကြသူများ အခက်အခဲမဖြစ်ရအောင် အစိုးရအနေဖြင့် ပံ့ပိုးကူညီပေးသွားရန် လိုအပ်နေပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ ဆားလင်းကြီး မဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ အလုပ်အကိုင်ရရှိရေးနှင့် အလုပ်သမားများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးလုပ်ငန်းများသည် နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများ၊ အလုပ်အကိုင်ဆိုင်ရာမူဝါဒများကို တိကျစွာ ရေးဆွဲသတ်မှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပြင်ပသို့ သွားရောက်ကြသည့် နိုင်ငံသားများ ပြည်ပနိုင်ငံများမှရောက်ရှိသည့်အခါ မိမိနိုင်ငံသားများအနေဖြင့် တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ အထောက်အထားရှိသည့်သူဖြစ်စေ၊ အထောက်အထားမရှိသည့်သူဖြစ်စေ၊ မိမိနိုင်ငံသားများဖြစ်သည့်အတွက် အစွမ်းကုန် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါအကြောင်းအရာများသည် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနအားလုံးက ဘက်စုံကဏ္ဍစုံသုံးသပ်ကာ စဉ်ဆက်မပြတ် ဆောင်ရွက်နေသည့် လုပ်ငန်းဖြစ်သည့်အတွက် မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

ထို့ပြင် အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့သော **"၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်း"**အား လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

## သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာသိနားလည်မှုဟောပြောပွဲ ဟားခါးကောလိပ်၌ ကျင်းပမည်

**ဟားခါး ဖေဖော်ဝါရီ ၅**

ချင်းပြည်နယ် ဟားခါးမြို့ ဟားခါးကောလိပ်၌ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူများအား Alumni Engagement Innovation Fund (AEIF) ၂၀၁၇ အစီအစဉ်အရ သတင်းအချက်အလက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှုပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲ ၂ နာရီတွင် ဟားခါးကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ရန်ကုန်မြို့ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် သတင်းအတတ်ပညာဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာဇင်မာကျော်က 'သတင်းအချက်နှင့် မီဒီယာဆိုင်ရာ သိနားလည်မှု' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။

သတင်းအချက်အလက်များ၏အရေးပါမှု၊ မှန်ကန်သော သတင်းအချက်အလက်များကို စိစစ်ဝေဖန်သုံးသပ်ကာ လက်ဆင့်ကမ်းဖြန့်ဝေခြင်း နည်းလမ်းများ၊ သတင်းမှားမှန်ခွဲခြားမှုနည်းလမ်းများနှင့် ဆိုရှယ်မီဒီယာ၏ ကောင်းကျိုးဆိုးကျိုးများကို လူငယ်များသိရှိကြစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး ယင်းဟောပြောပွဲများနှင့် အသိပညာပေးသင်တန်းများကို ချင်းပြည်နယ်မြောက်ပိုင်းရှိ ဖလမ်းနှင့် တီးတိန်မြို့အပါအဝင် အခြားမြို့များတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

# ပုဏ္ဏားကျွန်းစက်မှုဇုန်၌ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို အခြားဒေသများထက် ပိုမိုခံစားရရှိနိုင်မည်

**နေပြည်တော်  ဖေဖော်ဝါရီ ၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၂)ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းစက်မှုဇုန်သည် ပထမအကြိမ် လွှတ်တော်သက်တမ်းကာလကပင် စတင်ခဲ့ရာ ယနေ့အချိန်ထိဆိုလျှင် ၆ နှစ်ခန့်မျှ ကြာမြင့်ပြီဖြစ်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ ပြီးစီးမှုအခြေအနေများနှင့် နောက်နှစ်မည်မျှကြာကြာလုပ်ဆောင်ရမည့် အခြေအနေများကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်တွင် စက်မှုဇုန်တည်ဆောက်ရန်အတွက် ပုဏ္ဏားကျွန်းမြို့နယ် ကင်းချောင်းရွာတောင်ဘက် ရန်ကုန်-စစ်တွေကားလမ်း၏ အရှေ့ဘက်ခြမ်းတွင် စုစုပေါင်း ဧရိယာ ၁၉၆၃ ဒသမ ၇၄ ဧကခန့် လျာထားသတ်မှတ်ထားခဲ့ပါကြောင်း၊ ယခင် အစိုးရလက်ထက်တွင် ပုဏ္ဏားကျွန်းစက်မှုဇုန်ကို စက်မှုဇုန်အမှတ်(၂၂)အဖြစ် သတ်မှတ်ခွင့်ပြုထားခဲ့ပြီး စက်မှုဇုန်ဖော်ထုတ်ရန်အတွက် ၂၀၁၅ ခုနှစ်က တင်ဒါခေါ်ယူခဲ့ရာ Supreme Development Co.,Ltd. နှင့် Myanmar Kyauk Phyu Special Economic Zone Holding Public Co.,Ltd. တို့မှ အဆိုပြုတင်သွင်းခဲ့ကြပါကြောင်း။

တင်သွင်းခဲ့သည့် အဆိုပြုလွှာများကို စိစစ်ပြီး Myanmar Kyauk Phyu Special Economic Zone Holding Public Co.,Ltd.ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ရွေးချယ်ခဲ့ပါကြောင်း၊ အဆိုပါကုမ္ပဏီနှင့် နားလည်မှုစာချွန်လွှာ MoU ကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၆ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၄ လ တစ်ကြိမ် သက်တမ်းတိုးခဲ့ရာ တတိယအကြိမ်သက်တမ်းတိုးပြီး နောက်ထပ် ၄ လအကြာတွင် စတုတ္ထအကြိမ် အဖြစ် ကုမ္ပဏီမှ MoU ဆက်လက်ရေးထိုးရန် ပျက်ကွက်ခဲ့၍ ၂၀၁၇ ခုနှစ် ဧပြီ ၁၂ ရက်တွင် စာချုပ်ဆက်လက်ချုပ်ဆိုခြင်းကို ရပ်ဆိုင်းခဲ့ရပါကြောင်း။

ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် အစ္စရေးနိုင်ငံ Exo World Group Co. မှ တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း၊ အေးခဲသိုလှောင်ရုံ၊ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းနှင့် အစာစပ် လုပ်ငန်း၊ စက်ယန္တရား၊ ငါးဖမ်းရေယာဉ်များ၊ သယ်ယူပို့ဆောင်ရေးရေယာဉ်များတွင် အသုံးပြုမည့် လောင်စာနှင့် စက်သုံးဆီသိုလှောင်ရုံများ တည်ဆောက်ခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြေဧက ၅၀ ငှားရမ်းရေးကိစ္စကို ၂၀၁၇ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ကျင်းပခဲ့သည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးတွင် ခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ကို Exo World Group Co. အနေဖြင့် တင်ပြပါလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ရန် ခွင့်ပြုကြောင်းနှင့် သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် အကြောင်းကြားထားပြီးဖြစ်ပါကြောင်း။

စက်မှုဇုန်၏ Conceptual Plan ဧရိယာသည် အသေးစားနှင့်အလတ်စားစက်ရုံများ၊ အထည်ချုပ်နှင့် အထည်အလိပ်လုပ်ငန်းများ၊ မွေးမြူရေးနှင့် ပုစွန်၊ သားငါးထုတ်လုပ်ရေးစက်ရုံများ၊ သစ်အချောထည်လုပ်ငန်းစက်ရုံများ ပါဝင်မည်ဖြစ်ပါကြောင်း၊ သတ်မှတ်ဇုန်ဧရိယာများအတွင်း ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုသည့် စီးပွားရေးကုမ္ပဏီ၊ အဖွဲ့အစည်းများကို ကျယ်ကျယ်ပြန့်ပြန့်ဖိတ်ခေါ်၍ သင့်လျော်သော သတ်မှတ်ဈေး၊ အခွန်တို့ဖြင့် စနစ်တကျ နေရာချထားပေးသွားမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုနည်းပါးသောဒေသတွင် ပါဝင်သည့်အတွက် ပုဏ္ဏားကျွန်းစက်မှုဇုန်အတွင်း လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခံစားခွင့်ရရှိမည့် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို အခြားဒေသများထက် ပိုမိုခံစားရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအား ဆက်လက်ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီမှ လုပ်ငန်းဆောင်ရွက်မှုများသည် အထူးခံစားခွင့်များနှင့်အတူ တိုးတက်အောင်မြင်လာသည်နှင့်အမျှ ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ လာရောက်၍ ရင်းနှီးမြှုပ်နှံဆောင်ရွက်လာကြမည်ဖြစ်ပြီး အမြန်ဆုံးအကောင်အထည်ပေါ်လာနိုင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဖေတင်၏ **အစိုးရအောင်ဘာလေထီဆုငွေများ ထုတ်ယူရာတွင် အနည်းဆုံးတန်ဖိုးငွေကျပ်သောင်းဂဏန်းမှ အများဆုံး ငွေကျပ်ငါးသိန်း သို့မဟုတ် ငွေကျပ်ဆယ်သိန်းအထိကို သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှတစ်ဆင့် ထုတ်ယူစေပြီး ကျန်ဆုမဲကြီးများအား ပုံမှန်ထုတ်ပေးနေကျ နည်းလမ်းများအတိုင်း ငွေထုတ်ပေးသည့်စနစ်ကို ဆုကြေးနည်း ထုတ်ယူသူများအတွက် ဖြေလျှော့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲအနေဖြင့် အောင်ဘာလေထီလက်မှတ်များကို လစဉ်ဖြန့်ဝေရောင်းချလျက်ရှိရာ ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေပေးပြီး ကျန် ၄၀ ရာခိုင်နှုန်းကို နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အခွန်ဘဏ္ဍာအဖြစ် ရယူလျက်ရှိပါကြောင်း၊ အဆိုပါ ၆၀ ရာခိုင်နှုန်းထီဆုငွေများနှင့် ငွေကျပ်သိန်း ၅၀၀၀ အပါအဝင် ဆုငွေများကို အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်နှင့် မန္တလေးရုံးခွဲတို့တွင်လည်းကောင်း၊ ဆုကြေးနည်းထီပေါက်သူများအနေဖြင့် လွယ်ကူအဆင်ပြေစွာ ဆုကြေးထုတ်ယူနိုင်စေရန်အတွက် ငွေကျပ် ၁၀ သိန်းအထိ ဆုငွေများကို မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း ထုတ်ပေးလျက်ရှိပါကြောင်း။

အောင်ဘာလေထီလက်မှတ် ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ထီဆုငွေအဖြစ် ပြန်လည်ခွဲဝေပေးရာတွင် ထီဆုငွေများကို မည်သည့်မြို့နယ်၊ မည်သည့်ရုံးတို့တွင် မည်သည့်ထီဆုငွေပမာဏ ထုတ်ယူမည်ကိုခန့်မှန်း၍ ကြိုတင်ဘတ်ဂျက်ခွဲဝေရန် ခက်ခဲပါသဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ ရန်ကုန်နှင့် မန္တလေးရုံးခွဲများတွင်သာ ငွေစာရင်းဖွင့်လှစ်ထိန်းသိမ်းထားရခြင်းဖြစ်ပါကြောင်း၊ ဆုငွေလာရောက်ထုတ်ယူပါက နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထီဖွင့်ပွဲပြီးနောက်ရက်မှ စတင်၍ ထီဆုငွေများကို စတင်ထုတ်ပေးနိုင်ရန် စီစဉ်ထားရှိပါကြောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ငွေကျပ် ၁၀ သိန်းအထိ ထီဆုငွေများကို ရက်သတ္တပတ်အတွင်း ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြမင်းဆွေ၏ **ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီမှ မြို့ဝင်မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများ ဖွင့်လှစ်၍ ငွေကောက်ခံနေခြင်းကို ရပ်ဆိုင်းပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များကို မြို့ဝင်၊ မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများဖွင့်လှစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေများအရ ဥပဒေနှင့်အညီ ကောက်ခံနေခြင်းဖြစ်သည့်အတွက် ဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်း၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့သည် မြို့ဝင်၊ မြို့ထွက်များတွင် ငွေကောက်ခံရေးစခန်းများဖွင့်လှစ်၍ အခကြေးငွေများ ကောက်ခံနေခြင်းမရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် မတ် ၁ ရက်မှစ၍ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများမှ မြို့ဝင်၊ မြို့ထွက်များ၌ငွေကြေးကောက်ခံနေခြင်းများကို လုံးဝကောက်ခံခြင်း မပြုရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက် အထိသာ ကောက်ခံ၍ ၂၀၁၈ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း။

ကချင်ပြည်နယ် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ ကြီးကြပ်ရေးကော်မတီများအနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ အဆုံးအဖြတ်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် မြို့ဝင်၊ မြို့ထွက်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာခြင်းရှိ၊ မရှိ ရှောင်တခင်စစ်ဆေးခြင်းလုပ်ငန်းကိုသာ ဆောင်ရွက်စေပြီး ယာဉ်ရပ်နားစခန်းများတွင်သာ ကောက်ခံစေရေးကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် ပဲခူးမြို့အဝင် TOLL GATE အနီးတွင် တိုင်းယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ တိုင်းကျော်လုပ်ငန်း လိုင်စင်ရှိသော ယာဉ်များအား ယာဉ်စည်းကြပ်ခ တစ်စီးလျှင် ငွေကျပ် ၅၀၀ နှုန်းကို ယခင်အစိုးရလက်ထက်က ထုတ်ပြန်ခဲ့သည့် စီမံချက်အရ ကောက်ခံနေခြင်းဖြစ်ပြီး ယခုအစိုးရအနေဖြင့် ဆက်လက်ကောက်ခံရန် သင့်၊ မသင့်ကို Cabinet အစည်းအဝေးတွင် ဆုံးဖြတ်ပြီး နှစ်လအတွင်း စာဖြင့် ပြန်လည်ဖြေကြားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် မြို့ဝင်၊ မြို့ထွက် ငွေကောက်ခံရေးစခန်းများ မရှိပါကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှသာ မြို့ဝင်ကြေးဘီးခွန်ကောက်ခံလျက်ရှိပါကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပေါင်းစပ်ဖြေကြားချက်များနှင့်အတူ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေနှင့် ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေက **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု ONE VILLAGE ONE PRODUCT(OVOP)ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ (RURAL DEVELOPMENT STRATEGY) အစီအစဉ်အား ဆင်းရဲသော ပြည်နယ်နှင့် တိုင်းဒေသကြီးများအား ဦးစားပေးလျက် သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဘဏ္ဍာငွေတစ်ရပ် ထည့်သွင်းရေးဆွဲကာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးရရှိရေးဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်နိုင်ရေး၊ နိုင်ငံသူ နိုင်ငံသားများ လူနေမှုအဆင့်အတန်းမြှင့်တင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကဏ္ဍ ထွန်းကားရေး၊ ဒေသထွက်ကုန်ကြမ်းပေါ်တွင် အခြေခံ၍ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပသို့တင်ပို့ရန်အတွက် အဆင့်မြင့်ကုန်ချော ထုတ်လုပ်ရေးတို့အတွက် ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သူဦးရေ ၆၅ ဒသမ ၆ ရာခိုင်နှုန်းရှိသောကြောင့် အလုပ်လုပ်နိုင်သော လူဦးရေမြင့်မားနေခြင်းသည် နိုင်ငံတိုးတက်မှုအတွက် အားသာချက်ဖြစ်ပါကြောင်း၊ အဆိုပါ အားသာချက်ကို အမိအရဆုပ်ကိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းက နိုင်ငံအတွက် တိုးတက်မှုကို ဆောင်ကြဉ်းနိုင်သော အနေအထားဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဒေသ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးအတွက် ကိုယ်ထူကိုယ်ထဆောင်ရွက်နိုင်စွမ်းကို စုစည်းဖော်ထုတ်ပေးရန် ဖြစ်ပါကြောင်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်းနှင့်တီထွင်ဖန်တီးမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနှင့် ဒေသနှင့်လျော်ညီစွာတွေးပြီး ကမ္ဘာနှင့် ကိုက်ညီအောင် လုပ်ဆောင်နိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ အလုပ်လုပ်နိုင်သူများကို အလုပ်လုပ်နိုင်ရန်အတွက် အခက်အခဲ၊ အရင်းအနှီး၊ နည်းပညာတို့အတွက် အစိုးရက ကူညီရန်လိုအပ်ပါကြောင်း၊ ပံ့ပိုးမှုများဆောင်ရွက်ပေးပါက မိသားစုတစ်စုချင်း၏ ဝင်ငွေ၊ တစ်ရွာချင်း၊ တစ်မြို့ချင်းဝင်ငွေ ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးဝင်ငွေ မြင့်မားလာမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုအား လက်ခံဆွေးနွေးရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## တရားမအထူးအယူခံမှု ခုနစ်မှုကိုစီရင်ချက်ချ၊ လေးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်  ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု ခုနစ်မှုကိုစီရင်ချက်ချမှတ်ပြီး၊ တရားမအထူးအယူခံမှု လေးမှုကို ကြားနာကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပင်လုံတွင် သက်သေထူခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်မှု ထာဝစဉ်ရှင်သန်ရေး

မောင်သောင်းဝင်း(တမန်ဟောင်း)

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများသည် နှစ်စဉ် ဖေဖော်ဝါရီလရောက်ပြီဆိုလျှင် လွန်ခဲ့သော အတိတ်ကသမိုင်းဝင်နေ့တစ်နေ့ကို ပြန်လည်အောက်မေ့သတိရကြသည်။ ထိုစဉ်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားခေါင်းဆောင်များသည် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လုံမြို့လေးတွင် မြန်မာပြည်လွတ်လပ်ရေးအတွက် အသက်တမျှအရေးပါသော သမိုင်းဝင်စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုစာချုပ်လက်မှတ်ရေးထိုးနိုင်မှုကြောင့် တစ်နှစ်အတွင်း တစ်နိုင်ငံလုံးလွှမ်းခြုံသောလွတ်လပ်ရေးကြီးကို နယ်ချဲ့တို့ထံမှ အရယူနိုင်ခဲ့သည်။ အမှန်စင်စစ်မှာမူ နယ်ချဲ့တို့သည် တောင်တန်းနှင့် ပြည်မကိုသွေးခွဲပြီး ဆက်လက်အုပ်ချုပ်လိုခြင်းပင်ဖြစ်သည်။

### သူ့ကျွန်ဘဝကျရောက်ခဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများလက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာ ရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် အင်္ဂလိပ်နယ်ချဲ့တို့က ဘကြီးတော်ဘုရားလက်ထက် ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ သီပေါမင်းလက်ထက် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ခေတ်မီစစ်လက်နက်များဖြင့် ကျူးကျော်စစ် သုံးကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံးသူ့ကျွန်ဘဝရောက်ခဲ့ရသည်။ သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၂၀ ကျော်နေခဲ့ရသည်။

### လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်

ဒုတိယကမ္ဘာစစ်ပွဲ ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် “အင်္ဂလိပ်အခက်ဗမာအချက်”ဟုဆိုကာ အခြေအနေနှင့် အချိန်အခါအရ ဂျပန်များနှင့် ပူးပေါင်း၍ အင်္ဂလိပ်ကို မောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် “ကျားကိုကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး” ဆိုသကဲ့သို့ ဂျပန်တို့သည် အင်္ဂလိပ်တို့ထက် ဆိုးလာကြသည်။ ပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ခဲ့ရပြန်သည်။

ဖက်ဆစ်ဂျပန်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးချက်ချင်းမရခဲ့ပေ။ ဂျပန်ပြေးသည့် အချိန်တွင် နောက်တစ်ကြိမ်ပြန်ဝင်လာသော အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးရန် အချိန်ဆွဲခဲ့ကြသည်။ တောင်တန်းနှင့် ပြည်မအား သွေးခွဲအုပ်ချုပ်မှုဖြင့် ဆက်လက်စိုးမိုးခြယ်လှယ်ရန် ကြံစည်ခဲ့ကြသည်။ လွတ်လပ်ရေးမပေး၍ မရသည့် အခြေအနေတွင် တောင်တန်းနှင့် ပြည်မကို ခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပြန်သည်။ မည်သို့ပင်ဆိုစေကာမူ ပင်လုံကို သက်သေတည်လိုက်သဖြင့် နယ်ချဲ့တို့သည် ၎င်းတို့၏ ပက်စက်သောအကြံအစည်ကို စွန့်လွှတ်ခဲ့ကြရသည်။

### လွတ်လပ်ရေးအတွက် လန်ဒန်သို့ထွက်ခွာ

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးနိုင်ရန်အတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လန်ဒန်သို့ ထွက်ခွာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နန်းရင်းဝန်အက်တလီ ဦးဆောင်သော ဗြိတိသျှကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးစဉ် တောင်တန်းဒေသပြည်နယ်များနှင့် ပြည်မတို့ပူးပေါင်းလျက် ပြည်ထောင်စုပုံသဏ္ဌာန်ဖြင့် လုံးဝလွတ်လပ်ရေးပေးရန် တိကျပြတ်သားစွာ တောင်းဆိုခဲ့သည်။

ထိုသို့ နှစ်ဖက်ဆွေးနွေးနေစဉ် “အောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားမပြုပြည်မမှ မြန်မာခေါင်းဆောင်တစ်ဦးသာဖြစ်သည်”ဟူသော ကြေးနန်းစာတစ်စောင်သည် ရှမ်းပြည်နယ် စော်ဘွားနှစ်ဦးအမည်ဖြင့် ဗြိတိသျှအစိုးရထံသို့ ရောက်ရှိလာခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုင်းပြည်လွတ်လပ်ရေးအတွက် စိုးရိမ်ပူပန်ခဲ့ကြရသည်။

သို့သော် နှစ်ရက်အကြာတွင် ကြေးနန်းတစ်စောင်ထပ်ရောက်လာခဲ့သည်။ ထိုကြေးနန်းစာတွင် “ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကို ကိုယ်စားပြုသော ခေါင်းဆောင်ဖြစ်ကြောင်း၊ တောင်တန်းဒေသမှ တိုင်းရင်းသားပြည်သူများအတွက် အရေးဆိုရန် အကြွင်းမဲ့ထောက်ခံကြောင်း တောင်ကြီးမြို့၌ ကျင်းပသည့် လူထုအစည်းအဝေးကြီးက တစ်ခဲနက်ထောက်ခံဆုံးဖြတ်ကြောင်းနှင့် ပဒေသရာဇ်စနစ်အောက်မှ အလျင်အမြန်လွတ်မြောက်ရေးကို တောင်းဆိုကြောင်း” ဖြင့် တိကျပြတ်သားစွာ ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အာမခံချက်ပေးသော အောင်ဆန်း-အက်တလီစာချုပ်ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်တွင် တောင်တန်းဒေသများသည် ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူပါကပြည်မရော တောင်တန်းဒေသများပါ လွတ်လပ်ရေးပေးမည်ဟုပါရှိသည်။ ပရိယာယ်များလှသော နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခါနီးတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြံရွယ်ခဲ့ကြသည်။

### သမိုင်းဝင်ပင်လုံစာချုပ်

မည်သို့ပင်ဆိုစေကာမူ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မအကြား ရေကိုသားလှျင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တလုံးတစည်းတည်း နေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့် ပင်လုံစာချုပ်ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို “ပြည်ထောင်စုနေ့”အဖြစ် သတ်မှတ်ခဲ့သည်။ နှစ်စဉ် ထိုနေ့ထိုရက်ရောက်ရှိလျှင် နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့ အခါသမယကြီး ကျရောက်တော့မည်ဖြစ်သည်။

### ပြင်ပ ပယောဂကို သိရှိရန်လို

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အမှတ်(၁၀) ဒေါင်းနင်းလမ်း၌ နန်းရင်းဝန် အက်တလီနှင့်တွေ့ဆုံစဉ် “ကျုပ်တို့ဗမာပြည်အကြောင်း ပြောကြားတဲ့အခါတိုင်း စည်းလုံးညီညွတ်ပြီး လွတ်လပ်တဲ့ဗမာပြည် တစ်ပြည်လုံးကို မျက်စိထဲမှာ မြင်ယောင်ပြီး ပြောတာဖြစ်တယ်၊ ကျုပ်တို့တစ်ပြည်လုံး စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်ရာမှာ ကျွန်ုပ်တို့နိုင်ငံတွင်းမှာရှိတဲ့ လူမျိုးစုအားလုံးကို ပြင်ပပယောဂမပါဘဲ လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခွင့်ပေးရင် ကျွန်ုပ်တို့ မကျော်လွှားနိုင်တဲ့ အခက်အခဲဆိုလို့ ဘာမျှရှိမှာမဟုတ်ဘူး၊ အားလုံးစည်းလုံးညီညွတ်လာမှာ အမှန်ပါပဲ” ဟု အနှစ်သာရရှိသောစကားကို အတိအလင်း ပြောကြားခဲ့သည်။

### လက်ရှိအချိန်အထိ မှန်ကန်နေ

ဗိုလ်ချုပ်၏စကားသည် လက်ရှိအချိန်အထိ မှန်ကန်နေဆဲပင်ဖြစ်သည်။ တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် နိုင်ငံတော်အစိုးရက ကမ်းလှမ်းထားသော်လည်း တချို့သောလက်နက်ကိုင်အဖွဲ့အစည်းများသည် အတိတ်ကို ဖက်တွယ်ထားဆဲပင်ဖြစ်သည်။ လက်ရှိပကတိအခြေအနေကို လက်တွေ့ကျကျ ရှုမြင်လိုခြင်းမရှိသေးပေ။ ထိုသို့ဆိုလျှင် အနာဂတ်ငြိမ်းချမ်းရေးသည် ဝေဝါးနေမည်သာဖြစ်သည်။

တချို့သောလက်နက်ကိုင် အဖွဲ့အစည်းများသည် ပြင်ပပယောဂဝင်နှောင့်မှု၊ သိမ်းသွင်းမှုကို ခံနေရဆဲပင်ဖြစ်သည်။ ဆိုလိုသည်မှာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ အေးအတူပူအမျှ အတူတကွနေထိုင်ခဲ့ကြသည့် ညီအစ်ကိုချင်းကို မယုံကြည်ဘဲ ကြိုးကိုင်သူများ အလိုကျ လိုက်ကနေဆဲပင်ဖြစ်သည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်၊ မရှိအတူ၊ ရှိအတူ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများအကြား စားပွဲဝိုင်းတွင် ဆွေးနွေးတိုင်ပင်ညှိနှိုင်းသွားမည်ဆိုလျှင် Win-Win ရလဒ်ရရှိနိုင်ပေသည်။ မတူညီမှုများကိုဖယ်ရှားကာ တူညီသောအချက်များဖြင့် စတင်ဆွေးနွေးအဖြေရှာသင့်နေပြီဖြစ်သည်။

### အားလုံးအတွက် ထာဝရငြိမ်းချမ်းရေး

အစိုးရအဆက်ဆက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ကမ်းလှမ်းခဲ့သည်။ ထိုသို့ကြိုးပမ်းအားထုတ်မှုများကြောင့် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့မှ ခေါင်းဆောင်များသည် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် နေပြည်တော်၌ နိုင်ငံသားအားလုံးမျှော်လင့်တောင့်တနေသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) ကို အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ထို့ပြင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ကလည်း မကြာခင် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဇန်နဝါရီလ ၂၃ ရက်နေ့ ရက်စွဲဖြင့် သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ ထိုနှစ်ဖွဲ့ လက်မှတ်ရေးထိုးပြီးချိန်တွင် NCA လက်မှတ်ရေးထိုးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့အထိ ရှိလာတော့မည်ဖြစ်သည်။

### မောင်းနှင်အား

နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှ မောင်းထုတ်ပြီးနောက် လွတ်လပ်ရေးရရှိအောင် ဆောင်ကြဉ်းနိုင်ခဲ့သော်လည်း ကိုလိုနီအမွေဆိုးများကမူ ကျန်ခဲ့သည်။ တိုင်းရင်းသားညီအစ်ကိုများအကြား စိတ်ဝမ်းကွဲပြီး တစ်ဦးနှင့်တစ်ဦး သံသယဝင်ကာ လက်နက်စွဲကိုင်ခဲ့ကြသည်။ အချို့သော တိုင်းရင်းသားများသည် လက်ရှိအချိန်အထိ လက်နက်စွဲကိုင်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံသော ငြိမ်းချမ်းရေးကို အပြည့်အဝ တည်ဆောက်နိုင်ခြင်းမရှိသေးဘဲ အချို့သောဒေသများတွင် သေနတ်သံများကြားနေရဆဲပင်ဖြစ်သည်။ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။

အမှန်စင်စစ်မှာမူ လက်နက်စွဲကိုင်တောင်းဆိုမှုများသည် အကျိုးမရှိသောလုပ်ရပ်များပင်ဖြစ်သည်။ တိုင်းရင်းသားညီအစ်ကိုများအကြား တစ်ဦးနှင့် တစ်ဦး ယုံကြည်မှုတည်ဆောက်ကြရမည်ဖြစ်သည်။ ယုံကြည်မှုတည်ဆောက်သည် ဆိုရာတွင် ဦးစွာ မိမိကိုယ်ကိုယ် ယုံကြည်မှု စတင်တည်ဆောက်ရမည်ဖြစ်သည်။ သတ္တိမွေးကြရမည်ဖြစ်သည်။

စာမျက်နှာ ၇ သို့ »»



> “ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မအကြား ရေကိုသားလှျင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီးကျင်းပခဲ့ရာ တိုင်းရင်းသားခေါင်းဆောင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်းအမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှ တလုံးတစည်းတည်း နေထိုင်ကြ မည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြ”

»»» စာမျက်နှာ ၆ မှ
မိမိကိုယ်ကိုယ် ယုံကြည်မှုရှိနေမှသာလျှင် တစ်ဖက်သားအပေါ် ယုံကြည်နိုင်မည်ဖြစ်သည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရန်အတွက် အသက်တမျှအရေးပါလျက်ရှိသည်။ စည်းလုံးညီညွတ်မှုအင်အား ချည့်နဲ့ယိုယွင်းလာသော နိုင်ငံသည် အဘက်ဘက်မှ အနုတ်လက္ခဏာဆောင်လာမည်ဖြစ်သည်။ ထို့ပြင် စည်းလုံးညီညွတ်မှု ပြိုကွဲလျှင် နိုင်ငံလည်း အစိတ်စိတ်အမြွှာမြွှာပြိုကွဲသွားနိုင်ပေသည်။ မည်သို့ပင်ဆိုစေကာမူ တိုင်ရင်းသား စည်းလုံးညီညွတ်ရေးသည် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် မောင်းနှင်အား တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားရန်လိုအပ်နေမည်ဖြစ်သည်။ ငြိမ်းချမ်းရေးမရရှိသေးသည့် ပြည်နယ်များရှိ ဒေသခံပြည်သူများသည် ရည်ရွယ်ချက်မဲ့သော စစ်ပွဲများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်သည်။

**စည်းလုံးခြင်းသည်အင်အား**

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့တွင် စုပေါင်းအားဖြင့် ကြိုးပမ်းအားထုတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် ညက ပင်လုံမြို့၌ ပြုလုပ်သည့်စော်ဘွားများထမင်းစားပွဲတွင် မြွက်ကြားခဲ့သည့်အချက်များအနက်မှ အချို့ကိုကောက်နုတ်ဖော်ပြရလျှင် "တစ်တိုင်းပြည်လုံးကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ ပူးပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"ဟု တိုက်တွန်းပြောကြားခဲ့သည်။

တိုင်းရင်းသား ညီအစ်ကိုများအကြား အပြန်အလှန်နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြရမည် ဖြစ်သည်။ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေး တစ်ရက်စောပြီး တည်ဆောက်နိုင်လျှင် ပြည်သူများအတွက် တစ်ရက်စောပြီး အကျိုးရှိမည်ဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မြန်ဆန်လေ ကောင်းမွန်လေပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအကြား ၁၉၄၇ ခုနှစ်က ပင်လုံတွင် တည်ဆောက်ခဲ့သောစည်းလုံးညီညွတ်မှုမျိုး၊ နားလည်ယုံကြည်မှုပုံစံမျိုးကို ပြန်လည်ရရှိအောင် တည်ဆောက်သွားသင့်ပါသည်။ စည်းလုံးခြင်းသည် ခွန်အားပင် မဟုတ်ပါလား။

ခြုံ၍တင်ပြရလျှင် တိုင်းရင်းသားညီအစ်ကိုများသည် လွန်ခဲ့သော (၇၁)နှစ်က ပင်လုံမြို့ကလေးတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်။ အမှန်စင်စစ်မှာမူ လွတ်လပ်ရေးအတွက် များစွာအရေးပါသော ပင်လုံစာချုပ်ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ချုပ်ဆိုနိုင်ခဲ့သည်။ တိုင်းရင်းသား ညီအစ်ကိုများသည် ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ပြည်ထောင်စုကြီးအတွင်း ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ နေထိုင်ခဲ့ကြသည့် တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးညီညွတ်မှုကို သက်သေထူခဲ့သော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။ နှစ်စဉ် ထိုနေ့ ထိုရက်ရောက်ရှိချိန်တွင် နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့အခမ်းအနားများကို အနှစ်သာရပြည့်ဝစွာဖြင့် ကျင်းပကြသည်။ စည်းလုံးညီညွတ်မှု၏ အနှစ်သာရကို မျိုးဆက်သစ်များ သိရှိတန်ဖိုးထားတတ်စေရန်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ တိုင်းရင်းသားညီအစ်ကိုများအကြား ပင်လုံတွင် သက်သေထူခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြီး ထာဝစဉ်ရှင်သန်နေအောင် ထိန်းသိမ်းတည်ဆောက်သွားနိုင်ကြပါစေ။ ။

# ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊
၂။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊
၃။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှသည် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေး၊
၄။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုအခမ်းအနားများ ကျင်းပ



**ကျိုက်ဒုံ**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြိုထက်၊ လယ်၊ မူ အဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျိုက်ဒုံမြို့ ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် မူလတန်း ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုနေ့ တို့မမေ့၊ အလယ်တန်း ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုစိတ်ဓာတ်၊ အထက်တန်း ကျောင်းသား ကျောင်းသူများက ပြည်ထောင်စုနှင့်မြန်မာခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုပေးပွဲအခမ်းအနားကို (၇၁)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် မြို့အုပ်ချုပ်ရေးမှူး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းထွန်းနိုင်(ပြန်/ဆက်)**

**ငပုတော**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ငပုတောမြို့ အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

စာစီစာကုံးပြိုင်ပွဲသို့ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများက သတ်မှတ်ထားသော ခေါင်းစဉ်များအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် ဆုများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **လှမင်းထွန်း**

**မယ်စဲ့**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာဖတ်ဝိုင်း ကွင်းဆင်းဆောင်ရွက်ခြင်းကို မယ်စဲ့မြို့နယ် ကျောက်စုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယနေ့ နံနက် ၁၀ နာရီခွဲက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စောဝတ်ရည်က ငြိမ်းချမ်းရေးအပြုံးတို့ဖြင့်ဝေစည် ပင်လုံမြေတွင်သက်သေတည် ခေါင်းစဉ်ဖြင့် ပြည်ထောင်စုနေ့အကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲပြသခြင်းနှင့် စာဖတ်ဝိုင်းဆောင်ရွက်ခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

**မိုင်းယောင်း**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နယ်လှည့်စာကြည့်တိုက် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက ယမ်းခမ်းနှင့် ဟောင်ကွေ့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းတို့၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးစိုင်းအောင်ဇော်လင်းနှင့် အငယ်တန်းစာရေး ဦးအားချာတို့က အသီးတစ်ရာ အညာတစ်ခုတို့ ပြည်ထောင်စုနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးဟောပြောကာ စာပေရေချမ်းစင်စာအုပ်များကို ကျောင်းစာကြည့်တိုက်တွင် လှူဒါန်းခဲ့သည်။ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ခင်းကျင်းပြသထားသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

**မိုင်းဖြတ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် ကျောင်းသားလူငယ်များ ဉာဏစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူလတန်းအဆင့် ပုံပြောပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ Community Centre တွင် ကျင်းပသည်။

ပြိုင်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ် ပညာရေးမှူး ဦးစိုင်းသန်းလူတို့က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးရှောလမွန်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ပုံပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၀ ဦး ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၂ ဦး စုစုပေါင်း ၂၂ ဦးတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ **သန်းထွန်းအေး (ပြန်/ဆက်)**

**တန်းတူညီမျှ အခွင့်အရေးရ ငြိမ်းချမ်းသာယာ ပြည်ထောင်စုမှာ**
**တန်းတူညီမျှ တာဝန်ယူကြ လုံခြုံခိုင်မာ ပြည်ထောင်စုမှာ**

# မြန်မာ-ထိုင်း တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Tarnchaiyan Srisuwan အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသိဒ္ဓိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။

ထို့နောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

**ဆောင်ရွက်နေမှု ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများစေလွှတ်ရေးနှင့် နှစ်နိုင်ငံတပ်မတော် ယဉ်ကျေးမှုအဖွဲ့နှင့် အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ စစ်သင်္ဘောများ အပြန်အလှန်လည်ပတ်ရေး၊ တပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်သူ့ဝန်ထမ်း အဆင့်မြင့်ဒီပလိုမာသင်တန်း မတ်လတွင် ဖွင့်လှစ်မည်



**ရန်ကုန် ဖေဖော်ဝါရီ ၅**
အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ကေတုမတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် ယခင်ပြည်သူ့ရေးရာအုပ်ချုပ်မှုစနစ်ဟောင်းမှ လက်ရှိနိုင်ငံတော်က ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီစနစ်နှင့်လျော်ညီသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုစနစ်သစ်တို့ကို အထောက်အကူပြုပြီး ပြည်သူ့အတွက် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်နိုင်မည့် နိုင်ငံ့ဝန်ထမ်းကောင်းများကို လေ့ကျင့်ပျိုးထောင်မွေးထုတ်ပေးနေပြီဖြစ်ပါကြောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်နှစ်ခုတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA) တစ်ခုစီကို ၂-၁-၂၀၁၇ ရက်နေ့တွင် တစ်ပြိုင်တည်းတည်ထောင်ခဲ့ပြီး ပထမအဆင့်အနေဖြင့် အရာထမ်းလောင်းများနှင့် ပုဂ္ဂလိကဝန်ထမ်းများအတွက် "အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း"ကို အမှတ်စဉ်(၃)အထိ ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ဒုတိယညွှန်ကြားရေးမှူးနှင့်အဆင့်တူအရာရှိများ တက်ရောက်ရမည့် "အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်း အဆင့်မြင့်ဒီပလိုမာသင်တန်း" ကို ၂၀၁၈ ခုနှစ် မတ်လတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ တတိယအဆင့်အနေဖြင့် ညွှန်ကြားရေးမှူးနှင့်အတူ အရာရှိကြီးများတက်ရောက်ရမည့် "အဆင့်မြင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်း၊ ပြည်သူ့ဝန်ထမ်းခေါင်းဆောင်မှုဆိုင်ရာ မဟာဘွဲ့"ကို ချီးမြှင့်အပ်နှင်းပေးနိုင်ရေးအတွက် အမေရိကန်နိုင်ငံ Hawaii State မှ Akamai University၊ မလေးရှားနိုင်ငံ EDS Business School တို့နှင့် MoU ရေးထိုး၍လည်းကောင်း၊ Japan International Cooperation Agency (JICA)မှ Technical Cooperation Project အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ဗဟိုဝန်ထမ်းတက္ကသိုလ်များနှင့် အမေရိကန်နိုင်ငံ Hawaii State University တို့ ပူးပေါင်း၍ ပညာရေးနှင့် လေ့ကျင့်ရေး အစီအစဉ်များကို ၂၀၁၉ ခုနှစ်တွင် စတင်ဖွင့်လှစ်သွားနိုင်ရေးကို နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များအား ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ ကူညီပံ့ပိုးမှုဖြင့် "Professional Development Program on Improving Machinery of Government and Policy Marking for better Public Sector Performance " ခေါင်းစဉ်ဖြင့် ကာလတိုသင်တန်းကိုလည်းကောင်း၊ ၂၀၁၈ ခုနှစ် နှစ်လယ်ပိုင်းတွင် ဂျာမနီနိုင်ငံ Hanns Seidel Foundation (HSF) ၏ ကူညီပံ့ပိုးမှုဖြင့် "Law and Political Science, Federalism, Regionalism and Decentralization" ခေါင်းစဉ်ဖြင့် ကာလတိုသင်တန်းများကိုလည်းကောင်း ကျင်းပရန် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဂျပန်နိုင်ငံ JICA တို့ ပူးပေါင်းမှုဖြင့် နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးပရဝဏ်အတွင်း ပြည်သူ့ဝန်ထမ်းအကယ်ဒမီ လေ့ကျင့်ရေးဗဟိုသင်တန်းကျောင်းတစ်ခုကို တည်ဆောက်၍ အဆင့်ဆင့်သော နိုင်ငံ့ဝန်ထမ်းများအတွက် Short Term၊ Mid-Term နှင့် Long Term သင်တန်းများကို ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နယူးဇီလန်နိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရှိ အရာထမ်းများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်မှုသင်တန်း (English Language Training for Officials)များကို ရုံးအမှတ်(၁၇) ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း သင်တန်းသုံးပိုင်းခွဲ၍ ညွှန်ကြားရေးမှူးအဆင့်နှင့် အထက်အုပ်စု၊ ဒုတိယညွှန်ကြားရေးမှူးအဆင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူးအဆင့်အုပ်စု၊ ဦးစီးအရာရှိအဆင့်အုပ်စု စသည်ဖြင့် အရာထမ်းများဖြင့် ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး သင်တန်းတစ်ပိုင်းလျှင် အုပ်စုသုံးစုခွဲ၍ သင်ကြားပို့ချသွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်များဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်စနစ်ထွန်းကားရေး၊ ဈေးကွက်စီးပွားရေးစနစ်ပီပြင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ပြည်သူများ၏လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ရာတွင် အနီးကပ်ဝန်ဆောင်မှုပေးရသည့် နိုင်ငံ့ဝန်ထမ်း၏စွမ်းအားနှင့် စွမ်းဆောင်ရည်တို့သည် အလွန်ပင် အရေးကြီးသည့်အတွက် စွမ်းအားနှင့် စွမ်းဆောင်ရည်များ အစဉ်တိုးတက်နေစေရန် ပညာသစ်၊ အတွေ့အကြုံသစ်များကို ဆက်လက်ရှာဖွေစုဆောင်းသွားကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းမော်နှင့် ဒေါက်တာ ဦးပွား၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်တင်စိုး၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ဆွေ၊ တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ညွှန်ကြားရေးမှူးအဆင့် သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၁၄ ဦး စုစုပေါင်း ၄၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**
ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ယုံကြည်ချက်၊ ခံယူချက်၊ စိတ်ဓာတ်တိုးတက်မြင့်မားလာစေရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က ရည်ရွယ်ချက်များနှင့်ပတ်သက်၍ မိမိတို့ ရပ်ကွက်၊ ကျေးရွာအလိုက် လုပ်ထုံးလုပ်နည်းဥပဒေ၊နည်းဥပဒေများအတိုင်း ရွေးချယ်ထားသော အုပ်ချုပ်ရေးမှူးများအား ရုံးလုပ်ငန်းများ ကျွမ်းကျင်မြန်ဆန်စေရန်နှင့် လုပ်ထုံးလုပ်နည်းဥပဒေ၊ နည်းဥပဒေများကို နားလည်သဘောပေါက်စေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကာလမှာ သုံးရက်ဖြစ်ပြီး အဆိုပါသင်တန်းသို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူး ၁၄ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာ-လာအို ဗဟိုဘဏ်များအစည်းအဝေး တက်ရောက်




**နေပြည်တော် ဖေဖော်ဝါရီ ၅**
မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် လာအိုနိုင်ငံ ဗဟိုဘဏ်တို့အကြား ချုပ်ဆိုခဲ့သည့် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ လာအိုဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ဖေဖော်ဝါရီ ၁ ရက်နံနက် ၉ နာရီတွင် ကျင်းပခဲ့သည့် နှစ်နိုင်ငံ ဗဟိုဘဏ်များအစည်းအဝေးသို့ တက်ရောက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် လာအိုနိုင်ငံဗဟိုဘဏ်တို့မှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် လက်ရှိနှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ငွေကြေးမူဝါဒနှင့် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းနှင့် ကြီးကြပ်စစ်ဆေးရေးဆိုင်ရာကိစ္စရပ်များနှင့် ဘဏ်လုပ်ငန်းနှင့်ငွေရေးကြေးရေးဆိုင်ရာ တိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မိမိတို့ သက်ဆိုင်ရာဗဟိုဘဏ်များ၏ ဘာသာရပ်ဆိုင်ရာ လက်တွေ့လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့သည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းလည်း ပြန်လည်လိုက်ပါခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

သတင်းထုတ်ပြန်ခဲ့ပါတယ်”ဟု ပြောကြားသည်။

ထို့ပြင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက “အဲဒီအတွက် နိုင်ငံတော်အစိုးရနဲ့ မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့အကြား NCA လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နေပြည်တော် MICC –II မှာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်၊ NLD အစိုးရလက်ထက်မှာ NCA လမ်းကြောင်းနဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ ပထမဆုံး လျှောက်လှမ်းလာတဲ့အဖွဲ့တွေ ဖြစ်ပါတယ်။ NCA လက်မှတ်မရေးထိုးရသေးဘဲ ကျန်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း NCA လက်မှတ်ရေးထိုးနိုင်ဖို့ နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်လာဖို့ ဆက်လက်ပြီး ကြိုးပမ်းနေတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ မွန်ပြည်သစ်ပါတီ၊ လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ကို နွေးထွေးစွာနဲ့ ရင်းရင်းနှီးနှီး ကြိုဆိုဖို့တာဝန်ရှိသလို ဒီ NCA စာချုပ် လက်မှတ်ရေးထိုးပွဲ အောင်အောင်မြင်မြင်နဲ့ ကျင်းပပြီးစီးနိုင်အောင် ဆောင်ရွက်ပေးဖို့ဟာ ကျွန်တော်တို့အားလုံးရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။ ယခုအစည်းအဝေး တက်ရောက်လာကြတဲ့သူတွေအနေနဲ့ (၂၁) ရာစုပင်လုံ အစည်းအဝေးကျင်းပရေး လုပ်ငန်းတွေမှာ ဆောင်ရွက်ဖူးကြတဲ့ ပုဂ္ဂိုလ်များဖြစ်ကြပါတယ်၊ NCA စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကိုတော့ NLD အစိုးရလက်ထက်မှာ ပထမဆုံးကျင်းပတဲ့ပွဲလို့ ဆိုရင်ရပါတယ်၊ ယခင်ဆောင်ရွက်ဖူးတဲ့ လုပ်ငန်းအတွေ့အကြုံတွေအပေါ် မူတည်ပြီး အစည်းအဝေးတက်ရောက်လာသူ အားလုံးက ဝိုင်းဝန်းဆွေးနွေးဖို့ ဖိတ်ခေါ်ရင်း နိဂုံးချုပ်အပ်ပါတယ်”ဟုပြောကြားသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက NCA စာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနား ဖိတ်ကြားရေးနှင့်စပ်လျဉ်း၍ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်ကလည်းကောင်း၊ ကြိုဆိုနေရာချထားရေး၊ တည်းခိုနေထိုင်ရေးနှင့် ခန်းမအတွင်း နေရာချထားရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ကလည်းကောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးကလည်းကောင်း၊ တည်းခိုရေး၊ ဧည့်ခံကျွေးမွေးရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်ကလည်းကောင်း၊ အခမ်းအနားပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမင်းသူကလည်းကောင်း၊ လုံခြုံရေးနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးကလည်းကောင်း၊ အခမ်းအနားမှူး၊ မီဒီယာမှတ်ပုံတင်ခြင်းနှင့် လုံခြုံရေးကတ်ထုတ်ပေးခြင်း၊ တိုက်ရိုက်ထုတ်လွှင့်မှုနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရေး၊ သတင်းထုတ်ပြန်နိုင်ရေးနှင့် မှတ်တမ်းစာအုပ် ထုတ်ဝေနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကလည်းကောင်း၊ ဘဏ္ဍာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်ကလည်းကောင်း၊ ပူးပေါင်းညှိနှိုင်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်တင်ကလည်းကောင်း၊ လက်မှတ်ရေးထိုးပွဲအစီအစဉ်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းကလည်းကောင်း၊ အခမ်းအနားကျင်းပမည့် MICC-II နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက (၂၁) ရာစုပင်လုံ အစည်းအဝေးကျင်းပရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာ-အိန္ဒိယ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့အကြား လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာသင်တန်း (UN Peacekeeping Operation Training Course) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက အမှာစကားပြောကြားပြီး အိန္ဒိယနိုင်ငံ Centre for United Nations Peacekeeping(CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယနိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက်နေမှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်ဖွဲ့ဝင်များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများအား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်မှု၊ စစ်ဘက်-အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများ၏ သမိုင်းကြောင်းနှင့် ဆောင်ရွက်နေမှုများ စသည့် ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အိန္ဒိယနိုင်ငံ၌ကျင်းပသည့် Advantage Assam Global Investor Summit သို့ တက်ရောက်



**နေပြည်တော် ဖေဖော်ဝါရီ ၅**

အိန္ဒိယသမ္မတနိုင်ငံ အာသံပြည်နယ် Guwahati မြို့၌ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် Advantage Assam Global Investor Summit သို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သည့် ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင် ကိုယ်စားလှယ်များ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါ Summit သည် အိန္ဒိယသမ္မတနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံဒေသတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသော စက်မှုကဏ္ဍ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယသမ္မတနိုင်ငံအစိုးရက ဦးဆောင်၍ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်များရေးဆွဲခြင်း၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း စသည့် အခြေအနေများကို ထိပ်သီးအစည်းအဝေး၌ မျှဝေခြင်းဖြင့် နည်းပညာကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လျှပ်စစ်နှင့် ဆေးဝါးကဏ္ဍတို့ကို လက်တွေ့ အသုံးချနိုင်ရေးအတွက် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Narendra Modi က တက်ရောက် အမှာစကား ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပသော Plenary Session ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားခဲ့ရာ ယနေ့ ကျင်းပသော Advantage Assam Global Investor Summit သည် အာသံဒေသ၏ ပထဝီဝင်အရ မဟာဗျူဟာမြောက် အားသာချက်များကို ရယူ၍ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့အတွက် အရေးပါသည့် ထိပ်သီးအစည်းအဝေး တစ်ခုဖြစ်ပါကြောင်း၊ စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိနိုင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ပို့ကုန်ဦးဆောင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အာသံနှင့်အတူ မိတ်ဖက်နိုင်ငံများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးပွဲသည် အိန္ဒိယ-အာဆီယံ၏ ပိုမိုခိုင်မာ၍ အကျိုးကျေးဇူး ပြုနိုင်သော Act East Polic ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အထောက်အကူပြုမည်ဖြစ်ပြီး ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရေးပါသော အခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။


Summit သို့ တက်ရောက်နေစဉ်ကာလအတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘူတန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Tshering Tobgay ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့သည်။

ယခုကျင်းပသည့် ထိပ်သီးအစည်းအဝေးသည် အာသံပြည်နယ်အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူ ချောမွေ့စေရေးအတွက် ပထမဦးဆုံးနှင့် အကြီးဆုံးထိပ်သီး အစည်းအဝေး တစ်ခုဖြစ်ပြီး အာဆီယံနှင့် BBN နိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် ဖိတ်ခေါ်ခြင်းဖြစ်ရာ Summit သို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ အာသံပြည်နယ်မှ ဝန်ကြီးချုပ်၊ အာဆီယံနိုင်ငံများမှ ကုန်သွယ်ရေးဝန်ကြီးများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် ၄၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ

(ကျပ်သန်းပေါင်း)




## စာပေမြင့်မှ လူမျိုးတင့်မည်

# ရခိုင်ပြည်နယ်သတင်း

**○ ရခိုင်ပြည်နယ်မှ**
လုပ်ငန်းအဖွဲ့ (၉)ဖွဲ့ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် မောင်တောဒေသဖြစ်စဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တိမ်းရှောင်သွားသူများရှိကြောင်း၊ နိုင်ငံအတွင်း၌ အမှန်တကယ် နေထိုင်ခဲ့သူများကို ၎င်းတို့၏ ဆန္ဒအလျောက် နေရပ်ပြန်ခြင်း အစီအစဉ်ကို နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ပြန်လည်လက်ခံရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစေရေးအတွက်လည်း ၂၀၁၇ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ပထမအကြိမ် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲရလဒ်များ၊ အတွေ့အကြုံများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ပိုမိုကောင်းမွန်သည့် နည်းလမ်းများဖြင့် ဆောင်ရွက်နိုင်ရန် ဒုတိယအကြိမ် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ ပြန်လာသူများအနေဖြင့် နိုင်ငံတွင်း၌ ဥပဒေနှင့်အညီနေထိုင်ရန်လိုအပ်ပြီး မိမိတို့ကလည်း ၎င်းတို့ရသင့်ရထိုက်သည့် အခွင့်အရေးများကို ပေးရန်လိုအပ်ကြောင်း၊ ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်သင့်ဖြစ်ထိုက်သူများကို နိုင်ငံသားပေးရမည်ဖြစ်ကြောင်း၊ National Verification Process ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါကြောင်း။

နိုင်ငံတွင်းနေထိုင်သူတစ်ဦးသည် မိမိအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်ရန်လိုသလို တည်ငြိမ်အေးချမ်းရေးအတွက်လည်း တာဝန်ယူရန်လိုအပ်ကြောင်း၊ မိမိတို့၏လုပ်ဆောင်မှုများကို ပြည်သူအားလုံး နားလည်သဘောပေါက်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အသိုင်းအဝိုင်းနှစ်ခုစလုံးအတွက် မူလရှိနှင့်ပြီးသော အလုပ်အကိုင်အခွင့်အလမ်းများအပြင် စီးပွားရေးကဏ္ဍတိုင်းကို မူလထက်ပိုမိုကောင်းမွန်သည့် အခြေအနေများဖြစ်စေရေးဖန်တီးဖော်ဆောင်ပေးပြီး ထင်ရှားသောဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ ယခင်ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ ထပ်မံမဖြစ်ပွားစေရေး ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ဆောင်ချက်များသည် မှန်ကန်သည့်လုပ်ဆောင်ချက်ဖြစ်ကြောင်းကို နိုင်ငံတကာသို့ ပြနိုင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ပြနိုင်ရန် ဆောင်ရွက်ရာတွင် မိမိတို့ပါဝင်ဆောင်ရွက်နေသူအားလုံးကလည်း ဆောင်ရွက်ချက်များကို သဘောပေါက်နားလည်ပြီး မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးတည်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြန်လည်လက်ခံရေး၊ နေရာချထားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ UNHCR မှ Assistant Representative ဖြစ်သူ Ms. Cecile Fradot က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ရက်တာကျင်းပသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် UNHCR မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး အမှာစကားပြောကြားစဉ်။**



# တိုင်းရင်းသားလူမျိုးစုစာပေ စာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်း

**တောင်ကြီး ဖေဖော်ဝါရီ ၅**
ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီနာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲနှင့် စာပေယဉ်ကျေးမှုပြပွဲ အောင်မြင်စွာကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာအောင်သန်းမောင်က တိုင်းရင်းသားလူမျိုးစု စာပေစာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးရာ တိုင်းရင်းသား စာပေစာတမ်း၊ ရိုးရာအသုံးအဆောင်ပစ္စည်းပြခန်းများ၊ တိုင်းရင်းသားစာပေစာတမ်းဖတ်ပွဲ၊ တိုင်းရင်းသားရိုးရာအကဖျော်ဖြေပွဲများ ပါရှိမည်ဖြစ်ပြီး စာတမ်းပေါင်း ၂၄ စောင်တွင် ၁၀ စောင်သည် ယဉ်ကျေးမှုအပိုင်းဖြစ်ပြီး ကျန်စာတမ်းများသည် တိုင်းရင်းသားစာပေများဖြစ်ကြောင်း၊ ယင်းကြား၊ ယင်းနက်၊ ထနော့၊ အဲန်လူမျိုးများသည် ရိုးရာဓလေ့စာတမ်းများကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ ရှမ်း(အရှေ့)၊ ရှမ်း(မြောက်)မှ လီဆူစာပေစာတမ်းများကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်ရှိ ကချင်တိုင်းရင်းသားစာပေများကိုလည်း တင်သွင်းဖတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် တိုင်းရင်းသားရိုးရာ စားသောက်ဆိုင်များ၊ တိုင်းရင်းသားရိုးရာဝတ်စုံနှင့် အသုံးအဆောင်ပစ္စည်းအရောင်းဆိုင်များ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသွားသည်။ အဆိုပါ စာတမ်းဖတ်ပွဲနှင့် ယဉ်ကျေးမှုပြပွဲကို တောင်ကြီးမြို့၌ မတ် ၂၀ ရက်မှ ၂၅ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က တိုင်းရင်းသားလူမျိုးစုစာပေစာတမ်းဖတ်ပွဲ၊ စာပေယဉ်ကျေးမှုပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများဖြစ်သည့် အခမ်းအနားပြင်ဆင်ရေး လုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီ၊ ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ ပြပွဲပြခန်းခင်းကျင်းပြသရေးနှင့် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ရေးကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ စာတမ်းစိစစ်ရေးလုပ်ငန်းကော်မတီ၊ သတင်းမှတ်တမ်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ၊ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှုလုပ်ငန်းကော်မတီတို့က တင်ပြဆွေးနွေးကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မောင်တောနှင့် ဘူးသီးတောင်မြို့နယ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မောင်တော ဖေဖော်ဝါရီ ၅

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်တို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။**




ရှေးဦးစွာ မောင်တောမြို့နယ် ခရေမြိုင်ကျေးရွာသို့ ရောက်ရှိကြရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေဖြင့် ရေသိုလှောင်ကန် တူးဖော်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများက ၎င်းတို့ရွာတွင် အုတ်စီတွင်း တစ်တွင်း တူးဖော်ပေးရန် တင်ပြလာမှုအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မြို့နယ်အတွင်းရှိ ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆိုင်ကယ်စက်ပြင်သင်တန်း အခမဲ့ ဖွင့်လှစ် သင်ကြားပေးနေသည့် မောင်တောမြို့ ရွာသာရွာကျေးရွာသို့ ရောက်ရှိကြရာ သင်တန်းဆရာက ယခုဖွင့်လှစ် သင်ကြားနေသည့် ဆိုင်ကယ်စက်ပြင် သင်တန်းကို သင်တန်းသား ၂၀ ခန့်အား ရက် ၂၀ ခန့် ပို့ချပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘူးသီးတောင်မြို့သို့ ဆက်လက်ထွက်ခွာရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြို့နယ်အတွင်းရှိ ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး မေးမြန်းရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**သတင်း- အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ-အောင်မင်း**



**ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဖေဖော်ဝါရီ ၂ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေဝင်း မှူးခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးစဉ်။** ကြေးမုံ

## ရခိုင်ပြည်နယ်သတင်း

# အငူမော်-မောင်တော လမ်းပိုင်းမှသည် မောင်တောဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့

**ရခိုင်ပြည်နယ် ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရမှ ရည်မှန်းချက်များချမှတ်၍ ဆောင်ရွက်နေသလို မောင်တောဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ UEHRD စီမံကိန်းမှ Task Force ကိုးခုအနက် တစ်ခုဖြစ်သည့် ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းအဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည့် အေးရှားဝေါလ်ဖောင်ဒေးရှင်းသည် အငူမော်-မောင်တော လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလလယ်ကပင် စတင်အကောင်အထည်ဖော်လျက်ရှိသည်။**



ဦးအောင်ကျော်ဇံ



ဦးရဲထွန်း



ဦးမျိုးခိုင်



ဦးနေလင်း



ဦးမောင်စံသိန်း



ဒေါ်ခင်ဦးရွှေ

အဆိုပါလမ်းပိုင်း ပြီးစီးသွားပါက မောင်တောဒေသတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခြေအနေများကို စီမံကိန်းတာဝန်ရှိသူများ၊ ဒေသခံများနှင့် တွေ့ဆုံ၍ မေးမြန်းခဲ့ပါသည်။

**ဦးအောင်ကျော်ဇံ**
**(ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး)**

အရင်တုန်းက အငူမော်-မောင်တောလမ်း မိုင် ၅၀ ကို အချိန် သုံး လေး ငါးနာရီကျော်လောက် သွားရတယ်၊ ဒီလမ်းအဆင့်မြှင့်တင်ပြီးသွားရင် တစ်နာရီကျော်လောက်နဲ့ ခရီးပေါက်နိုင်မယ်၊ ဒီလိုသွားနိုင်ရင် လုံခြုံရေးကိစ္စရပ်အတွက် လုံခြုံရေးအဖွဲ့အစည်းတွေ လာနိုင်မယ်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ လာနိုင်မယ်၊ ကုန်စည်ကူးသန်းမှုတွေ လုပ်နိုင်တဲ့အတွက်ကြောင့် လူမှုစီးပွားရေးတွေ ဖွံ့ဖြိုးလာမယ်၊ ဒါကြောင့် ဒီလမ်းဟာ ဒီဒေသ ဘက်စုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေတဲ့လမ်းလို့ ကျွန်တော်တို့ မြင်မိပါတယ်။ အေးရှားဝေါလ်က ဒီလမ်းကြီးကို ကွန်ကရစ်လမ်းလုပ်မယ်ဆိုတဲ့အတွက် သူတို့ရဲ့ system နဲ့ စွမ်းရည်ကို အသိအမှတ်ပြုပါတယ်။ ဒေသခံ တိုင်းရင်းသားတွေအတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက လာပြီး UEHRD ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဒေသဖွံ့ဖြိုးရေးအတွက် စာသင်ကျောင်းတွေ၊ ဘုန်းကြီးကျောင်းတွေ လာဆောက်ပေးခြင်းအားဖြင့် ဒီဒေသမှာ တော်တော်လေးကို ဖွံ့ဖြိုးလာမယ့် အနေအထားရှိပါတယ်၊ ကျွန်တော်တို့ ရခိုင်ပြည်နယ်အစိုးရအနေနဲ့လည်း ရတဲ့ဘတ်ဂျက်တွေထဲကနေ ဒေသဖွံ့ဖြိုးရေးကို တတ်နိုင်သလောက် ဆောင်ရွက်သွားပါမယ်။

**ဦးရဲထွန်း(မောင်တောခရိုင်အုပ်ချုပ်ရေးမှူး)**

အရင်က အငူမော်-မောင်တောဆိုရင် ငါးနာရီဝန်းကျင်လောက် ကားမောင်းရပါတယ်၊ လမ်းတော်တော်လေး ဆိုးပါတယ်၊ အခုအချိန်မှာတော့ အငူမော်ကနေ မောင်တောအထိကို အေးရှားဝေါလ်ကုမ္ပဏီက နိုင်ငံတော်ရဲ့ တိုက်တွန်းအားပေးကူညီမှုနဲ့အတူ ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအကျဆုံး လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို တစ်တပ်တစ်အား လာရောက်ဆောင်ရွက်ပေးနေပါတယ်၊ စီမံကိန်းနဲ့ပတ်သက်ပြီး လိုအပ်ချက်ဖြစ်တဲ့ ပညာရပ်ပိုင်းဆိုင်ရာအနေနဲ့ ဒီကုမ္ပဏီမှာ ပြည့်စုံမှုရှိတယ်၊ စက်ယန္တရား ပြည့်စုံလုံလောက်မှုရှိတယ်၊ သို့သော် ဒေသရဲ့ အားနည်းချက်ကြောင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ အဓိကအသုံးပြုရတဲ့ ကျောက်နဲ့သဲ လိုအပ်ချက် အများကြီးရှိပါတယ်၊ ဒါပေမဲ့ မိုးမကျမီကာလမှာတော့ စီမံကိန်းရဲ့ အနည်းဆုံး ၅၀ ရာခိုင်နှုန်းလောက်ပြီးအောင် ဆောင်ရွက်ပေးမယ့် ကုမ္ပဏီဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒေသအတွက် အများကြီးအကျိုးရှိပါတယ်။

**ဦးမျိုးခိုင်**
**(အမှုဆောင်အဖွဲ့ဝင်၊ အေးရှားဝေါလ်ဖောင်ဒေးရှင်း)**

ကျွန်တော်တို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ အငူမော်-မောင်တောလမ်းကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဖောက်လုပ်လှူဒါန်းပေးခြင်း ဖြစ်ပါတယ်၊ ဒီလမ်းဖောက်လုပ်ဖို့အတွက် ကုန်ကျစရိတ်အားလုံးကို အေးရှားဝေါလ်ဖောင်ဒေးရှင်းရဲ့ ရန်ပုံငွေနဲ့ ကျခံသုံးစွဲပြီး လှူဒါန်းသွားမှာ ဖြစ်ပါတယ်၊ ဒီလမ်းဟာ အငူမော်ကနေ မောင်တောအထိ ၄၉ မိုင် ၆ ဖာလုံ ရှည်ပါတယ်၊ ကွန်ကရစ်လမ်းရဲ့ အကျယ်က ၁၈ ပေ ဖြစ်ပါတယ်၊ နိုင်ငံတော်အနေနဲ့ လက်ရှိဆောင်ရွက်နေတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ပြည်တွင်းမှာရှိတဲ့ တိုင်းရင်းသားလုပ်ငန်းရှင်တွေနဲ့ ကုမ္ပဏီ အဖွဲ့အစည်းအားလုံးက ဝိုင်းဝန်းပြီး တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးဖို့ ဖိတ်ကြားကမ်းလှမ်းမှု ရှိတာရယ် ကျွန်တော်တို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေမှာ ပါဝင်ဆောင်ရွက်ပေးလိုတဲ့ ဆန္ဒတွေကြောင့် လှူဒါန်းဖြစ်ခဲ့တာပါ၊ အခုလမ်းဖောက်လုပ်ခြင်းကိစ္စမှာ နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှု၊ ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးတို့ရဲ့ ပံ့ပိုးကူညီမှု၊ နိုင်ငံတော်က ဖွဲ့စည်းထားတဲ့ UEHRD ရဲ့ အစီအစဉ်တွေအတိုင်း ကျွန်တော်တို့ ဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။

**ဦးနေလင်း(အင်ဂျင်နီယာ၊ အေးရှားဝေါလ်ကုမ္ပဏီ)**

ဒီလမ်းစီမံကိန်းဟာ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ကျွန်တော်တို့ အေးရှားဝေါလ်ဖောင်ဒေးရှင်းအနေနဲ့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်တဲ့ လုပ်ငန်းပိုင်းမှာ ဒီလမ်းတည်ဆောက်ခြင်းအပိုင်းကို ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်၊ အရင်က ဒီလမ်းက ၁၂ ပေအကျယ် ကျောက်ခင်းလမ်းဖြစ်ပါတယ်၊ အရင်က ကားတွေသွားလာရင် လေးနာရီလောက် သွားရတယ်၊ လုပ်ငန်းအချိန်မီပြီးစီးဖို့အတွက် ယန္တရားတွေပံ့ပိုးသလို လူအင်အားကိုလည်း နေ့ည လုပ်ဖို့ စီစဉ်ထားပါတယ်၊ ဒီနှစ်ထဲမှာ မိုင် ၂၀ ကျော်ကျော်လောက် ပြီးအောင်လုပ်ဖို့ စီစဉ်ထားပါတယ်၊ လုပ်ငန်းခွင်မှာ စက်ယန္တရား ၂၀၀ နီးပါးနဲ့ လုပ်သားဦးရေ ၁၅၀၀ ခန့်နဲ့ အကောင်အထည်ဖော်လျက်ရှိပါတယ်၊ လမ်းရဲ့ခံနိုင်ရည်အားက တန် ၃၀ ကျော် မှန်းထားပါတယ်၊ ကုန်စည် စီးဆင်းမှုအနေနဲ့ ဒီဘက်မှာ အခုလောလောဆယ် ကားကြီးတွေတော့ မရှိသေးပါဘူး။

**ဦးမောင်စံသိန်း(ကျောင်းအုပ်ဆရာ)**

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဟာ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့ လိုအပ်တယ်လို့ ကျွန်တော်မြင်ပါတယ်၊ ကျွန်တော် ဒီမှာတာဝန်ထမ်းဆောင်တဲ့ နှစ်နှစ်တာကာလအတွင်းမှာ လမ်းကပျက်နေတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်၊ ဒီလိုခက်ခဲတော့ ပညာရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ မလွယ်ပါဘူး၊ အခု အေးရှားဝေါလ်က လမ်းကောင်းမွန်ရေးအတွက် တာဝန်ယူဆောင်ရွက်နေတာတွေ့ရပါတယ်၊ အခုစီမံကိန်းမှာ ကျွန်တော်တို့ တစ်သက်မှာ တစ်ခါမှမမြင်ဘူးတဲ့ စက်ယန္တရားတွေ အများကြီးပါ၊ လုပ်ငန်းဆောင်ရွက်တာလည်း ကြိုးကြိုးစားစားလုပ်နေတာ မြင်ရပါတယ်၊ ဒီလမ်းသာပြီးသွားမယ်ဆိုရင် ပြည်သူလူထုတွေဟာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အဘက်ဘက်ကလုံခြုံပြီး တိုးတက်လာမယ်လို့ မြင်မိပါတယ်။

**ဒေါ်ခင်ဦးရွှေ(ကျောင်းဆရာမ)**

အခုလို လမ်းကိုအဆင့်မြှင့်တင်ပေးတဲ့အတွက် ကျောင်းသား ကျောင်းသူတွေနဲ့ ဒေသခံတွေအတွက်လည်း အဆင်ပြေတယ်၊ အရင်လမ်းမကောင်းတုန်းက မိုးတွင်းဆိုသွားလာရတာ တော်တော်လေးဆိုးတယ်၊ အခုဆို ခရီးတစ်ခုကို အချိန်မနှောင်းဘဲ ရောက်တဲ့အတွက် လုပ်ငန်းပိုင်းလည်း အဆင်ပြေပါတယ်၊ အေးရှားဝေါလ် ကုမ္ပဏီကိုလည်း ကျေးဇူးတင်ပါတယ်။

**သတင်း- အောင်ရဲသွင်၊ ကိုမင်း**
**ဓာတ်ပုံ - အောင်မင်း**

# မောင်တောမြို့နယ် နံ့သာတောင်ကျေးရွာမှ ကျောင်းသား ကျောင်းသူများအတွက် စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်ရန် ဂီတဖျော်ဖြေပွဲပြုလုပ်

**စစ်တွေ ဖေဖော်ဝါရီ ၅**

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မောင်တောမြို့နယ် နံ့သာတောင် ပရဟိတဘုန်းတော်ကြီးကျောင်းတွင် သုံးရက်တိတိ ပိတ်မိနေခဲ့သော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား စိတ်ဓာတ်ခွန်အားပေးစွမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် တေးဂီတဖျော်ဖြေပွဲကို ရက္ခိတစွမ်းအား ပရဟိတအဖွဲ့က ကြီးမှူး၍ ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ ကမ်းနားလမ်းရှိ Strand Hotel ၌ ပြုလုပ်သည်။



ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရက္ခိတစွမ်းအား ပရဟိတအဖွဲ့၊ ရွှေလက်များအဖွဲ့နှင့် WSKD လူငယ်ပရဟိတအဖွဲ့များ၏ နာယကဖြစ်သူ ဦးဝင်းမောင်မောင်က "အကြမ်းဖက်မှုဖြစ်စဉ်အတွင်း နံ့သာတောင်ကျောင်းက ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်ကို ရဲဝံ့စွန့်စားစွာ အကာအကွယ်ပေးခဲ့တဲ့ နံ့သာတောင်ဆရာတော်ကြီးနဲ့ စွန့်ခွာလာတဲ့ ကျောင်းသားတွေကို ကြီးကြီးမားမား ခွန်အားတွေပေးပြီး ကလေးတွေ စာသင်မပျက်အောင် လုပ်ဆောင်ပေးခဲ့တဲ့ ရွှေစေတီကျောင်းတိုက်မှ ဆရာတော်ကြီးတို့ကို ဂုဏ်ပြုဆုတံဆိပ်တွေ ဆက်ကပ်ဖို့နဲ့ အကြမ်းဖက်မှုဖြစ်စဉ်အတွင်းမှာ သုံးရက်တိုင်တိုင် ပိတ်မိနေခဲ့တဲ့ နံ့သာတောင်ကျောင်းက ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် စိတ်ဓာတ်ခွန်အား ဖြစ်စေဖို့အတွက် ဒီပွဲကို ပြုလုပ်ရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

ရက္ခိတစွမ်းအား ပရဟိတအဖွဲ့တွင် ပရဟိတအဖွဲ့အစည်းပေါင်း ၂၁ ဖွဲ့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် အကြမ်းဖက်မှုဖြစ်စဉ်နောက်ပိုင်း ရခိုင်ပြည်နယ် မောင်တောဒေသအတွက် ငွေကျပ် သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိပစ္စည်းများ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်းလည်း သိရသည်။

ယခုတစ်ကြိမ်တွင် မောင်တောဒေသတွင် သက်စွန့်ဆံဖျား တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဝတ်အထည်နှင့် အစားအသောက်များ သွားရောက်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဂုဏ်ပြုဖျော်ဖြေပွဲတွင် ရက္ခိတစွမ်းအား ပရဟိတအဖွဲ့မှ တာဝန်ရှိသူများက ရွှေစေတီဆရာတော် အရှင်အရိယဝံသနှင့် နံ့သာတောင်ဆရာတော် အရှင်စရဏ တို့အား ဂုဏ်ပြုဆုတံဆိပ်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ရွှေစေတီဘုန်းတော်ကြီးကျောင်းနှင့် နံ့သာတောင်ဘုန်းတော်ကြီးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအတွက် နို့မလိုင်ပြား၊ အဝတ်အထည်များ၊ ကျောင်းလွယ်အိတ်များနှင့် ပြက္ခဒိန်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဖျော်ဖြေပွဲတွင် သရုပ်ဆောင် မင်းရာဇာ၊ သရုပ်ဆောင် ဖူးစုံနှင့် ရခိုင်နာမည်ကြီးအဆိုတော်များ၊ တက်သစ်ရခိုင်အဆိုတော်များက ဂုဏ်ပြုဖျော်ဖြေပေးခဲ့ကြသည်။

**သတင်း- ဟန်လင်းနိုင်၊ ဓာတ်ပုံ- ဇော်ဇော်နိုင်**

# မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက်ကို လုပ်ကြံသတ်ဖြတ်သူအချို့အား ဖမ်းဆီးရမိ၊ ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက်ကို လုပ်ကြံသတ်ဖြတ်ခဲ့သူအချို့အား ဖမ်းဆီးရမိပြီး ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဦးဘိုဘိုမင်းသိုက်မှာ ဇန်နဝါရီ ၃၀ ရက်က ပုဏ္ဏားကျွန်းမြို့နယ် မြောက်ဘက် ခုနစ်မိုင်ခန့်အကွာ ယိုးငူကျေးရွာနှင့် အောင်ဖြူပင်ကျေးရွာကြား သရက်ချို ကျေးရွာအနီး ရန်ကုန်-စစ်တွေ ကားလမ်း မိုင်တိုင် (၁၆၉/၀) နှင့် (၁၆၉/၁)ကြား၌ ရင်ညွန့်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝဲယာနို့အုံအောက် ထိုးသွင်းဒဏ်ရာ တစ်ချက်စီ၊ ဝဲ၊ ယာ လက်ပြင် ထိုးသွင်းဒဏ်ရာ ၁၂ ချက်နှင့် ဝဲမျက်ခုံး ပြတ်ရှဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးခဲ့သဖြင့် သတ်ဖြတ်ခဲ့သူအား ဖမ်းဆီးရမိရေးအတွက် ပုဏ္ဏားကျွန်းမြို့နယ်ရဲစခန်းက ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၄၀/၁၁၄ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်ရပ်နှင့်စပ်လျဉ်း၍ မျက်မြင်သက်သေအချို့၏ ပြောပြချက်အရ မော်တော်ယာဉ်ပေါ်တွင် ဦးဘိုဘိုမင်းသိုက်ပါ လေးဦးပါရှိပြီး ကျန်သုံးဦးမှာ ကားလမ်းအနောက်ဘက်ရှိတောင်ပေါ်သို့ တက်ပြေးသွားကြောင်း သိရှိရသဖြင့် ဆက်စပ်ဖော်ထုတ်ချက်အရ မြောက်ဦးမြို့နယ် တိမ်ညိုကျေးရွာနေ ယခင်ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ခဲ့သူ ကျော်မြင့်(ခ)ခိုင်ကျော်၏ သားမင်းသန်းဌေး (ခ)မင်းသန်းထိုက်အား ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၄) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း(၈)မိုင် မီးပွိုင့်တွင် လည်းကောင်း၊ ထိုနေ့ ညနေပိုင်းတွင် သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ကွက်သစ် (၃)ရှိ မေတ္တာဂုဏ်ရောင် သီလရှင်ကျောင်းတွင် တိမ်းရှောင်ရောက်ရှိနေသည့် ကျော်မြင့်(ခ)ခိုင်ကျော်နှင့် ၎င်း၏ ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ချွေးမဖြစ်သူ မခိုင်ဇာလှိုင် [မင်းသန်းဌေး(ခ)မင်းသန်းထိုက်၏ ဇနီး]တို့အားလည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



**ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့မရဲစခန်း (ပ)၁၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၄၄၀/၁၁၄အမှုမှ ကျော်မြင့်(ခ) ခိုင်ကျော်၊ မင်းသန်းဌေး(ခ)မင်းသန်းထိုက်နှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။**

ပြစ်မှုကျူးလွန်သူများ၏ ထွက်ဆိုချက်အရ ကျော်မြင့်(ခ)ခိုင်ကျော်သည် ဇန်နဝါရီ ၂၅ ရက်တွင် AA အဖွဲ့ စည်းရုံးရေးမှူး ကိုလတ်၊ စပိုင်၊ ဇော်မျိုးအောင်(ခ) ဇော်မိုးအောင်၊ အိမ်ချင်းကပ်လျက်နေ ဝပ်ရှော့ဆရာ မျိုးချစ်အောင် (တိမ်ညိုကျေးရွာ)တို့နှင့်အတူ ဦးဘိုဘိုမင်းသိုက်အား သတ်ဖြတ်ရန်နှင့် လကုန်လျှင် ၎င်းစစ်တွေသို့ ပြောင်းရွှေ့မည်ဖြစ်သဖြင့် ထိုအချိန် လမ်းမှ ဖမ်းဆီး၍ ခေါ်ဆောင်သွားရန် တိုင်ပင်ခဲ့ကြောင်း၊ ထို့နောက် ဇန်နဝါရီ ၂၆ ရက်တွင် ဦးဘိုဘိုမင်းသိုက်ထံ ဖုန်းဆက်၍ စစ်တွေသို့ပြောင်းပါက ယာဉ်ဖြင့် လိုက်ပို့မည်ဖြစ်ကြောင်း ပြောပြီး ဇန်နဝါရီ ၃၀ ရက်တွင် CRV ယာဉ်အား မျိုးချစ်အောင်က မောင်းပြီးလိုက်ပို့ခဲ့ရာ လမ်း၌ ဦးဘိုဘိုမင်းသိုက်အား ဖမ်းဆီးခေါ်ဆောင်ရန် ဖုန်းများ သိမ်းဆည်းရာမှ ပြန်လည်ခုခံသဖြင့် ရှန်းရင်းဆန်ခတ်ဖြစ်ကာ စပိုင်နှင့် ဇော်မျိုးအောင်တို့က ဓားဖြင့် ထိုးသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်မြင့်(ခ)ခိုင်ကျော်နှင့် မင်းသန်းဌေး(ခ)မင်းသန်းထိုက်တို့သည် မူးယစ်ဆေးဝါးများအား ရှမ်းပြည်နယ်မှ ဘူးသီးတောင်၊ မောင်တောဒေသသို့ ကော်မရှင်စားဖြင့် ဆက်သွယ်ရောင်းဝယ်ခြင်းနှင့် ကိုယ်တိုင်ဝယ်ယူရောင်းချခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရရှိသည့်ငွေကြေးများဖြင့် AA အဖွဲ့အတွက် လက်နက်ခဲယမ်းများ ဝယ်ယူစုဆောင်း၊ သယ်ဆောင်ပေးခဲ့ကြောင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ WY စိတ်ကြွဆေးပြား ၄၄ သိန်းကို ကိုးကြိမ် သယ်ဆောင်ရောင်းဝယ်ပြုလုပ်ခဲ့ရာ စုစုပေါင်း ငွေကျပ် ၃၉၇၅ သိန်း အမြတ်ငွေရရှိခဲ့ကြောင်း။

၎င်းငွေကြေးများဖြင့် မန္တလေးမြို့နေ အမျိုးသမီးတစ်ဦးထံမှ ပထမအကြိမ် ၂၀၁၇ ခုနှစ် ဇွန်လက ပစ္စတိုနှစ်လက်၊ ကျည်ဘောက် လေးခုအားလည်းကောင်း၊ ဒုတိယအကြိမ် ၂၀၁၇ ခုနှစ် ဇူလိုင်လက M-16 ၁၀ လက်နှင့် ပစ္စတိုကျည် ၅၀ အားလည်းကောင်း၊ တတိယအကြိမ် ၂၀၁၇ ခုနှစ် ဩဂုတ်လက M-16 ကိုးလက်နှင့် စတုတ္ထအကြိမ် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း၌ပင် M-16 ကျည် ၆၀၀၀၊ M-16 ကျည်ဘောက် ၃၈ ခုနှင့် ပစ္စတိုနှစ်လက်၊ ၎င်းကျည်ဘောက် လေးခုအားလည်းကောင်း၊ မြဝတီမြို့နေ အမျိုးသားတစ်ဦးထံမှ ပစ္စတိုတစ်လက်၊ ကျည်ဘောက်တစ်ခု၊ ၎င်းကျည်ကိုးတောင့်အားလည်းကောင်း စုစုပေါင်း M-16 ၁၉ လက်၊ ၎င်းကျည်ဘောက် ၃၈ ခုနှင့် ၎င်းကျည် ၆၀၀၀၊ ပစ္စတိုငါးလက်၊ ၎င်းကျည်ဘောက်ရှစ်ခု၊ ၎င်းကျည် ၅၉ တောင့်တို့အား ဝယ်ယူစုဆောင်းခဲ့ကာ သေနတ် ၂၃ လက်၊ ကျည်ဘောက် ၄၆ ခု၊ ကျည် ၆၀၅၀ တို့အား AA အဖွဲ့ထံ လျှို့ဝှက်ပို့ဆောင်ပေးခဲ့ကြောင်းနှင့် ပစ္စတိုတစ်လက်၊ ကျည်ဘောက်တစ်ခု၊ ကျည်ကိုးတောင့်တို့အား ၎င်းကိုင်ဆောင်ရန် သိမ်းဆည်းထားခဲ့သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ကွင်းဆက်ဆက်လက်စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး ပေါ်ပေါက်ချက်များနှင့်အညီ ကွင်းဆက်တရားခံများအား ဖမ်းဆီး၍ သက်ဆိုင်ရာဥပဒေများအရ အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရာမှ လုယက်မှု ၁၃ မှု ဖော်ထုတ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်ပြီး လင်းယုန်စီမံချက် အဆင့်(၁)အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လုယက်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရာမှ လုယက်မှု ၁၃ မှုကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ဒီဇင်ဘာလ ၂၄ ရက် ည ၉ နာရီခန့်က ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်နေ ဆိုင်ကယ်ကယ်ရီ မောင်းနှင်သူကို ------- သည် ၁၀၈ ရပ်ကွက် ဆိုင်ကယ်ကယ်ရီဂိတ်တွင် ခရီးသည်စောင့်ဆိုင်းနေစဉ် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က ငှားရမ်းသဖြင့် လိုက်ပါပို့ဆောင်စဉ် အမျိုးသမီးတစ်ဦးမှာ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၃)ရပ်ကွက် ခတ္တာလမ်းထိပ်တွင် ဆင်းနေခဲ့ပြီး အမျိုးသားမှာ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်သို့ လိုက်ပါပို့ဆောင်ရန် ဆက်လက်ငှားရမ်း၍ လိုက်ပါပို့ဆောင်စဉ် ဆိုင်ကယ်မှာ ဓာတ်ဆီပြတ်သွားခဲ့သဖြင့် ခရီးသည်အမျိုးသားက အငှားယာဉ်ကို ဖုန်းဆက်ခေါ်ယူခဲ့ရာ ခတ္တာလမ်းထိပ်၌ ဆင်းသွားခဲ့သည့် အမျိုးသမီးနှင့်အတူ အငှားယာဉ်ရောက်ရှိလာပြီး ဆိုင်ကယ်အား ဆီဖြည့်ကာ ခရီးသည်အမျိုးသားနှင့်အတူ အငှားယာဉ်နောက်သို့ လိုက်သွားစဉ် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၁၆)ရပ်ကွက် လမ်းကြားတစ်ခုအရောက်တွင် ခရီးသည်အမျိုးသားက ဆိုင်ကယ်ကယ်ရီမောင်းသူကို -----အား လည်ပင်းညှစ်ပြီး Felling CZI -125 ဆိုင်ကယ်နှင့် Red Mi Note-3 လက်ကိုင်ဖုန်းတို့အား ခြိမ်းခြောက်လုယက်ယူဆောင်သွားသဖြင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့မရဲစခန်းမှ (ပ) ၈၇/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၆ ဖြင့် အမှုဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းခဲ့ရာ ဇန်နဝါရီ ၂၃ ရက်တွင် ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုး(ခ)လောက်လား၊ အောင်ကိုလတ် (ခ)ချစ်ကို (ခ) စိုးကြီး၊ တွယ်တာဝင်းနှင့် ဇော်မင်းနိုင်(ခ) ကရင်(ခ) ဖိုးခွာတို့အား ၎င်းတို့၏ နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပရိဘောက် အငှားယာဉ်ကိုလည်း သိမ်းဆည်းရရှိခဲ့သည်။

ဖမ်းဆီးရမိသူများအား စစ်ဆေးခဲ့ရာ အဆိုပါအမှုအား ဖော်ထုတ်ရရှိခဲ့သည့်အပြင် ၂၀၁၇ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာနှင့် ဒီဇင်ဘာလများအတွင်းက ညအချိန်တွင် ခြိမ်းခြောက်လုယက်ခဲ့သည့်အမှု ၁၂ မှု ထပ်မံဖော်ထုတ်ရရှိခဲ့ပြီး အဆိုပါအမှုများမှ လုယက်ယူခဲ့သည့် ဆိုင်ကယ်များဖြစ်သည့် ဒဂုံဆိပ်ကမ်းမြို့နယ်အတွင်းမှ ဆိုင်ကယ်နှစ်စီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်အတွင်းမှ ဆိုင်ကယ်နှစ်စီး၊ ဒဂုံမြို့သစ်တောင်ပိုင်းအတွင်းမှ ဆိုင်ကယ် သုံးစီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်အတွင်းမှ ဆိုင်ကယ်ငါးစီးနှင့် မြောက်ဥက္ကလာပမြို့နယ်အတွင်းမှ ဆိုင်ကယ်တစ်စီး စုစုပေါင်းဆိုင်ကယ် ၁၃ စီးသိမ်းဆည်းရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုး(ခ)လောက်လားပါ လေးဦးတို့အား သက်ဆိုင်ရာရဲစခန်းများတွင် အသီးသီးအမှုဖွင့်လှစ်အရေးယူခဲ့ပြီး ခိုးရာပါ ပစ္စည်းရောင်းချပေးသူမျိုးကို (ခ)မျိုးဆွေကိုလည်း အရေးယူဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၄ စီး၊ သွင်းကုန် ၉၃၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၅၃၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၁၉၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉ ဒသမ ၇၂၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြား ဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၇ မိုင် ခြောက်ဖာလုံ၊ စံလောင်းကျေးရွာအနီး ရပ်တန့်ထားသော Canter Nissan Diesel ခြောက်ဘီးယာဉ်ကို တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ကားနောက်ခန်းတွင် မြေပဲအိတ်များဖြင့် ဖုံးအုပ်၍ တရားမဝင်သယ်ဆောင်လာသော ကျွန်းခွဲသားဆိုဒ်စုံ ၂၃၈ ချောင်း (၂ ဒသမ ၈၀၅၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈ ဒသမ ၄၁၆ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၉၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖြူးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၈ ဒသမ ၂၉၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၂၁၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ယနေ့ ည ၁၁ နာရီ ၂၅ မိနစ် ၃၅ စက္ကန့်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ ယနေ့ လှုပ်ခတ်သည့် ငလျင်သည် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းအတွင်း ၃၅ ကြိမ်မြောက်ဖြစ်သည်။ **ကြေးမုံ**

# မက်ဆီဒိုးနီးယားဟူသော အမည်နာမသုံးစွဲမှု အငြင်းပွားမှုတွင် ဂရိအစိုးရက အလျှော့ပေးလိုက်လျှောခြင်း မပြုရန် ဆန္ဒပြ

**အေသင် ဖေဖော်ဝါရီ ၅**

ယခင် ယူဂိုဆလပ် သမ္မတနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့သော မက်ဆီဒိုးနီးယားနိုင်ငံနှင့် အိမ်နီးချင်းဂရိနိုင်ငံတို့အကြား မက်ဆီဒိုးနီးယားဟူသော အမည်နာမသုံးစွဲမှုနှင့် ပတ်သက်၍ အငြင်းပွားလျက်ရှိရာတွင် ဂရိအစိုးရဘက်မှ အလျှော့ပေးလိုက်လျှောခြင်း မပြုရန် တောင်းဆိုသည့်အနေဖြင့် သိန်းနှင့်ချီသော ဂရိပြည်သူများက အေသင်မြို့ရှိ ပါလီမန်အဆောက်အအုံအပြင်ဘက်တွင် ဖေဖော်ဝါရီ ၄ ရက်က စုဝေးကာဆန္ဒပြခဲ့ကြကြောင်း**(ယာပုံ)** ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မက်ဆီဒိုးနီးယားဟူသော အမည်နာမသည် ဂရိနိုင်ငံမြောက်ပိုင်းရှိ ခရိုင်တစ်ခု၏ အမည်ဖြစ်ပြီး ယူဂိုဆလားဗီးယားပြည်ထောင်စုမှ ခွဲထွက်ခဲ့သော နိုင်ငံ၏တရားဝင်အမည်နာမနှင့် တူညီနေခြင်းကြောင့် ဆယ်စုနှစ်နှင့်ချီကာ အမည်နာမသုံးစွဲမှုနှင့်ပတ်သက်၍ အငြင်းပွားခဲ့ကြသည်။

အမည်နာမသုံးစွဲမှုနှင့်ပတ်သက်၍ ဖြစ်ပေါ်လျက်ရှိသော အငြင်းပွားမှုအဆုံးသတ်စေရေးအတွက် ယခုနှစ်အတွင်း ကုလသမဂ္ဂ၏ ကြားဝင်စေ့စပ်ပေးမှုဖြင့် ညှိနှိုင်းဆွေးနွေးဖြေရှင်းကြရန် ဂရိနှင့် မက်ဆီဒိုးနီးယားနှစ်နိုင်ငံတို့က သဘောတူညီခဲ့ကြပြီးဖြစ်သည်။

ဂရိနိုင်ငံ၏အိမ်နီးချင်းမက်ဆီဒိုးနီးယားမှာ နိုင်ငံငယ်လေးတစ်နိုင်ငံအဖြစ် ရပ်တည်နေရပြီး မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး)နှင့် ဥရောပသမဂ္ဂ(အီးယူ)တို့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ရေးကြိုးပမ်းလျက်ရှိရာတွင် နိုင်ငံအမည်နာမနှင့် ပတ်သက်၍ ကန့်ကွက်မှုရှိနေသဖြင့် နှောင့်နှေးကြန့်ကြာမှုနှင့်တွေ့ကြုံနေရသည်။

မြို့တော်အေသင် မြို့လယ်တစ်ဝန်းတွင် ဖေဖော်ဝါရီ ၄ ရက်က သိန်းနှင့်ချီသောဆန္ဒပြသူများက အပြာနှင့်အဖြူရောင် ဂရိအလံများကို ကိုင်ဆောင်ဝှေ့ယမ်းကာ ဆန္ဒပြခဲ့ကြသည်။ ဂရိနိုင်ငံတွင် ဆယ်စုနှစ်ပေါင်းအတန်ကြာကာလအတွင်း အကြီးကျယ်ဆုံးဆန္ဒပြပွဲကြီးဖြစ်ကြောင်း၊ ကြွေးမြီအကျပ်အတည်းနှင့် ဂရိအစိုးရ၏ခြိုးခြံချွေတာရေးအစီအစဉ်တို့ကို ကန့်ကွက်ခဲ့ကြစဉ်က ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲများမှာထက် ဆန္ဒပြသူဦးရေအဆမတန်ပိုမိုများပြားနေကြောင်း သတင်းတွင် ဖော်ပြသည်။

မိမိတို့၏နိုင်ငံအတွင်းရှိ ဒေသတစ်ခု၏အမည်နာမမှာ မက်ဆီဒိုးနီးယားဖြစ်နေသဖြင့် မက်ဆီဒိုးနီးယားဟူသော အမည်အား နိုင်ငံအမည်နာမအဖြစ် အိမ်နီးချင်းနိုင်ငံက အသုံးပြုခြင်းကို ဂရိပြည်သူတို့က လက်ခံနိုင်မည်မဟုတ်ကြောင်း ဆန္ဒပြသူများက ပြောကြားကြသည်။ **ရိုက်တာ။**



# ကိုယ်ပိုင်ဂြိုဟ်တု တည်ဆောက်ရန် ထိုင်းအစိုးရစီစဉ်နေ

**ဗန်ကောက် ဖေဖော်ဝါရီ ၅**

ထိုင်းနိုင်ငံ၏ လေကြောင်းအာကာသပိုင်နက် ခြိမ်းခြောက်ခံရမှုများကို တန်ပြန်နိုင်ရေးအတွက် အသေးစားဂြိုဟ်တုတစ်လုံးကို တည်ဆောက်ရန် အစီအစဉ်ရှိကြောင်း ဒုတိယဝန်ကြီးချုပ် ပရာဂျင် ဂျွန်တန်က ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

ယင်းဂြိုဟ်တုကို ဘူမိ သတင်းအချက်အလက်များနှင့် အာကာသနည်းပညာဖွံ့ဖြိုးရေးအေဂျင်စီအတွက် လုပ်ကိုင်နေသော ထိုင်းအင်ဂျင်နီယာများက တည်ဆောက်ရန် အစီအစဉ်ရှိကြောင်း အမျိုးသား အာကာသရေးရာ မူဝါဒကော်မတီ၏ ဥက္ကဋ္ဌလည်းဖြစ်သူ ပရာဂျင်က ပြောကြားသည်။

### ပျံသန်းနိုင်

တည်ဆောက်ရန် စီစဉ်ထားသည့် ဂြိုဟ်တုသည် အလေးချိန် ကီလိုဂရမ် ၅၀ ရှိမည်ဖြစ်ပြီး အမြင့်ကီလိုမီတာ ၅၀၀မှ၆၀၀ အကြားတွင် ဝန်းပတ်ပျံသန်းနိုင်ကြောင်း၊ ထိုင်းနိုင်ငံ၏ လေကြောင်း အာကာသပိုင်နက် ခြိမ်းခြောက်ခံရမှုများကို တန်ပြန်နိုင်ရန် ဂြိုဟ်တုတည်ဆောက်သွားမည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။

### ပါဝင်

ထိုင်းနိုင်ငံ၏ လေကြောင်းအာကာသပိုင်နက်အား ခြိမ်းခြောက်မှုဖြစ်နိုင်သည့် အကြောင်းများတွင် ရန်သူ ဂြိုဟ်တုများနှင့် ထိုင်းနိုင်ငံမြေပြင်ပေါ်သို့ ကျရောက်လာနိုင်သည့် အာကာသအမှိုက်များပါဝင်ကြောင်း ၎င်းကပြောကြားသည်။

### ကုန်ကျမည်

ယင်းဂြိုဟ်တုကို ဘူမိသတင်းအချက်အလက်ဆိုင်ရာနှင့် အာကာသနည်းပညာဖွံ့ဖြိုးရေးအေဂျင်စီမှ အင်ဂျင်နီယာများက လေးနှစ်ကြာ တည်ဆောက်မည်ဖြစ်ပြီး ယင်းလုပ်ငန်းအတွက် ထိုင်းဘတ်ငွေ သန်း ၁၀၀၀ (အမေရိကန်ဒေါ်လာသန်း ၃၀ ခန့်) ကုန်ကျမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဂြိုဟ်တုတည်ဆောက်ရေးစီမံချက်အား အစိုးရထံမှ အတည်ပြုချက် ရရှိရန် ဖေဖော်ဝါရီ ၆ ရက်တွင် အာကာသရေးရာ အေဂျင်စီက အဆိုပြုတင်ပြမည်ဖြစ်ပြီး အစိုးရက အတည်ပြုပါက အဆိုပါဂြိုဟ်တုကို ၂၀၂၂ ခုနှစ်တွင် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားသည်။ **ဆင်ဟွာ။**



# ကော်စတာရီကာ၏ ပထမအကျော့ သမ္မတရွေးကောက်ပွဲ ဧဝံဂေလိခရစ်ယာန်အဆိုတော်အနိုင်ရ

**ဆန်ဟိုဆေး ဖေဖော်ဝါရီ ၅**

ကော်စတာရီကာနိုင်ငံ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသော ပထမအကျော့ သမ္မတရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ဝါဒီနှင့် ဧဝံဂေလိခရစ်ယာန်အဆိုတော်တစ်ဦးဖြစ်သူ ဖာဘရီစီယို အယ်လ်ဗာရာဒိုမူနော့ဇ် အနိုင်ရရှိခဲ့ကြောင်း၊ ၎င်းသည် ဧပြီလတွင် ကျင်းပမည့် ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲတွင် လက်ဝဲဗဟိုဝါဒီနှင့် အာဏာရပါတီ၏ သမ္မတလောင်း ကာလို့စ် အယ်လ်ဗာရာဒိုကွက်ဆေဒါနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ဧဝံဂေလိ အမျိုးသား ပြန်လည်တည်ဆောက်ရေးပါတီ၏တစ်ဦးတည်းသော ရွေးကောက်တင်မြှောက်ခံ အမတ်ဖြစ်သူ မူနော့ဇ်သည် အသက် (၄၃) နှစ်ရှိပြီး လိင်တူချစ်သူများအချင်းချင်း ထိမ်းမြားလက်ထပ်ခြင်းအား နိုင်ငံသားအခွင့်အရေးတစ်ရပ်အဖြစ် အသိအမှတ်ပြုရန် ဖော်ပြသော တရားရုံးချုပ်အမိန့်ကို ရှုတ်ချပြောဆိုခဲ့ရာမှ ထင်ပေါ်ကျော်ကြားလာခဲ့သူဖြစ်သည်။

အာဏာရပါတီ၏ သမ္မတလောင်းမှာမူ လိင်တူချင်းထိမ်းမြားလက်ထပ်မှုကို ထောက်ခံသူဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ဒုတိယအကျော့ မဲပေးပွဲတွင် အကြိတ်အနယ်ယှဉ်ပြိုင်ကြရန် ရှိနေကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**

# ဆက်ဒမ်ဟူစိန်၏ အကြီးဆုံးသမီးကို အီရတ်လုံခြုံရေးဌာန အလိုရှိနေ

**ဒူဘိုင်း ဖေဖော်ဝါရီ ၅**

အီရတ်လုံခြုံရေးဌာနက အလိုအရှိဆုံးလူစာရင်းကို ဖေဖော်ဝါရီ ၄ ရက်တွင် ထုတ်ပြန်လိုက်ပြီး အဆိုပါစာရင်းတွင် လူ ၆၀ ၏အမည်နာမများပါရှိကာ ယင်းစာရင်းတွင် အီရတ်အာဏာရှင်ဟောင်း ဆက်ဒမ်ဟူစိန်၏ အကြီးဆုံးသမီး ရက်ဟတ်လည်း ပါဝင်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အီရတ်လုံခြုံရေးဌာနက အလိုအရှိဆုံးလူ ၆၀ မှာ အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)၊ အယ်လ်ခိုင်ဒါ သို့မဟုတ် အယ်လ်ဘာ့သ်ပါတီတို့တွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ပတ်သက်မှုရှိသည်ဟု သင်္ကာမကင်းခံရသူများဖြစ်သည်။

ဆက်ဒမ်ဟူစိန်၏သမီးကြီး ရက်ဟတ်သည် ၂၀၀၃ ခုနှစ် ဇူလိုင်လအတွင်း ၎င်း၏ညီမ ရာနာ၊ ၎င်းတို့၏ကလေးများနှင့် အတူ ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ **ဆင်ဟွာ။**

# မောင်းသူမဲ့ ကာဗွန်-ဖိုင်ဘာ တစ်လမ်းသွားရထားသစ် တရုတ်နိုင်ငံ၌ မိတ်ဆက်

ချန်းချွန် ဖေဖော်ဝါရီ ၅

တရုတ်နိုင်ငံ၏ ထိပ်တန်းရထားထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုသည် မောင်းသူမဲ့ ကာဗွန်-ဖိုင်ဘာကိုယ်ထည် တစ်လမ်းသွားရထားသစ်ကို ဖေဖော်ဝါရီ ၅ ရက်တွင် မီဒီယာမိတ်ဆက်ပွဲပြုလုပ်ကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

မောင်းသူမဲ့တစ်လမ်းသွား ရထားမျိုးဆက်သစ်သည် ရာသီဥတုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိကြောင်း၊ အပူချိန် အနုတ် ၄၀ ဒီဂရီဆဲလ်စီးယက်စ်မှာပင် ခုတ်မောင်းနိုင်မည်ဖြစ်ကြောင်း အဆိုပါရထားကို ထုတ်လုပ်သော ချန်းချွန်ရထားတည်ဆောက်ရေး ကော်ပိုရေးရှင်းက ပြောကြားသည်။

ကာဗွန်-ဖိုင်ဘာ ကွန်ပို့စစ်သားဖြင့် ရထားတွဲများကို တည်ဆောက်ထားပြီး ပုံမှန်ရထားကိုယ်ထည်များထက် ၂၅ ရာခိုင်နှုန်းကျော် ပေါ့ပါးကြောင်း၊ စွမ်းအင်အသုံးပြုမှုကိုလည်း ၂၂ ဒသမ ၇ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း အဆိုပါကော်ပိုရေးရှင်းက ပြောကြားသည်။

ကမ္ဘာ့ထိပ်တန်း မီးရထားထုတ်လုပ်မှု ကုမ္ပဏီလည်းဖြစ်သည့် ယင်းကုမ္ပဏီသည် ဝန်ထမ်းပေါင်း ၁၈၀၀၀ ကျော်ဖြင့် တစ်နှစ်လျှင် မီးရထားအစင်းပေါင်း ၈၀၀၀ ထုတ်လုပ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ ဆင်ဟွာ။



# စပါးကို ပင်နယ်တီပေးတဲ့ ဒိုင်ရဲ့ဆုံးဖြတ်ချက်အပေါ် ဝေဖန်မည်ဆိုပါက ကမ္ဘာ့ဒဏ်ကြေးအများဆုံးပေးဆောင်ရမှုဖြစ်လိမ့်မည်ဟု ကလော့ပ် ဒေါသတကြီးဝေဖန်



လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က နာကျင်အချိန်ပိုတွင် စပါးအသင်းဘက်ကို ပင်နယ်တီပေးခဲ့သည့် ဒိုင်၏ ဆုံးဖြတ်ချက်မှာ လုံးဝမှားယွင်းပြီး ယင်းကိစ္စရပ်ကိုသာ ထုတ်ပြောမည်ဆိုပါက မိမိမှာ ကမ္ဘာ့ဒဏ်ကြေးအများဆုံး ပေးဆောင်ရလိမ့်မည်ဖြစ်ကြောင်း ဒေါသတကြီး ဝေဖန်သွားခဲ့သည်။

လီဗာပူးအသင်းသည် အိမ်ကွင်းအန်ဖီးလ်ကွင်းတွင် ကစားရသည့် ပွဲစဉ်တွင် ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပင်နယ်တီနှစ်ကြိမ်ပေးခဲ့ရကာ နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ကလော့ပ်က နှစ်ကြိမ်စလုံး ပင်နယ်တီပြစ်ဒဏ် မဟုတ်သလို ပထမအကြိမ်တွင်လည်း ဟယ်ရီကိန်း ဒိုင်ဗင်ပစ်ခဲ့ခြင်းသာဖြစ်သည်ဟု ထင်မြင်ချက်ပေးခဲ့သည်။

ယင်းကိစ္စရပ်အပေါ် ဂျာဂန်ကလော့ပ်က "ကျွန်တော်ကတော့ ဒါဟာ ဒိုင်ဗင်ပစ်တယ်လို့ပဲထင်ပါတယ်၊ ဟယ်ရီကိန်း ဒိုင်ဗင်ပစ်တယ်ဆိုတာ ခင်ဗျားတို့လည်း ရှင်းရှင်းလင်းလင်းကို မြင်ရမှာဖြစ်ပေမယ့် ဒါကို ဘယ်သူကမှ မပြောကြပါဘူး၊ ဒါပေမယ့် ကျွန်တော်ကတော့ ဒါကို ဒိုင်ဗင်လို့ပဲထင်ပါတယ်။ လူတွေက ဒါဟာ လူကျံအနေအထား ဟုတ်၊ မဟုတ်ဆိုတာ ဆွေးနွေးနေကြပြီး ဒါက လူကျံအနေအထားလည်း ဖြစ်နေပြန်ပါတယ်။ ဒါပေမယ့် ဒိုင်နဲ့ စည်းကြပ် ဒိုင် နှစ်ဦးစလုံးက ပေါင်းပြီး ဒီဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ပြန်ပါတယ်" ဟု ဆိုခဲ့ခြင်းဖြစ်သည်။

ပွဲကစားချိန် ၈၇ မိနစ်တွင် စပါးအသင်း ပင်နယ်တီတစ်ကြိမ်ရရှိခဲ့သော်လည်း ဟယ်ရီကိန်း၏ကန်သွင်းမှုကို လီဗာပူးဂိုးသမား ကာရီယက်စ်ကာကွယ်နိုင်ခဲ့သည်။

ပွဲပြီးခါနီး စက္ကန့်ပိုင်းအလို လီဗာပူးနောက်ခံလူ ဗန်ဒစ်က စပါးကွင်းလယ်လူ လာမယ်လာကို ဖျက်ထုတ်ခဲ့ရာ ဒိုင်လူကြီး ဂျွန်မော့စ်က ပင်နယ်တီအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ကလော့ပ်က လာမယ်လာ၏ ခြေတစ်ဖက်မှာ လူကျံအနေအထားဖြစ်နေပြီး ဗန်ဒစ်က ထိရုံမျှဖြင့် လာမယ်လာက လဲ့ချခဲ့သည်ဟု စွပ်စွဲခဲ့သည်။

ကလော့ပ်က "ကျွန်တော် ဒေါသထွက်ပေမယ့် ဘာမှ မပြောင်းလဲနိုင်ပါဘူး၊ ဒါကြောင့် ကျွန်တော့်အလုပ်က ဘာလဲ၊ သတင်းစာတွေရဲ့ ခေါင်းကြီးပိုင်းမှာ ဖော်ပြခံရအောင် ဖန်တီးဖို့လား၊ ပြစ်ဒဏ်ခံရအောင် လုပ်ဖို့လား၊ ဒဏ်ကြေးဆောင်ရဖို့လား၊ ကျွန်တော်သာ ဒီကိစ္စရပ်ကို ပြောမယ်ဆိုရင် ကမ္ဘာပေါ်မှာ ဒဏ်ကြေးအများဆုံး ပေးဆောင်ရမှု ဖြစ်လာပါလိမ့်မယ်"ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်တွင် လီဗာပူးမှာ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးများ သွင်းကာ ပွဲကို ဦးဆောင်ခဲ့သော်လည်း ဒိုင်ဖြစ်သူ၏ ပင်နယ်တီများ အလွယ်တကူ ခွင့်ပြုပေးမှုကြောင့် အနိုင်ရလဒ်ပိုင်ဆိုင်ရန် အခွင့်အရေး လွဲချော်ခဲ့ခြင်းဖြစ်သည်။



# လာမည့်နွေတွင် တိုက်စစ်ကစားသမား ထပ်ဝယ်မည်မဟုတ်ဟု မော်ရင်ဟို အတည်ပြု

နည်းပြ မော်ရင်ဟိုက ဇန်နဝါရီဈေးကွက်အတွင်း အသစ်ခေါ်ယူထားသည့် တိုက်စစ်မှူး ဆန်းချက်ဇ်ကြောင့် မန်ယူတိုက်စစ်ပိုင်းအင်အားလုံလောက်ပြီဖြစ်ရာ လာမည့်နွေဈေးကွက်ဖွင့်လှစ်ချိန်တွင် တိုက်စစ်ကစားသမားသစ် ထပ်မံခေါ်ယူတော့မည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။ မော်ရင်ဟို၏ ယခုပြောကြားချက်ကို ထောက်ရှုမည်ဆိုပါက မန်ယူနှင့် သတင်းထွက်နေသည့် ဂါရတ်ဘေးလ်၊ စီရိုနယ်လ်ဒို၊ ဂရစ်ဇ်မန်းတို့ ပူးပေါင်းမှုကို မြင်တွေ့ရဖွယ် မရှိတော့ဟု ယူဆရသည်။ မန်ယူလက်ရှိ တိုက်စစ်ပိုင်းတွင် လူကာကူ၊ ရက်ရှ်ဖို့ဒ်၊ မာရှယ်လ်၊ လင်းဂတ်၊ မာတာနှင့် ဆန်းချက်ဇ်တို့ရှိနှင့် နေပြီးဖြစ်ရာ လာမည့်နွေဈေးကွက်တွင် တိုက်စစ်အင်အား ထပ်ဖြည့်တော့မည် မဟုတ်ဟု မော်ရင်ဟိုက ဆိုခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက "ကျွန်တော်တို့မှာ ဆန်းချက်ဇ်၊ ရက်ရှ်ဖို့ဒ် လူကာကူတို့ရှိနေပြီ၊ ရက်ရှ်ဖို့ဒ်က ဘယ်ရော ညာရောမှာ ကစားနိုင်တယ်၊ ဆန်းချက်ဇ်ကလည်း အလားတူပဲ၊ လူကာကူကလွဲရင် ကျန်တဲ့တိုက်စစ်ကစားသမားတွေအားလုံးက နောက်ချန် တိုက်စစ်မှူးအနေနဲ့ ကစားနိုင်တယ်" ဟု ပြောကြားခဲ့ခြင်းဖြစ်သည်။

မေလဲ့သင်း - ရေးသားသည်

# စပါးတိုက်စစ်မှူး ဟယ်ရီကိန်း လီဗာပူးနှင့်ပွဲတွင် တစ်ဂိုးသွင်းခဲ့၍ ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်ခဲ့ပြီ

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် လီဗာပူးအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် လက်ရှိတွင် ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ပင်နယ်တီကန်သွင်းခွင့် နှစ်ကြိမ် ရရှိခဲ့သော်လည်း ပထမတစ်ကြိမ်မှာ ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခြင်းမရှိခဲ့ပေ။

သို့ရာတွင် ဒုတိယအကြိမ်ရရှိခဲ့သည့် ပင်နယ်တီပြစ်ဒဏ်ဘောကျမှသာလျှင် ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပြီး ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ မြောက် စံချိန်တင်ခဲ့ခြင်းဖြစ်သည်။ ယင်းပွဲစဉ်တွင် လီဗာပူးအသင်းနှင့် စပါးအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။



စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် လက်ရှိတွင် စပါးအသင်းနှင့်အတူ ပွဲပေါင်း ၁၄၁ ပွဲ ပါဝင်ကစားပေးခဲ့ရာ သွင်းဂိုး ၁၀၀ ပြည့်ခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင်လည်း ပရီမီယာလိဂ်တွင် ၂၂ ဂိုး သွင်းယူထားကာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်လျက်ရှိကြောင်း သိရသည်။

ပရီမီယာလိဂ်တွင် ဂိုး ၁၀၀ ပြည့်ကို အမြန်ဆုံးသွင်းယူနိုင်ခဲ့သည့် ကစားသမား ငါးဦးအထိရှိထားခဲ့ပြီး အလန်ရှီးယားမှာ ပွဲပေါင်း ၁၂၄ ပွဲတွင်လည်းကောင်း၊ ဟယ်ရီကိန်းသည် ၁၄၁ ပွဲတွင်လည်းကောင်း၊ အဂူရိုသည် ၁၄၇ ပွဲတွင်လည်းကောင်း၊ တယ်ရီဟင်နရီသည် ပွဲပေါင်း ၁၆၀ တွင်လည်းကောင်း၊ လန်ရိုက်သည် ၁၇၃ ပွဲတွင်လည်းကောင်း ဂိုး ၁၀၀ သွင်းယူခဲ့ကြခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ပရီမီယာလိဂ်သွင်းဂိုး ၁၀၀ ပြည့် သွင်းယူနိုင်ခဲ့ခြင်းကြောင့် စပါးဂိုးသမား ဟူဂိုလိုးရစ်က ဂိုး ၁၀၀ ပြည့်သွင်းယူနိုင်သည့် အထိမ်းအမှတ်အဖြစ် နိုက်စ်တံဆိပ်ပါ ဖိနပ်တစ်စုံကို လက်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ငွေကြယ် - ရေးသားသည်



# ဂျက်စတင်ကို မန်ယူခေါ်ယူပါက တိုက်စစ်မှူး ရက်ရှ်ဖို့ဒ် ထွက်ခွာဖွယ်ရှိ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် အေဂျက်အသင်းမှ တိုက်စစ်မှူး ဂျက်စတင်အား ခေါ်ယူရန် စီစဉ်လျက်ရှိပြီး အဆိုပါကစားသမားအား မန်ယူအသင်းခေါ်ယူမည်ဆိုပါက တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်မှာ အိုးထရက်ဖို့ဒ်မှ ထွက်ခွာဖွယ်ရှိနိုင်ကြောင်း သိရသည်။

အသက်(၁၈)နှစ်အရွယ်ရှိ အေဂျက်လူငယ်ကစားသမား ကလူးဗက်သည် ယခုဘောလုံးရာသီကုန်တွင် နယ်သာလန်ကလပ်အေဂျက်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်သည် နည်းပြ ဗန်ဟားလ်လက်ထက်က စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး အက်ဖ်အေဖလားကိုပင် ရယူပေးနိုင်ခဲ့သည်။ ထို့ပြင် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း နည်းပြ မော်ရင်ဟိုလက်ထက်တွင် အီးအက်ဖ်အယ်လ်ဖလားနှင့် ယူရိုပါလိဂ်ဖလားတို့ကို ရယူပေးခဲ့ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင်လည်း နည်းပြ မော်ရင်ဟို၏ အားထားရသည့်ကစားသမားတစ်ဦးအဖြစ် ရပ်တည်လျက်ရှိနေသူဖြစ်သော်လည်း တိုက်စစ်မှူး မာရှယ်နှင့် အလှည့်ကျဆိုသလို ပွဲထွက်ကစားနေရခြင်းကြောင့် မပျော်မရွှင်ဖြစ်နေကြောင်းလည်း သိရသည်။

ထို့ပြင် ဇန်နဝါရီဈေးကွက်အတွင်းကလည်း တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်အနေဖြင့် မန်ယူအသင်းမှ ထွက်ခွာလိမ့်မည်ဆိုသည့် သတင်းများထွက်ပေါ်ခဲ့ပြီး နည်းပြ မော်ရင်ဟိုကသာ လူငယ်တိုက်စစ်မှူး ကလူးဗက်ကို ခေါ်ယူမည်ဆိုပါက အိုးထရက်ဖို့ဒ်ကို စွန့်ခွာနိုင်သည်ဆိုသည့် သတင်းများထွက်ပေါ်လျက်ရှိသည်။

# အိန္ဒိယတောင်ပိုင်း KARNATAKA ပြည်နယ် ယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေတင်ဆက်

**အောင်မြေသာစံ ဖေဖော်ဝါရီ ၅**
မြန်မာ-အိန္ဒိယ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေးအစီအစဉ်အရ အိန္ဒိယ သမ္မတနိုင်ငံတောင်ပိုင်း KARNATAKA ပြည်နယ်မှ BHARATNATYAM ယဉ်ကျေးမှုအဖွဲ့ ဖျော်ဖြေတင်ဆက်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၆ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။




မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Mr. Nandan Singh Bhaisora နှင့် အိန္ဒိယနိုင်ငံတောင်ပိုင်း KARNATAKAပြည်နယ် BHARATNATYAM ယဉ်ကျေးမှုအဖွဲ့မှ mt.Bala Vishwanath တို့က ဆီမီးထွန်း၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အိန္ဒိယကောင်စစ်ဝန်ချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍အိန္ဒိယ တောင်ပိုင်း ပြည်နယ်ယဉ်ကျေးမှုအဖွဲ့က တန်ခိုးရှင်များအား ပူဇော်ပသခြင်း အက၊ ဆုတောင်းခြင်းအကအပါအဝင် အိန္ဒိယရိုးရာအကများဖြင့် ဖျော်ဖြေသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဇနီး ဒေါက်တာယုယုမေ၊ အစိုးရအဖွဲ့ဝင်များ၊ အိန္ဒိယ ကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက အိန္ဒိယတောင်ပိုင်း KARNATAKA ပြည်နယ်ယဉ်ကျေးမှုအဖွဲ့အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့်အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မန္တလေးမြို့ရုံးစိုက် အိန္ဒိယသမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်နှင့်သံရုံးအဖွဲ့ဝင်များ၊ မန္တလေးမြို့ရှိ အိန္ဒိယနွယ်ဖွားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သီဟကိုကို(မန္တလေး)**

# မိတ္ထီလာမြို့နယ်၌ ဆည်ရေ၊ကန်ရေများဖြင့် နွေစပါးနှင့် အခြားသီးနှံ ၃၃၂၂ ဧက စိုက်ပျိုးသွားမည်

**မိတ္ထီလာ ဖေဖော်ဝါရီ ၅**
မိတ္ထီလာမြို့နယ်၌ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် မိတ္ထီလာကန်၊ မုန်တိုင်ဆည်၊ ချောင်းကောက်ဆည်၊ ညောင်ကုန်းဆည်၊ လွန်ငင်ဆည်နှင့် ရှမ်းမငယ်ဆည်ရေတို့ဖြင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် နွေစပါးနှင့် အခြားသီးနှံ ၃၃၂၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်း၌ ၂၀၁၇-၂၀၁၈ခုနှစ် ဆည်ရေကန်ရေများဖြင့် နွေစပါး၊ နွေနှမ်း၊ မိုးကြိုဝါများ စိုက်ပျိုးနိုင်ရန် မိတ္ထီလာကန်ရေဖြင့် လျှော်ဖြူကန်၊ မကျီးစု၊ ရှမ်းတဲ၊ ဇောင်းချမ်းကုန်း၊ စက်ပစ်တောင်၊ ပျဉ်သာ၊ ကဖြူ၊ ကံကြီးနှင့် တောမ ကျေးရွာများတွင် နွေစပါးစိုက်ပျိုးရန် ဧက ၂၀၀၀၊ နွေနှမ်းစိုက်ဧက ၁၀၀နှင့် ချည်မျှင်ရှည်ဝါ ၁၂၅ ဧက စိုက်ပျိုးသွားရန်နှင့် မုန်တိုင်ဆည်ရေဖြင့် မုန်တိုင်၊ သီးကုန်း၊ မြင်းကန်ကျေးရွာများတွင် နွေစပါးစိုက်ပျိုးရန်ဧက ၅၅၀ စိုက်ပျိုးသွားရန် လျာထားလျက်ရှိသည်။

ထို့နောက် ချောင်းကောက်ဆည်ရေဖြင့် ကုက္ကိုကုန်း၊ ကွက်ငယ်ကျေးရွာများတွင် နွေစပါးစိုက်ဧက ၃၅၀၊ ညောင်ကုန်းဆည်ရေဖြင့် ခင်တဲကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများတွင် နွေစပါးစိုက်ပျိုးရန် ဧက ၁၅၀၊လွန်ငင်ဆည်ရေဖြင့် နွေစပါးစိုက်ဧက ၂၂ ဧကနှင့် ရှမ်းမငယ်ဆည်ရေဖြင့် ရှမ်းမငယ်ကျေးရွာတွင် နွေစပါးစိုက်ပျိုးရန် ၂၅ ဧက အသီးသီး လျာထားသတ်မှတ်ထားရာ မြို့နယ်အတွင်း၌ နွေစပါး ၃၀၉၇ ဧက၊ နွေနှမ်းဧက ၁၀၀နှင့်မိုးကြိုဝါစိုက်ပျိုးဧက ၁၂၅ ဧက စုစုပေါင်း ၃၃၂၂ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ငြိမ်းက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ရေတိမ်ဒေသအရေးပါပုံနှင့် ထိန်းသိမ်းတတ်စေရန် ကမ္ဘာ့ရေတိမ်ဒေသနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မန္တလေး ဖေဖော်ဝါရီ ၅**
မန္တလေးတက္ကသိုလ်နှင့် မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းတို့ ပူးပေါင်း၍ မန္တလေးမြို့နေပြည်သူများနှင့် ကျောင်းသားကျောင်းသူများရေတိမ်ဒေသအရေးပါပုံနှင့် ထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍ ကမ္ဘာ့ရေတိမ်ဒေသနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီက မန္တလေးတက္ကသိုလ်အင်းဝ(၉)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသီတာဝင်းကအဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ငှက်နှင့် သဘာဝထိန်းသိမ်းရေးအသင်းဥက္ကဋ္ဌ ဒေါက်တာသိန်းအောင်က ရေတိမ်ဒေသအကြောင်း၊ ကမ္ဘာကြီးသက်ရှိလောကတည်မြဲရေးအတွက် ရေတိမ်ဒေသအရေးပါပုံအကြောင်း၊ ရေတိမ်ဒေသအကျိုးကျေးဇူးများ၊ ရေတိမ်ဒေသပျက်စီးခြင်းကြောင့်ရင်ဆိုင်ရမည့် ဆိုးကျိုးများ၊ ရေတိမ်ဒေသအမျိုးအစားများကိုပိုစတာပြကွက်များဖြင့် ဟောပြောဆွေးနွေးသည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်က နိုင်ငံတကာအရေးကြီး ရေတိမ်ဒေသထိန်းသိမ်းရေးအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းရှိ မိုးယွင်းကြီးဘေးမဲ့တော၊ အင်းတော်ကြီးကန်၊ မိန်းမလှကျွန်း၊ မုတ္တမကွေ့စသည့်နေရာလေးနေရာကိုအရေးကြီး ရေတိမ်ဒေသအဖြစ် သတ်မှတ်ကာထိန်းသိမ်းမှုများပြုလုပ်လျက်ရှိသည်။

မန္တလေးမြို့ ပတ်ဝန်းကျင်ရှိ တောင်သမန်အင်း၊ ကန်တော်ကြီး၊ ပလိပ်အင်းစသည့်ရေတိမ်ဒေသများရှိပြီး အနီးဝန်းကျင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်း၊ လူနေအိမ်များ တည်ဆောက်ခြင်း၊ စက်ရုံစွန့်ပစ်ရေဆိုးများ ဝင်ရောက်ခြင်းများကြောင့် သဘာဝဂေဟစနစ်များ ပျက်စီးလာ၍ ဆောင်းခိုငှက်များလာရောက်မှုလျော့နည်းလာခြင်း၊ ရေနေသတ္တဝါများ သေဆုံးမှုများလာခြင်းများဖြစ်ပေါ်နေသဖြင့် ရေတိမ်ဒေသများ ရေရှည်တည်တံ့ရေးအတွက် စီမံချက်များရေးဆွဲကာထိန်းသိမ်းရန်လိုအပ်ကြောင်း ပညာရှင်များကအကြံပြုဆွေးနွေးကြသည်။

**သီဟကိုကို(မန္တလေး)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ကမ်းပြိုကာကွယ်ရေးနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၅**
၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စတုတ္ထသုံးလပတ်အတွင်း ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၅၂ ဒသမ ၅ သန်းဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ စတင် လုပ်ဆောင်နေပြီဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၆) စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ သိရသည်။

ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ဆောင်ပေးမည့် လုပ်ငန်းများတွင် မူးမြစ်နှင့်ဧရာဝတီမြစ်အတွင်း အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း နှစ်ခုနှင့် ချင်းတွင်းမြစ်အတွင်း နှစ်စဉ်မြစ်ရေနည်းပါးချိန်များတွင် ရေကြောင်း ကျပ်တည်းမှုအများဆုံးဖြစ်ပွားလေ့ရှိသော နေရာ သုံးခုတွင် ရေလမ်းကောင်းမွန်ရေးလုပ်ဆောင်ပေးမည့် လုပ်ငန်းသုံးခုတို့ပါဝင်ကြောင်းနှင့် ယင်းလုပ်ငန်းများအချိန်မီပြီးစီးရေးအတွက် ဇန်နဝါရီပထမပတ်အတွင်း စတင်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်စတုတ္ထသုံးလပတ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးမည့် အရေးပေါ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအဖြစ် စစ်ကိုင်းခရိုင် မြောင်မြို့နယ် ရွှေတစ်ချောင်းကျေးရွာ ဧရာဝတီမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ငွေကျပ် သန်း ၇၇၀ ဖြင့်လည်းကောင်း၊ ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် မူးရိုးကုန်းကျေးရွာ မူးမြစ်ကမ်းပါး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ငွေကျပ်သန်း ၃၀၀ ဖြင့်လည်းကောင်း၊ ချင်းတွင်းမြစ်အတွင်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများအဖြစ် မုံရွာခရိုင် မုံရွာမြို့နယ်အတွင်းရှိ အလုံရေလမ်း ထန်လုံးရေကာတည်ဆောက်ခြင်းလုပ်ငန်းကို ငွေကျပ်သန်း ၁၀၀ ဖြင့်လည်းကောင်း၊ မုံရွာရေလမ်း ကောင်းမွန်ရေး ရေကာအမှတ် (၁)ကို စွမ်းအားမြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ် ၉၂ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ ကလေးခရိုင် မင်းကင်းမြို့နယ် မင်းကင်းရေလမ်းကောင်းမွန်ရေး ရေကာအဟောင်းကို စွမ်းအားမြှင့်တင်ခြင်းလုပ်ငန်း ငွေကျပ်သန်း ၉၀ ဖြင့်လည်းကောင်း ယခုဘဏ္ဍာနှစ်အတွင်း အပြီးလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ (၆) စစ်ကိုင်းတိုင်းဒေသကြီးရုံးမှ သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစစ်ဆေးခြင်းနှင့်ကာကွယ်ရေးပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီ မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပြည်သူများ မီးဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် ကွင်းဆင်းစစ်ဆေးပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက မြို့မစည်ပင်သာယာဈေးကြီးတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ရဲကျော်စွာအောင်ကျော်ဝင်းနှင့် သန္ဓေ/အရန်တပ်ဖွဲ့များပူးပေါင်း၍ မြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများတွင် မီးဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ဈေးဆိုင်ခန်းပိုင်ရှင်များနှင့်ဈေးလုပ်သားများအား မီးဘေးကြိုတင်တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးခြင်းများကိုဆောင်ရွက်ခဲ့ကြပြီး မီးဘေးအန္တရာယ်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၅) ရပ်ကွက် အောင်သံလွင်အားကစားကွင်း၌ ဖေဖော်ဝါရီ ၄ ရက် ညနေ ၃ နာရီကကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အားပေးပြီး တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်က နှစ်နှစ်ဆက် အနိုင်ရဗိုလ်စွဲသွားသော လူမှုရေးဘောလုံးအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ဒုတိယဆုရ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘောလုံးအသင်းအားလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်တို့က ပူးတွဲတတိယဆုရရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဘောလုံးအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဘောလုံးအသင်းတို့အားလည်းကောင်း၊ ပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်က အတိုးတက်ဆုံးအသင်းလိုက်ဆုရ ပြည်နယ်လွှတ်တော်ဘောလုံးအသင်းအားလည်းကောင်း၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုးစားအားထုတ်မှုအကောင်းဆုံးအသင်းလိုက်ဆု၊ အသန့်ရှင်းဆုံးအသင်းလိုက်ဆု၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး အားကစားသမားဆု၊ နေရာအလိုက်အကောင်းဆုံးအားကစားသမားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ဝန်ကြီးဌာနအချင်းချင်းရင်းနှီးချစ်ခင်မှုရရှိစေရန်၊ ဌာနအတွင်းရှိဝန်ထမ်းများ စိတ်ဖိစီးမှုလျော့နည်းပပျောက်စေပြီး စိတ်ပျော်ရွှင်မှုများရရှိစေရန်၊ အားကစားကိုလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင် သန်စွမ်းသောနိုင်ငံ့ဝန်ထမ်းများဖြစ်လာစေရန်၊ ဌာနအတွင်းရှိ ထူးချွန်ထက်မြက်သည့်အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်၊ ဝန်ကြီးဌာနပြိုင်ပွဲမှတစ်ဆင့် ပြည်နယ်ဂုဏ်၊ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဝန်ကြီးဌာနဘောလုံးအသင်း ၁၀ သင်းမှ ပြည်သူ့ဝန်ထမ်း အားကစားသမား ၂၀၀ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ နှစ်လမ်းသွား ပုလုံးတုံးတုံးကွန်ကရစ်တံတား စတင်တည်ဆောက်

**ကော့သောင်း ဖေဖော်ဝါရီ ၅**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နှင့် ပုလုံးတုံးတုံးကျေးရွာသို့ ဆက်သွယ်သွားလာနိုင်မည့် ပုလုံးတုံးတုံးတံတားကို နှစ်လမ်းသွား ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ (၄) မှ တာဝန်ယူကာ တည်ဆောက်လျက်ရှိသည်။

ကော့သောင်းမှ ခုနစ်မိုင်ခန့်ဝေးသည့် ချောင်းဝကျေးရွာသို့ ဆိုင်ကယ်ဖြင့်သွားကာ ထိုမှတစ်ဆင့် လှေငယ်လေးများဖြင့် ပင်လယ်ဒီရေ အတက်အကျအချိန်စောင့်၍ အဆင့်ဆင့် ခက်ခဲပင်ပန်းစွာ ပုလုံးတုံးတုံးကျေးရွာသို့ သွားလာကြရသဖြင့် ကျေးလက်ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးကိစ္စ အဝဝ လွန်စွာအခက်တွေ့ကြရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အကျယ် ၁၅ ပေ၊ အရှည်ပေ ၂၆၉၀ တစ်လမ်းသွား ဒေသထွက် သစ်သားတိုင်၊ သစ်သားရက်မ၊ သစ်သားကြမ်းခင်းတို့ဖြင့် ပင်လယ်ဖြတ်ကူး သစ်သားတံတားကြီးအား အောင်မြင်စွာတည်ဆောက်ပြီးစီးကာ ဒေသခံများ အခက်အခဲမရှိသွားလာနိုင်ခဲ့ကြသော်လည်း အဆိုပါသစ်သားတံတားမှာ ဆွေးမြည့်ယိုယွင်းလာသဖြင့် ယခုကဲ့သို့ ကွန်ကရစ်တံတားသစ် တည်ဆောက်ခြင်းဖြစ်သည်။

တည်ဆောက်ရေးစီမံကိန်း ကနဦးလုပ်ငန်းများဖြစ်သည့် မြေတိုင်းတာစမ်းသပ်ခြင်း၊ တံတားချဉ်းကပ်လမ်းမြေဖို့ခြင်း လုပ်ငန်းများကို ၂၀၁၇ ခုနှစ် ဩဂုတ်လ မှစတင်ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတား၏ A-1 Bored Pile လုပ်ငန်းများ စတင်ဆောင်ရွက်ပြီးဖြစ်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းအားလုံး ပြီးစီးနိုင်ရေးလျာထားကြောင်း သိရသည်။

ယခုဆောက်လုပ်မည့် တံတားသစ်သည် အရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေ၊ View Deck အကျယ်ရှစ်ပေ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀ နှင့် ရေလမ်းကင်းလွတ်အမြင့် သုံးပေဖြစ်ပြီး စီမံကိန်းတန်ဖိုး ကျပ်သန်းပေါင်း ၁၃၄၄၀ အကုန်အကျခံတည်ဆောက် မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## မြိတ်မြို့ရှိ Sea View Condo ၌ နိုင်ငံတကာအဆင့်မီ ဈေးဆိုင်ခန်းများ စတင်ရောင်းချ

**မြိတ် ဖေဖော်ဝါရီ ၅**

မြိတ်မြို့ Sea View Condo ရှိ ပထမအဆင့်နိုင်ငံတကာအဆင့်မီ ဈေးဆိုင်ခန်းများစတင်ရောင်းချခြင်းကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီကတနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရေပုန်းနယ်မြေ သာကေတရပ်ကွက် ကမ်းနားလမ်း၌ကျင်းပခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ စတင်ရောင်းချတဲ့နေ့မှာပဲ ဆိုင်ခန်းပေါင်း ၁၆၈ ခန်းရှိရာ ၁၁၁ ခန်းရောင်းချခဲ့ရပါတယ်။ ဝယ်ယူတဲ့သူတွေကို အရစ်ကျငွေပေးသွင်းတဲ့စနစ်နဲ့ ရောင်းချပေးပါတယ်။ ငွေပေးသွင်းမှုကို CB Bank နဲ့ ချိတ်ဆက်ပြီး ၃၀ ရာခိုင်နှုန်းကို လက်ငင်းပေးသွင်းရပြီး ကျန်ငွေ ၇၀ ရာခိုင်နှုန်းကို ရှစ်နှစ်အတွင်း အရစ်ကျပေးသွင်းရမှာပါ။ ဆိုင်ခန်းတစ်ခန်းကို အနိမ့်ဆုံး ငွေကျပ် သိန်း ၄၀၀ မှ အမြင့်ဆုံးငွေကျပ်သိန်း ၄၀၀၀ အထိရှိပြီး ဆိုင်ခန်းအနေအထားပေါ်မူတည်၍ ဈေးနှုန်းကွာခြားချက်ရှိပါတယ်။ ဆိုင်ခန်းများကို ၂၀၁၉ ခုနှစ် မတ်လအတွင်း ဝယ်သူထံပေးအပ်သွားမှာဖြစ်ပါတယ်"ဟု စီမံကိန်းဒါရိုက်တာ ဦးဟန်ထူးအောင်၏ ပြောပြချက်အရ သိရသည်။

ဆိုင်ခန်းအရောင်းပြခန်းတွင် Sea View Condo စီမံကိန်းနှင့်ပတ်သက်၍ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးလှသန်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းစီမံကိန်းကို ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်နှင့် South Asia Internal Investment Group PTE LTD တို့ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာနိုင်ငံတွင် ပထမဦးဆုံးသောပင်လယ်ကို မျက်နှာမူထားသော ဈေးဆိုင်ခန်းနှင့် အိမ်ရာပေါင်းစပ်တည်ဆောက်သည့် စီမံကိန်းတစ်ခုဖြစ်ကာ လမ်းတစ်လျှောက် ဈေးများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



## ပဲခူးမြို့ရပ်ကွက်များအတွင်း လျှပ်စစ်မီးထပ်ဆင့်သွယ်တန်း သုံးစွဲခြင်းများရှိနေ

**ပဲခူး ဖေဖော်ဝါရီ ၅**

ပဲခူးတိုင်းဒေသကြီးအတွင်း နယ်မြေဒေသအသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် ဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်လာခဲ့ကြသည်နှင့်အမျှ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေး ကိုယ်ထူကိုယ်ထမီးတိုင်များ စိုက်ထူ၍ လျှပ်စစ်မီးကြိုးသွယ်တန်းဆောင်ရွက်နေကြခြင်း၊ နိုင်ငံတော်စီမံချက်များဖြင့် ဆောင်ရွက်ပေးနေကြခြင်းများကြောင့် ရပ်ကွက်၊ ကျေးရွာနေပြည်သူများ ဖွံ့ဖြိုးမှုတစ်စိတ်တစ်ဒေသဖြစ်သည့် လျှပ်စစ်မီးများ ရရှိ၍ အဆင်ပြေလျက်ရှိကြသည်။

ထိုကဲ့သို့ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲနေကြရာတွင်လည်း ပဲခူးမြို့အတွင်းရှိ တချို့ရပ်ကွက်များ၌ လျှပ်စစ်ဓာတ်အားမပြည့်မီသဖြင့် ဓာတ်အားမြှင့်တင်သည့် ဗို့အားမြှင့်စက်အကြီး၊ အသေးအမျိုးမျိုးတို့ဖြင့် စွဲတင်သုံးနေကြရကြောင်း သိရသည်။ "ဒီလိုဗို့အားမြှင့်စက်တွေနဲ့ စွဲတင်သုံးနေကြရုံတင်မကဘဲ တရားဝင်မီတာရရှိထားတဲ့အိမ်တွေကလည်း တစ်အိမ်ကို တစ်လ ကျပ် ၅၀၀၀ နဲ့ အိမ်ပေါင်းအများအပြား ထပ်ဆင့်သွယ်တန်းပြီး လျှပ်စစ်မီးပေးတဲ့ စီးပွားရေးလုပ်ငန်းတစ်ခုလိုလုပ်နေကြတော့ လျှပ်စစ်ဓာတ်အားတွေ အဆမတန်နည်းပြီး သုံးစွဲရတာ အဆင်မပြေဖြစ်နေကြရပါတယ်။ အဲဒီလို လျှပ်စစ်မီး ဆင့်ပွားသွယ်တန်းပေးနေတဲ့ လုပ်ငန်းတွေမရှိစေချင်ပါဘူး" လို့ ကျွန်းသာယာရပ်ကွက်နေ ဒေသခံတစ်ဦးကဆို၏။

လျှပ်စစ်မီတာရရှိရေး လျှောက်ထားခဲ့ကြသော်လည်း မီတာလုံးရေ လုံလောက်စွာ တပ်ဆင်ပေးနိုင်ခြင်းမရှိသေးကြောင်း ပဲခူးမြို့နယ် လျှပ်စစ်တာဝန်ရှိသူများထံမှ သိရသည်။

**၅၈၇**



## စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း(ဆင့်ပွား) သင်တန်းဆင်း

**သန်လျင် ဖေဖော်ဝါရီ ၅**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်သည် ဖေဖော်ဝါရီ ၂ရက် နံနက် ၉ နာရီက သန်လျင်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ သန်လျင်သင်တန်းကျောင်း၌ ပြုလုပ်သော ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း (ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁/၂၀၁၈) သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းမိန့်ခွန်းပြောကြား၍ သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများသို့ ပေးအပ်ခဲ့သည်။

**အောင်ဆွေ (ရွှေတံတား)**

## အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ကြီးမှူး၍ ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက နှုတ်ခွန်းဆက်စကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ ဒေါ်သီတာတင်ထွဋ်မှူးက မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် အသင်း၏ လုပ်ဆောင်ချက်များအား ရှင်းလင်းပြသပြီး မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း MWCDF ဗဟိုမှ ပဲခူးတိုင်းဒေသကြီးအသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၆ ရက်အထိ ဒေသခံအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များအား ခေတ်မီစီးပွားရေးအတတ်ပညာများကို ဆွေးနွေးရာတွင်ပါဝင်စေခြင်းဖြင့် ပိုမိုထိရောက်မြန်ဆန်သော စီးပွားရေးဝန်းကျင်တစ်ခုကို ဖန်တီးနိုင်စေရန် ရည်ရွယ်၍ပြုလုပ်ခြင်းဖြစ်ပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ဦးဆောင်လုပ်ကိုင်နေသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းစတင်လုပ်ကိုင်ရန် ပြင်ဆင်နေသူများ၊ မိသားစုပိုင်လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် စီစဉ်နေသူများ၊ လူမှုရေးနှင့် ရပ်ကွက်လုပ်ငန်းများတွင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နေသူများ၊ စီးပွားရေးပညာရပ်များ သင်ကြားနေသူ သို့မဟုတ် အောင်မြင်ထားသူများစသည့် အမျိုးသမီး အင်အား ၁၀၀ ခန့် တက်ရောက်ကြပြီး ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးမှု၊ ငွေကြေးစီးဆင်းမှုနှင့် ဈေးကွက်စီးပွားရေး၊ ငွေကြေးစီမံခန့်ခွဲမှုခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မန္တလေး ၁၃၀၀ ပြည့်အာဇာနည် ၁၇ ဦး ဗိမာန်ကို ဘယ်လို စီမံခန့်ခွဲသင့်သလဲ

ဆူးငှက်

ယခု ၁၃၇၉ခုနှစ် တပို့တွဲလပြည့်ကျော် ၇ ရက်နေ့တွင် ရဟန်းရှင်လူ၊ ကျောင်းသား၊ ပြည်သူ ကျဆုံးခဲ့သော မန္တလေး ၁၃၀၀ပြည့်အရေးတော်ပုံကြီး (၇၉)နှစ်ပြည့်ပြီ။ တကယ်တော့ ၁၃၀၀ ပြည့်အရေးတော်ပုံဟာ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲသမိုင်းမှာ နိုင်ငံရေးအရလည်း ကြီးကျယ်မြင့်မားသလို အလွှာပေါင်းစုံညီညွတ်ပေါင်းစည်းမှုမှာလည်း ထင်ရှားကြီးကျယ်ခဲ့ရုံမက ဖက်ဆစ်တော်လှန်ရေးအတွက်ရော၊ လွတ်လပ်ရေးတိုက်ပွဲလမ်းကြောင်းအတွက်ရော လမ်းညွှန်ရှေ့ဆောင်ဖြစ်ခဲ့တယ်ဆိုရင် ဘယ်သူမှ မငြင်းနိုင်ပါဘူး။

### လှည်းနေလှေအောင်း မြင်းဇောင်းမကျန်

၁၉၃၀ ပြည့်နှစ်တစ်ဝိုက်မှာပဲ ကမ္ဘာမှာ ကမ္ဘာ့စီးပွားရေးကပ်ပျက်ကြီး ဖြစ်တယ်။ မြန်မာ့နိုင်ငံရေး အဖွဲ့အစည်းတွေမှာလည်း အကွဲအပြဲတွေရှိခဲ့တယ်။ ပြဿနာကတော့ ခွဲရေး၊ တွဲရေးပြဿနာပါပဲ။ မကြာပါဘူး။ အဓိကရုဏ်းတွေဖြစ်တယ်။ ဒီအခြေအနေတွေမှာ တို့ဗမာအစည်းအရုံး ပေါ်ပေါက်ခဲ့ပါတယ်။ ဒီနောက် ဂဠုန်ဆရာစံခေါင်းဆောင်တဲ့ လယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့တယ်။ အင်္ဂလိပ်အစိုးရက လယ်သမားအရေးတော်ပုံကို ရက်ရက်စက်စက် ဖြိုခွင်းပြီး ဆရာစံကို ကြိုးပေးကွပ်မျက်လိုက်တယ်။ ဒီနောက်မှာတော့ ၁၉၃၆ ခုနှစ်မှာ ဒုတိယကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့တယ်။ နောက် ၁၉၃၈ ခု၊ ဇန်နဝါရီလမှာ ရေနံမြေသပိတ်ကြီးပေါ်ပေါက်ခဲ့တယ်။ အဲ့ဒီနှစ် ဒီဇင်ဘာလမှာပဲ ရန်ကုန်ကျောင်းသားတွေရဲ့ သပိတ်တိုက်ပွဲမှာ ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်ကျဆုံးခဲ့ရတယ်။ တိုင်းပြည်မှာ အထွေထွေအကျပ်အတည်းတွေနှင့်အတူ အုပ်စိုးသူရဲ့ မတရားဖိနှိပ်မှုအပေါ်မှာ မခံနိုင်ကြတဲ့အဆုံး ချောက်ရေနံမြေက အလုပ်သမားထုကြီးက အစိုးရရုံးစိုက်ရာ ရန်ကုန်အထိ ခြေကျင်ချီတက်ပြီး ဆန္ဒပြကြဖို့ စုစည်းညီညွတ်ခဲ့ကြတယ်။ ရေနံမြေမှာရှိတဲ့အလုပ်သမားထုကြီးနဲ့ မိသားစုများအပါအဝင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန်လို့ပြောရမှာပေါ့။ ဒီစုစည်းညီညွတ်မှု၊ ငြိမ်းချမ်းစွာဆန္ဒပြမှုကို အုပ်စိုးသူရဲ့ထုံးစံအတိုင်း လက်နက်နဲ့ပဲ ဖြေရှင်းဖို့ ကြိုးစားလာတယ်။ ဒီတင်ပဲ ကျောင်းသားသမဂ္ဂခေါင်းဆောင် ရဲဘော်ဗဟိန်းက အလုပ်သမားသပိတ်တပ်ကြီးရဲ့ တပ်ဦးကနေ-

"မနက်ဖြန် ထွက်ဖြစ်အောင်ထွက်ကြပါ။ အနှောင့်အယှက်တွေ့ရင် အသေခံပါ။ ကျုပ်တို့ကို အခုဖမ်းနေပြီ။ ကိစ္စမရှိပါဘူး။ ကျုပ်ကိုဖမ်းတဲ့အတွက် နက်ဖြန် ဗမာတစ်ပြည်လုံးဘာဖြစ်သွားမယ်ဆိုတာ သိရပါလိမ့်မယ်။ မြင်းခွာတစ်ချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေ့မယ်" လို့ ဟစ်ကြွေးလိုက်တယ်။

### ၁၃၀၀ ပြည့် အရေးတော်ပုံ

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့က မကွေးမြို့ မဲထီးကျောင်းတိုက် သပိတ်စခန်းမှာ ရေနံမြေသပိတ်တပ်ကြီးကိုပြောလိုက်တဲ့ ရဲဘော်ဗဟိန်းရဲ့မိန့်ခွန်းဟာ ဘဝင်တိုင်ညံသွားတာပါပဲ။ ဖိနှိပ်သူအစိုးရရဲ့ ဖြိုခွင်းမှုတွေ၊ ဖိနှိပ်မှုတွေကြောင့် ချောက်၊ ရေနံချောင်း၊ မကွေးနဲ့ ရန်ကုန်မြို့တော်မှာအထိ လူတန်းစားအလွှာအသီးသီး သွေးစည်းညီညွတ်စုရုံး တိုက်ပွဲဝင်ကြတဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကာလအတွင်းမှာ ရေနံမြေအလုပ်သမားတွေ အရိုက်အနှက် အဖမ်းအဆီးခံရတာ၊ ကျောင်းသား ဗိုလ်အောင်ကျော်ကျဆုံးရတာတွေအပေါ် မန္တလေးမှာရှိတဲ့ ကျောင်းသားပြည်သူ ရဟန်းရှင်လူများကလည်း မခံမရပ်နိုင်ဖြစ်ကြတယ်။

မြန်မာ့လွတ်လပ်ရေး တိုက်ပွဲသမိုင်းကာလ လယ်သမား၊ အလုပ်သမား၊ ကျောင်းသားရဟန်းရှင်လူ ပြည်သူ တစ်ရပ်လုံး၊ တစ်ပြည်လုံး အတိုင်းအတာနှင့် တညီတညွတ်တည်း ဆင်နွှဲခဲ့တဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံကြီးဟာ ကမ္ဘာကျော်မျှ ထင်ရှားခဲ့တာ အားလုံးအသိပါပဲ။ ဒီအရေးတော်ပုံကြီးမှာ မန္တလေးမြို့ လူထုကလည်း အုပ်စိုးသူ နယ်ချဲ့အစိုးရရဲ့ မတရားဖိနှိပ်ကွပ်ညှပ်တဲ့ အမိန့်အာဏာဟူသမျှကို တာဝန်အရ၊ တညီတညွတ်တည်း ဆန့်ကျင်ခဲ့ကြတယ်။ ဒါကြောင့် မန္တလေးမှာလည်း အစိုးရက ကြိုတင်တားဆီး ကန့်သတ်ထားတဲ့ ဥပဒေတွေ၊ အမိန့်ပုဒ်ထီးပုဒ်မတွေ ထုတ်တယ်။ ခေါင်းဆောင် ကျောင်းသားတွေကို ဖမ်းထားတယ်။ ဒါကြောင့် ရဟန်းသံဃာများ ဦးဆောင်ပြီး မြို့လုံးကျွတ်သပိတ်မှောက်တယ်။ လူထုပရိသတ် သိန်းသောင်းချီပြီး ငြိမ်းချမ်းစွာ ဆန္ဒပြတယ်။ ဒါကို နယ်ချဲ့အစိုးရက ပစ်ခတ်နှိမ်နင်းတယ်။ ၂၆ ဘီလမ်းမပေါ် ပွဲချင်းပြီးရော၊ နောက်ရက် ဒဏ်ရာတွေကြောင့်ရော၊ စုစုပေါင်း ရဟန်း အာဇာနည် ခုနစ်ပါးနှင့် ကျောင်းသား ပြည်သူ အာဇာနည် ၁၀ဦး စုစုပေါင်း ၁၇ ဦး ကျဆုံးခဲ့ရပါတယ်။ လွတ်လပ်ရေးတိုက်ပွဲသမိုင်းကာလ တစ်လျှောက်လုံး အပြစ်မဲ့ပြည်သူအပေါ် အစိုးရရဲ့ နှိပ်ကွပ်ပစ်ခတ်မှုကြောင့် မန္တလေးအာဇာနည် ၁၇ ဦးကျဆုံးမှုဟာ မြို့ကြီးပြကြီးတစ်ခုရဲ့ လမ်းလယ်ကောင်မှာ သွေးအများဆုံး ကျရတဲ့ နယ်ချဲ့ဆန့်ကျင်ရေးလူထုတိုက်ပွဲကြီးလည်း ဖြစ်တယ်။

### မန္တလေး ၁၃၀၀ ပြည့်အရေးတော်ပုံ အာဇာနည် ၁၇ ဦး ဗိမာန်

ဒါဟာ လွတ်လပ်ရေးတိုက်ပွဲသမိုင်းတစ်လျှောက်မှာ မန္တလေးမြို့လူထုရဲ့ ကြီးမားသော တာဝန်ကျေမှုလည်း ဖြစ်ပါတယ်။ ဒီတိုက်ပွဲမှာကျဆုံးခဲ့တဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူ ၁၇ ဦးကိုလည်း မန္တလေး တမ္ပဝတီ သုကြွယ်ကုန်းမှာ မြို့လူထုပြည်သူများကပဲ မြေနေရာလှူပြီး အာဇာနည် ၁၇ ဦးရဲ့ ရုပ်ကလာပ်တွေကို မြှုပ်နှံသဂြိုဟ်ခဲ့တယ်။ ဒီနေရာမှာပဲ မြို့လူထုပြည်သူများရဲ့ အလှူငွေတွေ၊ အာဇာနည်မိသားစုရဲ့ ချွေးနှဲစာတွေနှင့် "အာဇာနည်ဗိမာန်" တည်ဆောက်ကာ အမွှန်အမြတ်ထားခဲ့ကြတယ်။ မန္တလေး ၁၃၀၀ ပြည့်အရေးတော်ပုံ အာဇာနည် ၁၇ ဦး ဗိမာန်ဆိုတာ မြေနေရာကအစ ဗိမာန်အဆောက်အအုံများအဆုံး မြို့မိမြို့ဖများ၊ အာဇာနည်များရဲ့ မိသားစုနှင့် မြို့လူထု(ဝါ) ပြည်သူများက လှူဒါန်းဂုဏ်ပြုခဲ့ကြတာပါ။

မြို့လူထုကပဲ နှစ်စဉ် တပို့တွဲလပြည့်ကျော် ၇ ရက်နေ့ရောက်တိုင်း အမှတ်တရအခမ်းအနား ကျင်းပ၊ လွမ်းသူ့ပန်းခွေချ၊ ဆွမ်းကပ် အမျှအတန်းဝေကာ အလေးပြုခဲ့ကြတယ်။ နိုင်ငံ့လွတ်လပ်ရေးအတွက် အသက်စွန့်ခဲ့ကြတဲ့ အာဇာနည်တွေကို "မြို့လူထု" အစီအစဉ်တွေ၊ ဆန္ဒတွေနဲ့ချည်း အလေးအမြတ် ပြုခဲ့ကြတာကို ၁၉၈၀ ကျော် ကာလကစပြီး အာဏာပိုင် တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်စည်း၊ အမိန့်နှင့် ကန့်သတ် ချုပ်ချယ်လာတယ်။ ၁၉၈၈ အရေးတော်ပုံကြီးအပြီးမှာတော့ အာဏာပိုင်တွေရဲ့အမိန့်နှင့် မြို့လူထုပိုင် "၁၃၀၀ ပြည့် အရေးတော်ပုံ၊ မန္တလေးအာဇာနည် ၁၇ ဦးဗိမာန်" ကို သော့အထပ်ထပ်ခတ် ပိတ်သိမ်းပစ်လိုက်တယ်။ တောက်လျှောက်ပဲ အစဖျောက်ပစ်တော့မယ့် သဘောလက္ခဏာတွေ သတိပြုမိလာကြတာပါပဲ။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း မြို့လူထုက ပြန်လည်တောင်းဆိုလို့ မန္တလေးအာဇာနည်ဗိမာန်ကို အကန့်အသတ်နှင့် ပြန်ဖွင့်ပေးခဲ့တယ်။ တပို့တွဲလပြည့်ကျော် ၇ ရက်နေ့မှာ အမှတ်တရ အခမ်းအနားတွေ ပြုလုပ်ခဲ့ကြတယ်။

### အာဇာနည် ၁၇ ဦးဗိမာန် ထိန်းသိမ်းရေးကော်မတီ

မြန်မာ့လွတ်လပ်ရေးသမိုင်းအတွက် အရေးပါလှတဲ့ ၁၃၀၀ပြည့်အရေးတော်ပုံကြီးမှာရှေ့တန်းက အလံမလှဲ့စတမ်း အသက်အသေခံပြီး လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့တဲ့ ရဟန်းရှင်လူ ကျောင်းသားပြည်သူ အာဇာနည် ၁၇ ဦးကို ပြည်သူကပဲ အလေးအမြတ်ပြုကာ ပြည်သူ့ချွေးနှဲစာနဲ့ "မန္တလေး ၁၃၀၀ ပြည့် အာဇာနည် ၁၇ ဦးဗိမာန်" ကို ခမ်းနားစွာ တည်ထားဖွင့်လှစ်ဂုဏ်ပြုခဲ့ကြပါပြီ။ အခု ပြည်သူ့အစိုးရက "ပြည်သူနဲ့အတူ" လို့ ကြွေးကြော်ထားပါပြီ။ ဒါကြောင့် ပြည်သူ့အစိုးရ ခေတ်မှာ ပြည်သူ့ချွေးနှဲစာနဲ့ ပြည်သူတွေကိုယ်တိုင် စိုက်ထုတ်ထားတဲ့ ပြည်သူပိုင် "မန္တလေး ၁၃၀၀ပြည့် အာဇာနည် ၁၇ ဦးဗိမာန်" ကို ပြည်သူ့ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ ပညာရှင်များနဲ့ ရွေးချယ်ဖွဲ့စည်းထားတဲ့ "မန္တလေး ၁၃၀၀ပြည့် အာဇာနည် ၁၇ ဦး ဗိမာန်ထိန်းသိမ်းရေးကော်မတီ" လက်အောက်ကို အမြန်ဆုံးထားရှိဖို့ လိုအပ်နေပါပြီ။

ဗိမာန်ကြီးကို မူလတည်ဆောက်စဉ်ကပင် ကျဆုံးခဲ့တဲ့ အာဇာနည်များရဲ့ ဂူဗိမာန်သာမက မန္တလေး၁၃၀၀ပြည့်အရေးတော်ပုံ ဆိုင်ရာ သမိုင်းအချက်အလက်များကအစ စုဝေးရာ ချီတက်ရာ အာဇာနည်များ တစ်ဦးချင်းကျဆုံးရာနေရာများ ပြည့်ွန်းမြေပုံအထိ ကမ္ပည်းတင်ခဲ့တဲ့ ကျောက်စာများကိုလည်း ဗိမာန်နှင့်တကွ အမြော်အမြင်ကြီးစွာနဲ့ စိုက်ထူခဲ့ကြပါသေးတယ်။ မူလရှိပြီး ဒီကမ္ပည်းကျောက်စာများကို အခြေခံပြီး သမိုင်းပျောက်လုလုဖြစ်နေတဲ့ ၁၃၀၀ပြည့်အရေးတော်ပုံနဲ့ မန္တလေး အာဇာနည် ၁၇ ဦးဆိုင်ရာ မှတ်တမ်းများပါဝင်တဲ့ ပြခန်းကိုလည်း အဆင်သင့် ထပ်မံဖွင့်လှစ်မယ်ဆိုရင် "ပြည်သူနဲ့အတူ" လို့ ကြွေးကြော်ထားတဲ့ ပြည်သူ့အစိုးရရဲ့ ဂုဏ်ပုဒ်နဲ့ လျော်ညီသင့်မြတ်မည်ဖြစ်ပါကြောင်း။ ။



## ကောလာဟလများအကြားက ဟောလိဝုဒ်ကြယ်ပွင့်များ

**ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပေါ်ထွက်ခဲ့တဲ့ ဟောလိဝုဒ်ကြယ်ပွင့်တွေရဲ့ ကောလာဟလတွေအထဲက စိတ်ဝင်စားစရာ အကောင်းဆုံးသတင်းတွေကို ရွေးချယ်ဖော်ပြလိုက်ပါတယ်။**

# ဒစ်စနေလောကကနေ အနားယူတော့မယ့် ဇန်ဒါယာ

ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ဒစ်စနေရဲ့ ရုပ်ရှင်ပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး လက်ရှိမှာလည်း အောင်မြင်တဲ့ ဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့ပြီဖြစ်တဲ့ ဟောလိဝုဒ်ကြယ်ပွင့် ဇန်ဒါယာက သူဟာ ဒစ်စနေရုပ်ရှင်လောကကနေ အနားယူတော့မှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။


လတ်တလောမှာ အသက်(၂၁)နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဇန်ဒါယာက သူ့ရဲ့နောက်ဆုံးသော ဒစ်စနေရုပ်ရှင်ကို နှုတ်ဆက်ကြောင်း လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ပြီးခဲ့တဲ့ ဇန်နဝါရီ ၂ ရက်မှာ ပရိသတ်တွေကို အသိပေးလိုက်တာလည်း ဖြစ်ပါတယ်။ ဇန်ဒါယာက "ဒီနေ့ညဟာ KC ရဲ့ နောက်ဆုံးသောအပိုင်းဖြစ်ပါတယ်၊ ဒါကြောင့် ဒစ်စနေရုပ်သံလိုင်းကနေထုတ်လွှင့်တဲ့ ကျွန်မရဲ့နောက်ဆုံးသောရုပ်ရှင်လည်း ဖြစ်ပါတယ်"လို့ ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း စတင်ရိုက်ကူးခဲ့တဲ့ အဆိုပါရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်ရဲ့ နောက်ဆုံးအပိုင်းဖြစ်တဲ့ "K.C. Undercover: The Final Chapter" ကိုတော့ ပြီးခဲ့တဲ့ သောကြာနေ့က ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

ဒီလို ဒစ်စနေသရုပ်ဆောင်ဘဝကို အဆုံးသတ်ခဲ့တာနဲ့ပတ်သက်ပြီးလည်း ဇန်ဒါယာရဲ့ ပရိသတ်တွေကတော့ ဝမ်းနည်းကြောင်းစကားတွေနဲ့ သူ့ရဲ့အနုပညာသက်တမ်းမှာ အားပေးနှစ်သက်ခဲ့ရကြောင်း ပြန်လည်ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဇန်ဒါယာက လက်ရှိမှာ သူဟာ အသက်အရွယ်အရ အတော်လေးအရွယ်ရောက်လာပြီဖြစ်ကာ သူ့ရဲ့ဘဝမှာ အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ သရုပ်ဆောင်လုပ်ငန်းနဲ့ပတ်သက်ပြီး လုပ်ဆောင်လိုတာတွေ များစွာရှိနေတာဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒ့ါပြင် ပညာရေးပိုင်းမှာလည်း ကောလိပ်တက်ရောက်ဖို့ရာ ရှိနေတာဖြစ်တယ်လို့လည်း ဆိုပါတယ်။

ဇန်ဒါယာဟာ ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း သရုပ်ဆောင် ဘယ်လာသွန်းနဲ့တွဲဖက်ကာ ဒစ်စနေရုပ်သံလိုင်းရဲ့ "Shake It Up"မှာ ပါဝင်သရုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ဒစ်စနေရုပ်သံရုပ်ရှင်တွေဖြစ်ကြတဲ့ "Frenemies"၊ "Zapped"မှာ ကျရာဇာတ်ကောင်နေရာမှာ ပါဝင်ခဲ့ကာ "Good Luck Charlie" နဲ့ "A.N.T. Farm"စတဲ့ ရုပ်ရှင်တွေမှာ ဧည့်သည်သရုပ်ဆောင်အဖြစ် တွေ့ခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်မှာတော့ ပင့်ကူလူသားရုပ်ရှင်ဖြစ်တဲ့ "Spider-Man: Homecoming "မှာ ဇာတ်ဆောင်မင်းသမီးအဖြစ် ပါဝင်ခဲ့တာ တွေ့ရပါတယ်။ လက်ရှိမှာ ဖက်ရှင်ဒီဇိုင်းပိုင်းမှာလည်း အထူးအောင်မြင်နေတဲ့ သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။



အေးပြည့်
စုစည်းသည်




# အမုန်းစာရင်းပျိုးကာ လက်ဆောင်ပို့ခဲ့တဲ့ ကမ်ကာဒါးရှီးရန်း

ဟောလိဝုဒ်ကြယ်ပွင့် ကမ်ကာဒါးရှီးရန်းကတော့ သူနဲ့ အတိတ်ဆိုးတွေရှိခဲ့တဲ့သူတွေ၊ အတိတ်တစ်ချိန်ချိန်တုန်းက သူ့ကိုမုန်းတီးခဲ့ဖူးသူတွေနဲ့ ဆက်ဆံရေးမပြေလည်တဲ့သူတွေကို စာရင်းပြုစုကာ သူတို့ဆီကို လက်ဆောင်တွေပေးခဲ့တာဖြစ်ပါတယ်။ ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ကမ်ကာဒါးရှီးရန်းက သူ့အနေနဲ့ အမုန်းတရားတွေ ပွားခဲ့မိတဲ့သူတွေကို ဘယ်လောက်ကြာကြာမမေ့သေးကြောင်း သက်သေပြလိုက်တာ ဖြစ်ပါတယ်။ ကမ်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁ ရက်မှာ စတင်ဖြန့်ချိလိုက်ပြီဖြစ်တဲ့ ကမ်မိုဂျီအသည်းရနံ့နဲ့ အလှပြင်ပစ္စည်းအစုံကို လာမယ့်ချစ်သူများနေ့လက်ဆောင်အဖြစ် ပို့ပေးမှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

ဒီလို ထုတ်ဖော်မပြောမီမှာ ကမ်က သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ သူ့ကိုတစ်ချိန်က အမုန်းကြီးမုန်းခဲ့ကြသူတွေရဲ့အမည်တွေကို စတေကာစက္ကူရောင်စုံတွေပေါ်မှာရေးကာ အစီအရီထားရှိရိုက်ကူးထားတဲ့ဓာတ်ပုံကို ဖော်ပြခဲ့ပါတယ်။ ကမ်ရဲ့စာရင်းမှာတော့ နာမည်ကျော်များစွာပါဝင်နေပြီး တေလာဆွစ်၊ ဂျနီဖာလောရန့်စ်စတဲ့ ဒိတ်ဒိတ်ကြဲတွေလည်း ပါဝင်နေတာ တွေ့ရပါတယ်။

ယင်းဓာတ်ပုံရဲ့ အောက်မှာတော့ ကမ်ကာဒါးရှီးရန်းက လာမယ့် ချစ်သူများနေ့မှာတော့ သူ့ကိုချစ်ခင်ကြတဲ့ သူတွေရော၊ မုန်းနေကြတဲ့သူတွေဆီကိုပါ သူ့အနေနဲ့ လက်ဆောင်လေးတွေပေးပို့လိုတာကြောင်း ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

ကမ်ရဲ့စာရင်းမှာ ပါဝင်နေကြသူတွေအနက် တေလာဆွစ်ကတော့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် အတွင်း ဖြစ်ပျက်ခဲ့တဲ့ ကမ်ရဲ့ ခင်ပွန်းဖြစ်သူ ကန်းရီဝက်စ်ထ်နဲ့ ဖုန်းအသံမှတ်တမ်းကိစ္စနဲ့ပတ်သက်ပြီး အမုန်းမီးစခဲ့ကြသူတွေ ဖြစ်ကြပါတယ်။ နောက်တစ်ဦးကတော့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ဘလက်ဆိုင်ညာဖြစ်ပြီး သူဟာ ကမ်ရဲ့ယောက်မတော်ခဲ့ဖူးသူဖြစ်ပါတယ်။ မောင်ဖြစ်သူ ရော့ဘ်ကာဒါးရှီးရန်းနဲ့ပတ်သက်ပြီး ဆက်ဆံရေးမပြေလည်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ နောက်ထပ် ကမ်ကို တိုက်ခိုက်ခဲ့သူတစ်ဦးကတော့ ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘတ်ခမ်းနဲ့ နာမည်ကျော်ဒီဇိုင်နာတစ်ဦးဖြစ်သူ ဗစ်တိုးရီးယားဘတ်ခန်းတို့ရဲ့ သားဖြစ်တဲ့ ဘရွတ်ခ်လင်းဘတ်ခန်းရဲ့ ချစ်သူ မင်းသမီး ကိုးဂရေ့စ်မိုရက်ဇ် ဖြစ်ပါတယ်။ မင်းသမီးကတော့ ကမ်ရဲ့ အင်စတာဂရမ်ပေါ်မှာ ဖော်ပြခဲ့တဲ့ ဓာတ်ပုံတွေနဲ့ပတ်သက်ပြီး သူ့ကို အဆိုးဘက်က ဝေဖန်ခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒီနှစ်ချစ်သူများနေ့မှာတော့ ကမ်ဆီက လက်ဆောင်ရရှိကြမယ့်သူတွေထဲမှာ ဖော်ပြခဲ့တဲ့ ကြယ်ပွင့်တွေလည်း ပါဝင်နေတာဖြစ်တယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ကမ်က ဒီလိုလက်ဆောင်တွေပေးပို့သွားမှာဖြစ်ကြောင်း ထုတ်ဖော်လာခဲ့ပြီးနောက် မီဒီယာတွေက အမျိုးမျိုးဝေဖန်ရေးသားခဲ့ကြကာ ကမ်ရဲ့ အမုန်းစာရင်းမှာ ပါဝင်ခဲ့ကြတဲ့ ကြယ်ပွင့်တွေကိုလည်း စာရင်းဖော်ထုတ်ခဲ့ကြပါတယ်။ ကမ်ရဲ့ မုန်းခြင်းကိုခံခဲ့ရတဲ့သူတစ်ဦးဖြစ်ကြောင်း မီဒီယာတွေရဲ့ ရေးသားဖော်ပြခြင်းခံခဲ့ရသူတစ်ဦးဖြစ်တဲ့ ဘလက်ဆိုင်ညာကတော့ ကမ်ရဲ့ လက်ဆောင်ပေးပို့မယ့်သတင်းနဲ့ပတ်သက်ပြီး ပထမဆုံးသော တုံ့ပြန်သူလည်း ဖြစ်ပါတယ်။ သူက ကမ်ကာဒါးရှီးရန်းအနေနဲ့ ဒီလိုလုပ်ဆောင်တာဟာ တမင်စတန့်ထွင်ခြင်းသာဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

# ကောလာဟလတွေအားလုံးက အမှန်တွေပါ

ပြီးခဲ့တဲ့ နှစ်ကုန်ပိုင်းကစတင်လို့ ကိုယ်ဝန်လွယ်ထားရပြီဖြစ်ကြောင်း သတင်းတွေ စတင်ပေါ်ထွက်လာခဲ့တဲ့ ရုပ်သံသရုပ်ဆောင်တစ်ဦးဖြစ်ပြီး ဖြူးတီးဘလော့ဂ်ဂါတစ်ဦးလည်းဖြစ်တဲ့ ကန်ဒဲလ်ဂျန်နာဟာ လတ်တလောမှာတော့ သမီးလေး မွေးဖွားခဲ့ပြီဖြစ်ပါတယ်။ ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်တဲ့ ကန်ဒဲလ်ဂျန်နာဟာ ကောလာဟလတွေကို လျစ်လျူရှုခဲ့ပြီး ကိုယ်ဝန်လွယ်ထားရစဉ်မှာလည်း အများရှေ့မှောက်ပေါ်ထွက်ခဲ့ခြင်းမရှိခဲ့ပါဘူး။

ကိုယ်ဝန်နုစဉ် သူ့ကို မီဒီယာစာမျက်နှာတွေပေါ်မှာ တွေ့ခဲ့ရစဉ်ကလည်း သူဟာ အကာအကွယ်ပေးနိုင်တဲ့ အဝတ်အစားတွေဝတ်ဆင်ထားပြီး ကောလာဟလတွေကိုလည်း တုံ့ပြန်ခဲ့ခြင်းမရှိသလို ရင်သွေးလေးရနေပြီဖြစ်ကြောင်းကိုလည်း အတည်ပြုပေးခဲ့ခြင်းမရှိပါဘူး။ ဒါပေမယ့် လတ်တလောမှာတော့ ကိုယ်ဝန်လွယ်ထားရစဉ်က ရိုက်ကူးထားတဲ့ သူ့ရဲ့ဓာတ်ပုံတွေ၊ ဗီဒီယိုဖိုင်တွေနဲ့အတူ ရင်သွေးလေး မွေးဖွားခဲ့ပြီဖြစ်ကြောင်း ထုတ်ဖော်လာကာ ပေါ်ထွက်ခဲ့တဲ့ ကောလာဟလတွေအားလုံး အမှန်တွေဖြစ်ကြောင်း လှစ်ဟခဲ့ပါတယ်။

တေးသံရှင်တစ်ဦးဖြစ်တဲ့ ထရားဗစ်စကော့ထ်နဲ့ ကန်ဒဲလ်ဂျန်နာတို့ရဲ့ ပထမဆုံးရင်သွေးလေးကတော့ သမီးလေးဖြစ်ပြီး ကန်ဒဲလ်ဂျန်နာ လတ်တလောထုတ်ဖော်ပြခဲ့တဲ့ သူ့ရဲ့ပုံရိပ်တွေမှာ စိန်လက်စွပ်တစ်ကွင်း ဝတ်ဆင်ထားတာကို တွေ့ခဲ့ရပြီးတဲ့နောက် သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း ကောလာဟလတွေ စတင်လာခဲ့ပြန်ပါတယ်။



## စစ်တွေအကျဉ်းထောင်၌ မီးဘေးကာကွယ်ရေးပညာပေးဟောပြော

**စစ်တွေ ဖေဖော်ဝါရီ ၅**
စစ်တွေ အကျဉ်းထောင်အတွင်း၌ လျှပ်စစ်မီးအန္တရာယ်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်တွေအကျဉ်းထောင် တာဝန်ခံအရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ဆက်လက်၍ လက်တွေ့မီးငြိမ်းသတ်ပုံအဆင့်ဆင့်ကို မီးသတ်ဦးစီးဌာနမှ ရှင်းလင်းပြသပြီး စစ်တွေအကျဉ်းထောင်ဝန်ထမ်းများမှ လက်တွေ့သရုပ်ပြငြိမ်းသတ်ခဲ့ကြသည်။

ထို့နောက် အကျဉ်းထောင်အတွင်းနှင့် အကျဉ်းထောင်ဝန်ထမ်းလိုင်းခန်းများတွင် လျှပ်စစ်မီးအသုံးပြုဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များအား ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**မြတ်သူရိန်**



## တောင်ညိုဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းဖြင့် နွေစပါးဧက ပိုမိုစိုက်ပျိုးနိုင်တော့မည်

**ပြည် ဖေဖော်ဝါရီ ၅**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်ရှိ တောင်ညိုရေလှောင်တမံ တူးမြောင်းများအား ကွန်ကရစ်မြောင်းများ ဆောင်ရွက်ခြင်း၊ တူးမြောင်းအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းစသည့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား JICA (ODA) ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ဆောင်ရွက်ပြီးပါက နွေစပါးဧက ၂၅၀၀၀ ထိ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆည်၏ ရေသောက်စနစ်ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၁၉၉၄-၁၉၉၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ရေဝင်ရောက်မှု ကောင်းမွန်သော ဆည်တစ်ခုဖြစ်၍ ကန်ရေအပြည့်ပမာဏ ဧကပေ ၂၁၀၀၀၀ အား နှစ်စဉ်သိုလှောင်နိုင်ခဲ့သည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နတ်တလင်းမြို့နယ် ဦးစီးအရာရှိ ဦးစပ်ခွန်ဦးက စတင်တည်ဆောက်ခဲ့စဉ်က မြေသားမြောင်းဖြစ်ပြီး နှစ်စဉ်နွေစပါးဧက ၁၃၀၀၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ဆည်ရေသောက်ဧရိယာအတွင်းရှိ လယ်မြေဧက ၅၀၀၀၀ အား မိုးစပါးဖြည့်စွက်ရေ၊ အောင်ရေ နှစ်စဉ်ပြည့်ဝစွာ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်မြောင်းအဖြစ်ပြုပြင်ပြီးသော လက်တံမြောင်း (၄) မှာ ရေစီးအလွန်ကောင်းပြီး လယ်မြေများသို့ ရေသွင်းယူသည့် ရေယူပေါက် (၂၁) ပေါက်မှ အလွယ်တကူ ရေသွင်းယူနိုင်ပြီဖြစ်ကြောင်း၊ လယ်ကြားမြောင်းများကိုလည်း တောင်သူများညှိနှိုင်းပြီး သက်ဆိုင်ရာ ရေယူပေါက်များအလိုက် တူးဖော်ခဲ့ကြသဖြင့် ရေသွင်းအား ပိုမိုကောင်းမွန်ခဲ့ပြီး လက်တံမြောင်း (၄) ၏ မူလလျာထားဧက ၉၇၀ အပြင် ဧက ၂၃၀ ပိုမိုရေသွင်းစိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်နိုင် (ပြည်)**



## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဆင်း

**ပုလော ဖေဖော်ဝါရီ ၅**
ပုလောမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲအခမ်းအနားကို ပုလောမြို့နယ်မီးသတ်စခန်း၌ ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ပုလောမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး တိုကျေးရွာ၊ ရှပ်ပုံကျေးရွာ၊ အမှတ်(၁) ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် သင်တန်းသား ၅၀ ကို ပုလောမြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးကျော်ဇင်ထိုက် က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) (၁/၂၀၁၈) သင်တန်းကို ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ပုလော(ပြန်/ဆက်)**

## ရွှေစာရံဘုရားပွဲအတွက် ထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးများ တွင်ကျယ်စွာပြုလုပ်

**မန္တလေး ဖေဖော်ဝါရီ ၅**
ရွှေစာရံဘုရားပွဲနီးလာပြီဖြစ်သည့်အတွက် ဘုရားပွဲတွင် ရောင်းချမည့် အမှတ်တရလက်ဆောင် ထန်းရွက်ငါးနှင့် ထန်းရွက်ပုတီးကလေးများကို တွင်ကျယ်စွာ ပြုလုပ်လျက်ရှိသည်။

ရွှေစာရံဘုရားပွဲတွင်ရောင်းချမည့် အနယ်နယ်အရပ်ရပ်မှဈေးသည်များ ကြိုတင်ရောက်ရှိနေပြီဖြစ်သည်၊ ဘုရားပွဲတွင်ရောင်းချမည့် ရွှေစာရံ ပြန်လက်ဆောင် ထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးကလေးများမှာ ရွှေစာရံဘုရားပွဲတွင် ရောင်းအားအကောင်းဆုံး အမှတ်တရပစ္စည်းများဖြစ်သည့်အတွက် လုံလုံလောက်လောက်ရရှိစေရန် ကြိုတင်ပြုလုပ်လျက်ရှိသည်။

ရွှေစာရံဘုရားပွဲသည် မန္တလေးမြို့သူမြို့သားများသာမက ရှမ်းပြည်နယ်ကပင် လာရောက်ဆင်နွှဲသော နာမည်ကျော်ဘုရားပွဲပင်ဖြစ်သည်၊ အရှေ့ရွှေစာရံ၊ အနောက်ပုဂံရွှေစည်းခုံဘုရား၊ တောင်မိတ္ထီလာ ရွှေရင်မျှော်ဘုရား၊ မြောက်အညာ သီဟတောဘုရားတို့သည် တန်ခိုးကြီးသည်ဟုပင် ဆိုထားသည်၊ ရွှေစာရံဘုရားပွဲကို တပေါင်းလပြည့်နေ့မှ တပေါင်းလပြည့်ကျော် ၉ ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပပြီး ရက်ရှည်ပွဲဟုဆိုနိုင်သည်။



ဘုရားပွဲတွင် လက်ဆောင်အဖြစ် ထန်းရွက်ပုတီး၊ ထန်းရွက်ငါးရုပ်ကလေးများ ရှမ်းပြည်နယ်ထွက် ဘူးခါးသီး ရေဘူးများနှင့် ရှမ်းရိုးရာမုန့်များသည် ရွှေစာရံဘုရားပွဲတွင်သာ ရောင်းချလေ့ရှိသည်၊ ဘုရားပွဲသွားသူတိုင်း ထန်းရွက်ပုတီးဆွဲကာ ငါးရုပ်ကလေးများကိုဝယ်လာလေ့ရှိသည်၊ ထန်းရွက်ပုတီးနှင့် ငါးရုပ်အား ကျောက်ဆည်မြို့နယ် ညောင်ရွှေညောင်ချပ်ရွာမှ ဘိုးဘေးဘီဘင်လက်ထက်ကတည်းက ပြုလုပ်ရောင်းချခဲ့သည်။

ရွှေစာရံဘုရားပွဲအတွက် သီးသန့်ပြုလုပ်ရောင်းချကြခြင်းဖြစ်သည်။ လက်ရှိကာလတွင် ရွှေစာရံရွာတွင် ထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးရုပ်များကို ပြုလုပ်ရောင်းချလာနိုင်ပြီဖြစ်သည်။

ထန်းရွက်ပုတီးပြုလုပ်ရန်အတွက် ထန်းရွက်နုကို ပထမဦးစွာရေစိမ်ထားပြီးမှ ထန်းရွက်ပုတီးပြုလုပ်ကြသည်။ ထန်းရွက်ပုတီးကို လက်ခစားရာရေများဖြင့် ပြုလုပ်ကြသည်။ ထန်းရွက်ပုတီးဒိုင်မှ ထန်းရွက်ပေးပြီး ထိုးခိုင်းသလို ကိုယ့်ထန်းရွက်နှင့် ကိုယ်ထိုးကာ ဒိုင်သွင်းသည်လည်းရှိသည်။ ရွာရှိ ကလေး၊ လူကြီး ထန်းရွက်ပုတီးထိုး တတ်ကြသည်။ ထန်းရွက်ပုတီးဆေးဆိုးခြင်းလုပ်ငန်းကို ဒိုင်မှ ပြုလုပ်သည်။ ထန်းရွက်ပုတီးကို တပို့တွဲလမကုန်ခင် အပြီးပြုလုပ်ကြပြီး ရွှေစာရံဘုရားပွဲမစမီ တစ်ပတ်ခန့် ကြိုတင်ဆိုင်ခင်းကြသည်။ ထန်းရွက်ပုတီးနှင့်အတူ လူကြိုက်များသောပစ္စည်းမှာ ထန်းရွက်ငါးရုပ်ကလေးများပင်ဖြစ်သည်။

ထန်းရွက်ငါးကိုမူ ကျွမ်းကျင်သူများကို အပ်လေ့ရှိသည်။ ထန်းရွက်ငါးမှာ နှစ်လက်မအရွယ်မှ နှစ်တောင်အထိ အမျိုးမျိုးရှိသည်။ ထန်းရွက်ငါးကို ပြုလုပ်ပြီးမှ ဆေးဆိုးရောင်းလေ့ရှိသည်။ ရွှေစာရံလာ ဘုရားဖူးငါးများကို ကိုယ်စားပြုသည်ဟုလည်း သိရသည်၊ ထူးခြားသည်မှာ ထန်းရွက်ပုတီးနှင့် ထန်းရွက်ငါးသည် ရွှေစာရံသင်္ကေတဖြစ်ပြီး ဘုရားပွဲလာသူတိုင်း အားထားဝယ်ယူကြသည်။

**တိမ်တမန်**

## တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများ လည်ပတ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**
နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝအလှများ၊ ခရီးသွားဆွဲဆောင်သည့်နေရာများ၊ တိုင်းရင်းသားတို့၏ မတူကွဲပြားသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုဘဝပုံစံများကို ကြည့်ရှုလေ့လာ သိမြင်ခံစားနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာဝင်ပေါက်များနှင့် နယ်စပ်ဝင်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ အဆက်မပြတ်ဝင်ထွက်သွားလာလည်ပတ်လျက်ရှိသည်။

ဇန်နဝါရီ ၂၆ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ တာချီလိတ်နယ်စပ် ဝင်/ထွက်ပေါက်မှ တစ်ဆင့်နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၈၉ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၄၀၉ ဦး၊ ဗီဇာဖြင့်လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံသားနှင့် တတိယနိုင်ငံသား အများစုပါဝင်သော နိုင်ငံခြားသားခရီးသွားဧည့်သည် ၁၂၉ ဦးရှိကြောင်း သိရသည်။

နေ့ချင်းပြန်ခရီးစဉ် လာရောက်လည်ပတ်ကြသော ခရီးသွားဧည့်သည်အများစုသည် တာချီလိတ်မြို့ရှိ အထင်ကရနေရာများဖြစ်သော တာလေ့ဈေး၊ ဘုရင့်နောင်ရုပ်တု၊ မဟာမြတ်မုနိဘုရားကြီး၊ ရွှေတိဂုံစေတီတော်၊ တိုင်းရင်းသားကျေးရွာ၊ အာခါဈေး၊ တရုတ်ဘုံကျောင်းများသို့ သွားရောက်လည်ပတ်ကြသည်။

ညအိပ်ခရီးစဉ် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မိုင်းဖြတ်မြို့ရှိ မြတ်စွာဘုရားခြေတော်ရာစေတီ၊ ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိ၊ ဟိုခိုကျောင်း၊ ဝတ်အင်းကျောင်း၊ စွန်တောင်စေတီ၊ ကျော့မ်ဆရီစေတီ၊ ရမ်ကုန်းကျောင်း၊ ပါလျှန်ကျောင်း၊ ရပ်တော်မူ၊ သစ်တစ်ပင်တောင်၊ ကမ္ဘာအေးစေတီစသည့် အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည်။

တာချီလိတ် နယ်စပ်ဝင်ပေါက်မှ တစ်ဆင့် ဝင်ရောက်သည့် နိုင်ငံခြားခရီးသွားဧည့်သည် အရေအတွက်မှာ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်နေ့မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ နေ့ချင်းပြန်ခရီးသည် စုစုပေါင်းမှာ ၈၀၅၂၅၅ ဦး ဖြစ်ပြီး မိုင်းဖြတ်၊ ကျိုင်းတုံခရီးစဉ်အနေဖြင့် ခရီးသည် စုစုပေါင်း ၁၃၆၄၆ ဦး နှင့် ဗီဇာဖြင့် တာချီလိတ်မှတစ်ဆင့် လေယာဉ်ခရီးစဉ်ဖြင့် ပြည်တွင်းသို့ ဝင်ရောက် လည်ပတ်သည့် ခရီးသည်စုစုပေါင်း ၆၃၀၄ ဦးတို့ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## မိုးကောင်းမြို့နယ်အတွင်းရှိမြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများနှင့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မိုးကောင်း ဖေဖော်ဝါရီ ၅**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ ကျေးလက်နေ ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊ ဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့ ဆောင်ရွက်နိုင်ရေး မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပြည်သူလူထု၏ဆန္ဒနှင့်အညီ ကျေးရွာများအတွင်း လိုအပ်ချက်များအား လူထုဗဟိုပြု စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်မှုရှိ၊ မရှိအား ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းချစ်နှင့် တာဝန်ရှိသူ များက ကွင်းဆင်းစစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ လူထုဗဟိုပြုစီမံကိန်းဒုတိယနှစ်စက်ဝန်းအတွင်း ကုန်းတန်ကြီးကျေးရွာ၊ လေသာကုန်းကျေးရွာ၊ မီးသွေးကုန်းကျေးရွာ၊ မြို့ဟောင်းကျေးရွာ၊ ရွှေအင်းကျေးရွာနှင့် အင်းပေါင်းကျေးရွာတို့အတွင်း ပြည်သူတို့၏လိုအပ်ချက်များအား ဆောင်ရွက်ပေးနိုင်ခဲ့သည့် ကျေးရွာတွင်းသဲကျောက်လမ်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေပြွန်နှင့် တံတားများ တည်ဆောက်ပေးခြင်း၊ စာသင်ကျောင်းအုတ်တံတိုင်းတည်ဆောက်ပေးခြင်း၊ လမ်းထိန်းနံရံများ တည်ဆောက်ပေးခြင်းတို့ကို စံချိန်စံညွှန်းနှင့်ပြည့်မီခြင်း ရှိ၊ မရှိတို့အားလိုက်လံကြည့်ရှုစစ်ဆေး ခဲ့ရာ မြို့နယ်ဦးစီးမှူးဦးနေသူရိန်စိန်လှနှင့် ဝန်ထမ်းများ၊ ကျေးရွာမြစိမ်းရောင်ကြီးကြပ်ရေး ကော်မတီဝင်များနှင့် ကျေးရွာလူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်းသိရသည်။

**ဦးလေးကြီး**





# မိုးမောက်မြို့နယ်မှ Stone Village အပန်းဖြေစခန်း လှေလှောရေးနှင့် အပန်းဖြေခရီးအတွက် နေရာသစ်ဖြစ်လာနိုင်

Stone Village အပန်းဖြေစခန်းမှာ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက် မြို့နယ် ကျောက်စခန်းရွာမှ ၁ မိုင်ခန့် အကွာတွင်တည်ရှိသည်။

Stone Village အပန်းဖြေစခန်းမှာ ဟူးကောင်းကုမ္ပဏီမှ စိုက်ခင်းအဖြစ် ၂၀၀၅-၀၆ ခုနှစ်တွင် မိုးမောက်ကြိုးဝိုင်း သစ်တောအတွင်း ပိတောက်၊ ယမနေ၊ ပျဉ်းကတိုးပင်များ ဧက ၇၀ စိုက်ခင်းနှင့် မိုးမောက်ကြိုးပြင်မြေလွတ်မြေရိုင်းတောဧက ၁၀၀ စိုက်ခင်းအတွင်း နန့်ကျရီချောင်းပေါ်တွင် တည်ရှိသည်။

မိုးမောက်ကြိုးပြင်မြေလွတ်မြေရိုင်း တောဧက ၁၀၀ တွင် ကျွန်း၊ ငုပင်၊ ပိန္နဲ၊ တညင်းပင်နှင့် အရိပ်ရပင်များ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း Stone Village အပန်းဖြေစခန်းတာဝန်ခံ ဦးသိန်းဌေးက ပြောကြားသည်။

"ဒီစခန်းက ကျောက်တုံးကျောက်ဆောင်တွေနဲ့ ပြည့်နက်နေတော့ ဒေသအခေါ် ကျောက်စခန်းလို့လည်း ခေါ်ပါ တယ်။ အစိုးရရုံးပိတ်ရက်နဲ့ သီတင်းကျွတ်အခါ၊ ခရစ္စမတ်နေ့၊ သင်္ကြန်အခါ ကာလတွေမှာအရမ်းစည်ကားပါတယ်။ ကျောင်းပိတ်ရက်တွေမှာတော့ ကျောင်းသား ကျောင်းသူတွေ အလာများပါတယ်။ ဝင်ကြေးမကောက်ခံပါဘူး ဆိုင်ကယ်တစ်စီးကိုအပ်ခ ကျပ် ၅၀၀ ကောက်ခံပါတယ်" ဟု ဦးသိန်းဌေးက ဆက်လက်ပြောကြားသည်။

"ကျွန်မတို့ ဗန်းမော်မြို့ကိုလာတဲ့ ရပ်နီးရပ်ဝေးက ဧည့်သည်တွေကို ဒီအပန်းဖြေစခန်းကိုပို့ပေးဖြစ်ပါတယ်။ တောတောင်သဘာဝရှုခင်းများ ဗန်းမော်- လွယ်ဂျယ်လမ်းအတိုင်းသွားရတဲ့အတွက် လမ်းတစ်လျှောက်က လယ်ကွင်းကြီးများအတွင်း မိုးတွင်းမှာ စပါးစိုက်ပျိုးကြပြီး ခုလိုပွင့်လင်းရာသီမှာ ဖရဲ စိုက်ခင်းတွေကို စိုက်ပျိုးကြပါတယ်။ လမ်းဘေးဝဲယာ မှာစိုက်ခင်းမျိုးစုံကိုတဝကြီးရှုစားရင်းနဲ့ တိုင်းရင်းသားများဖြစ်တဲ့ ရှမ်း၊ ကချင်လူမျိုးများရဲ့ စကားပြောသံလေးများက နားဝင်ချိုမြစေမှာပါ"ဟုဗန်းမော်မြို့မှ မခင်မှုံစီကပြောသည်။

Stone Village အပန်းဖြေစခန်းတွင်ကျောက်တုံးကျောက်ဆောင်များအား လှေလှောနိုင်ခြင်း၊ နက်ရှိုင်းသော တောတောင်ကြီးများအား ကြည့်ရှုအပန်းဖြေနိုင်ခြင်း နန့်ကျရီချောင်းကိုဖြတ်၍ ကြိုးတံတားတည်ဆောက်ပေးထားသည့် အတွက်တံတားကိုဖြတ်လျှောက်ရင်း အပန်းဖြေနိုင်ခြင်း၊ ရေချိုးအပန်းဖြေနိုင်ခြင်းတို့ကိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။

အဆိုပါ Stone Village အပန်းဖြေ စခန်းသို့ ဗန်းမော်မြို့မှ လွယ်ဂျယ်လမ်းအတိုင်း သွားရပြီး မိုးမောက်မြို့နယ် ကျောက်စခန်းရွာမှတောင်ဘက်သို့ တစ်မိုင်ခန့်သွားရပြီး ဗန်းမော်မြို့မှ ၄၅ မိနစ်ခန့် ကြာဆိုင်ကယ်ဖြင့် သွားလာရမည်ဖြစ်ကြောင်း၊ လှေလှောရေးခရီးနှင့် အပန်းဖြေ ခရီးထွက်လိုသူများအတွက် နေရာသစ်တစ်ခုဖြစ်လာနိုင်ကြောင်းသိရသည်။

**မောင်ချစ်လင်း(အင်းတော်)**

## Apple ထုတ်ကုန်အတုများကို အမေရိကန်တွင် မှောင်ခိုရောင်းချသည့် တရုတ်နိုင်ငံသားတစ်ဦး ထောင်ဒဏ်ချမှတ် ခံရဖွယ်ရှိ

အမေရိကန်နိုင်ငံတွင် Apple ထုတ်ကုန်များဖြစ်သော iPhone နှင့် iPad များကို အတုလုပ်ကာမှောင်ခိုးရောင်းချမှုအတွက် တရုတ်နိုင်ငံသားတစ်ဦးမှ တရားရုံးတွင် ဝန်ခံချက်ထွက်ဆိုခဲ့သည်ဟုသိရသည်။ Jeff Li အမည်ရတရုတ်နိုင်ငံသားသည် အမေရိကန်တွင် ကျောင်းသားဗီဇာဖြင့် နေထိုင်နေခြင်းဖြစ်ပြီး ၂၀၀၉ ခုနှစ်မှစတင်ကာ ငါးနှစ်အတွင်း၌ပင် တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံအတွင်းသို့ ၎င်းကဲ့သို့ ပစ္စည်းအတု၊ အမှတ်တံဆိပ်အတုပေါင်း လေးသောင်းကျော်ကို တရားမဝင် တင်သွင်းရောင်းချခဲ့သည်ဟုသိရသည်။

Jeff Li သည် အဆိုပါမှောင်ခိုလုပ်ငန်းကို တစ်ဦးတည်းလုပ်ကိုင်ခြင်းမဟုတ်ဘဲ အမေရိကန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့ဘက်မှ လုပ်ဖော်ကိုင်ဖက်များနှင့် အတူပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်ပြီး ၎င်းလုပ်ငန်းကြောင့်ရရှိသောဝင်ငွေမှာ Jeff Li တစ်ဦးတည်းအတွက်ပင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းခန့် ရှိကြောင်းသိရသည်။ အဆိုပါပစ္စည်းအတုရောင်းချမှုနှင့် တရားမဝင်တင်သွင်းရောင်းချမှုတို့အတွက် ၂၀၁၅ ခုနှစ်ခန့်က အမေရိကန်တရားရေးဌာနနှင့် နိုင်ငံတွင်း လုံခြုံရေးဌာနတို့မှ ဦးဆောင်စစ်ဆေးခဲ့ကာ ၂၀၁၈ ဖေဖော်ဝါရီတွင် ၎င်းတရုတ်နိုင်ငံသားမှ အမေရိကန်တရားရုံးတွင် ဝန်ခံထွက်ဆိုခဲ့ကြောင်း သိရသည်။

လာမည့် ၂၀၁၈ ခုနှစ် မေလ ၃၀ ရက်နေ့တွင် Jeff Li အား အမိန့်နှင့်ပြစ်ဒဏ်ချမှတ်သွားမည်ဖြစ်ကာ ထောင်ဒဏ် ၃ နှစ်ကျော် ၄ နှစ်ခန့် ချမှတ်ခံရဖွယ်ရှိပြီး ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ၎င်းတရုတ်နိုင်ငံသားနှင့် တွဲဖက်လုပ်ကိုင်ခဲ့သူ သုံးဦးအနက်မှ Rosario LaMarca ဆိုသူအား ထောင်ဒဏ် ၃ နှစ်ခန့်ချမှတ်ခဲ့ပြီးဖြစ်ကာ ကျန်ပါဝင်သည့်နှစ်ဦးမှာလည်း ပြစ်ဒဏ်ကျခံရန် စောင့်ဆိုင်းနေရပြီဖြစ်သည်။ ၎င်းလုပ်ငန်းမှရရှိသော ငွေများကို အမေရိကန်မှ လိုက်လံစစ်ဆေးမှုများမပြုလုပ်နိုင်စေရန် ကမ္ဘာအနှံ့ရှိဘဏ်များသို့ မလွှဲပြောင်းမီမှာပင် သိမ်းဆည်းထားနိုင်ခဲ့သည်ဟု အမေရိကန်တရားရေးဌာနမှ သိရကာ ယခုကဲ့သို့ အမေရိကန်တွင် အမှတ်တံဆိပ်အတု၊ ပစ္စည်းအတုများ တရားမဝင်ရောင်းချနေခြင်းမှာ ကျယ်ပြန့်စွာဖြစ်ပေါ်နေလျက်ရှိပြီး အများစုမှာ တရုတ်နိုင်ငံရှိ ပစ္စည်းတုထုတ်လုပ်သည့် စက်ရုံများမှ တင်သွင်းလာခြင်းဖြစ်သည်ဟု သိရသည်။




ALEX

## Land Rover အမှတ်တံဆိပ် အကြမ်းခံစမတ်ဖုန်းသစ် မိတ်ဆက်




Land Rover အမှတ်တံဆိပ်ဖြင့် အကြမ်းခံပြီး အပိုပစ္စည်းအစိတ်အပိုင်းများ တပ်ဆင်အသုံးပြုနိုင်သော စမတ်ဖုန်းတစ်မျိုးကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် Bullitte Group အမည်ရ အကြမ်းခံ စမတ်ဖုန်းများ ထုတ်လုပ်သော လုပ်ငန်းတစ်ခုမှ မိတ်ဆက်ပေးလိုက်သည်ဟု သိရ သည်။ Land Rover အမှတ်တံဆိပ်သည် အကြမ်း ခံ၊ ဇိမ်ခံတန်ဖိုးကြီး မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းဖြစ်ပြီး ၎င်းအမှတ်တံဆိပ်ဖြစ်သည့် စမတ်ဖုန်းသည်လည်း ထိုကဲ့သို့အတိုင်းပင်ဖြစ်သည်ဟု ဂျာမနီနိုင်ငံတွင်ပြုလုပ်ခဲ့သည့် ကုန်စည်ပြပွဲတစ်ခုတွင် Land Rover Explore အမည်ရ စမတ်ဖုန်းကို မိတ်ဆက်ပေးလိုက်ခြင်းဖြစ်သည်။

အဆိုပါစမတ်ဖုန်းကို ဖန်တီးပေးသည့် Bullitte Group သည် အကြမ်းခံစမတ်ဖုန်းများကို ဖန်တီးထုတ်လုပ်နေသော လုပ်ငန်းတစ်ခုဖြစ်ပြီး CAT အမည်ရအကြမ်းခံစမတ်ဖုန်းများကို ယခုအချိန်အထိ ထုတ်လုပ်ရောင်းချနေဆဲဖြစ်သည်။ ၎င်းလုပ်ငန်းသည် Land Rover Explore ကို အကောင်းဆုံးဖန်တီးထားပြီး လာမည့် ၂၀၁၈ ခုနှစ် ဧပြီလတွင်စတင်ရောင်းချသွားမည်ဟုသိရသည်။ ထို့အပြင် ၎င်းစမတ်ဖုန်း၏ကျောဘက်တွင် စပ်ဆက်အပိုပစ္စည်းများတပ်ဆင်အသုံးပြုနိုင်ကာ IP68 အဆင့်ရှိသောကြောင့် ရေစိုခံနိုင်မှုရှိကာ ရေအောက်တွင်လည်း အတိုင်းအတာတစ်ခုအထိ အသုံးပြုနိုင်ကြောင်းသိရသည်။

၎င်းစမတ်ဖုန်းကို တွဲဖက်တပ်ဆင်အသုံးပြုနိုင်သောပစ္စည်းများမှာ တောတွင်းခရီးကြမ်းသွားလာခြင်းနှင့်ပတ်သက်သည့် လမ်းကြောင်းပြကိရိယာ၊ သံလိုက်အိမ်မြှောင်၊ လိုင်းစွဲအားပိုမိုကောင်းမွန်သည့် တည်နေရာနှင့် မြေပုံစနစ်၊ အချိန်ကြာမြင့်စွာသုံးစွဲနိုင်သည့် ဘက်ထရီအပို စသည်တို့ပါဝင်သည့် Advernture Pack ဖြစ်ပြီး ၎င်းစမတ်ဖုန်းကို ရာသီဥတုဒဏ်၊ လွတ်ကျခြင်းနှင့် စွန်းထင်းမှုညစ်ပေမှုဒဏ်များ စသည်တို့မှ ကာကွယ်ပေးနိုင်ရန် ကိုယ်ထည်ကိုဖန်တီးထားသည်။ စမတ်ဖုန်းအတွင်း လုပ်ဆောင်ချက်ပါဝင်မှုအသေးစိတ်အချက်အလက်များကို သိရှိရခြင်းမရှိသေးဘဲ အမေရိကန်ဒေါ်လာ ၈၀၀ ကျော်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

ALEX

## ကြော်ငြာ


ကိုးဘွဲ့ရ ရိပ်သာ၌ နှစ်ညအိပ် သုံးရက် [၁၆-ကြိမ်မြောက်] တရားစခန်း ဖွင့်လှစ်မည်။

နိုင်ငံကျော် ဓမ္မကထိက ကိုးဘွဲ့ရဆရာတော် အရှင် အာစာရာလင်္ကာရ အရှင်သူမြတ် ဦးဆောင်သည့် ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၌မြတ်စွာဘုရား၏ ဒေသနာတော်အတိုင်း —

**၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃-၂၄-၂၅ သောကြာ-စနေ-တနင်္ဂနွေ**

နေ့များတွင် တရားစခန်းများ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ပါပြီ။

(ယောဂီတစ်ပါးအိပ် သံကုတင် တစ်လုံး -၅၅၀၀ဝ/-၊ အာရုဏ်ဆွမ်း-တစ်သိန်းကျပ်၊ နေ့ဆွမ်း -တစ်သိန်းငါးသောင်းကျပ်၊ ဈေးရည်-ငါးသောင်း၊ ရေသန့်-၁၅၀၀၀/လည်း လှူဒါန်းနိုင်ပါပြီ။)

ကိုးဘွဲ့ရ ဝိပဿနာ တရားစခန်း ရိပ်သာ၊ ... ဖုန်း - ၀၉ ၄၄၄ ၇၈၀ ၁၀၅


### အထက(၂)တွံတေးမြို့ (ယခင် မတ်ဒသစ်၊ အလက မြို့မ)
### ကျောင်းသား၊ ကျောင်းသူဟောင်းများ၏
### (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

ဤကျောင်းတွင်တာဝန်ထမ်းဆောင်ပြီး သက်ပြည့်အငြိမ်းစားယူသွားကြသည့် ဆရာကြီး/ဆရာမကြီး(၁၀၇)ဦးတို့ကို ချစ်တပည့်ကျောင်းသား/ကျောင်းသူဟောင်းများမှ(၁၆)ကြိမ်မြောက် ဂါရဝပြုပူဇော်မည့် မြတ်ဆရာပူဇော်ပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများ ကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၁၂-၂-၂၀၁၈ ရက် (တနင်္လာနေ့)၊ ပြည်ထောင်စုနေ့ |
| အချိန် | - နံနက် ၉ နာရီ |
| နေရာ | - ပညာရတနာခန်းမ၊ အထက(၂)၊ တွံတေးမြို့ |

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ ၁၂-၂-၂၀၁၈ ရက် နံနက် ၇ နာရီတွင် ဒလဆိပ်ကမ်းမှ ကားများ ကြိုဆိုမည်ဖြစ်ပါသည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဦးသိန်းဝင်း ဖုန်း-၀၉-၇၉၆၂၇၂၉၆၈၊ ဦးမောင်ကို ဖုန်း-၀၉-၅၃၉၆၃၀၇၊ ဦးအောင်သူ ဖုန်း-၀၉-၅၃၉၆၂၁၁၊ ဒေါ်ဖြူဖြူ ဖုန်း-၀၉-၄၂၀၃၀၄၈၀၀၊ ဦးမောင်မောင်ဦး ဖုန်း-၀၉-၄၂၀၁၃၇၁၃၇၊ ဦးသက်နိုင်ထွန်း ဖုန်း-၀၉-၄၃၀၄၂၉၀၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ပူဇော်ပွဲသို့ မတက်ရောက်နိုင်ပါက ဖော်ပြပါဖုန်းနံပါတ်များသို့ အချိန်မီဆက်သွယ်ပါရန်)

**ဥက္ကဋ္ဌ**
**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**


**Holiday**
Car Rental Service
Ph: 09-5111235, 09-420077975

ကိုသန့်ဇင်
CAR RENTAL
09-43117680, 09-5059821

ကိုကျော်နိုင်
CAR RENTAL
ALPHARD, HIACE
09 25 358 2510
09 515 8803

**SYNCHRO WORLD COMPANY LIMITED**
*A Place to Learn, Grow and Improving Quality of Life*
(nmladhr.ho@gmail.com)
SYNCHRO WORLD COMPANY LIMITED
Head Office
1. Channel Sales Manager (Modern Trade)
- English ... Computer Office Application ...
2. Channel Sales Executive (Modern Trade)
- English ... Computer Office Application ...
3. Business Executive / Assistant Business Executive



garten.sh@gmail.com
09-459177775, 09-790177706, 09-790177708, 09-790177709 | https://www.facebook.com/gartenmaterials/




GW
0973226006
0973133528
0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

ရောစ်ခြည်ထိ
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

သီဟာလင်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10',14',16',18',22')
01-570307
09-5112729
09-5126394

မြဝတီခရီးသွားလုပ်ငန်း (ဗုဒ္ဓဝယာဘုရားဖူးအဖွဲ့)
Tour Leader
Classic Strand Condo


ပခုက္ကူနယ်ရှိ သိမ္မလ်ကျ ... (ရန်ကုန်)

နှစ်ပတ်လည်အခမ်းအနားနှင့်ဂုဏ်ပြုချီးမြှင့်ပွဲဖိတ်ကြားခြင်း


ကားအငှား
Alphard, Hiace
Ph: 09795549249, 09541812
09-795546884


### မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့၊ အထက(၁)၊ နဝမတန်း(A)တွင် ပညာသင်ကြားနေသော မရွှေရည်ပြည့်ဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်နီနီမြင့် ဖြစ်ပါကြောင်း။

**ဒေါ်နီနီမြင့်**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**မြောက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ ဦးဘိုဘိုမင်းသိုက်ကို လုပ်ကြံသတ်ဖြတ်သူအချို့အား ဖမ်းဆီးရမိ၊ ကွင်းဆက်တရားခံများကို ဆက်လက်ဖော်ထုတ်လျက်ရှိ**

စာမျက်နှာ - ၁၂

**ကြေးမုံ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ ဖော်ပြပါရှိသည်။



# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအထောက်အကူပြု ရူပဗေဒဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာခင်ခင်ဝင်း၊ ပါမောက္ခ၊ ဌာနမှူး ၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို ရူပဗေဒဘာသာရပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ဆွေးနွေးပို့ချမှာ ဖြစ်ပါတယ်။

ပထမဦးဆုံး ရူပဗေဒဘာသာရပ် မေးခွန်းပုံစံကို ရှင်းလင်းပြောပြမှာ ဖြစ်ပါတယ်။ ၂၀၁၈ခုနှစ် ရူပဗေဒဘာသာရပ် မေးခွန်းပုံစံသည် ၂၀၁၇ ခုနှစ် မေးခွန်းပုံစံအတိုင်းဖြစ်ပါတယ်။

**ရူပဗေဒဘာသာရပ် မေးခွန်းပုံစံမှာ-**

SECTION (A) နဲ့ SECTION (B) အပိုင်း နှစ်ခုပါရှိပါတယ်။

SECTION (A)အပိုင်းက (၄)မှတ်တန်မေးခွန်း (၉)ပုဒ်ရှိပြီး အားလုံးဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၉)ကတော “(OR)” နဲ့ ခံပြီး (၂)ပုဒ် မေးထားတဲ့အတွက် နှစ်သက်ရာ (၁)ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမယ်။

SECTION (B) မှာတော့ နံပါတ်(၁၀)ကနေပြီး နံပါတ်(၁၅)ထိ မေးခွန်း (၆)ပုဒ် မေးထားပါတယ်။ နှစ်သက်ရာ(၄)ပုဒ်ကို ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ မေးခွန်း(၁)ပုဒ်ကို (၁၆)မှတ်ပေးပါတယ်။ မေးခွန်းတိုင်းမှာ (a) နဲ့ (b) နှစ်ပိုင်းခွဲပြီး မေးထားပါတယ်။

မေးခွန်းနံပါတ်(၁၅)မှာလည်း “(OR)”နဲ့ ခံပြီး (၂)ပုဒ်မေးထားတဲ့အတွက် နှစ်သက်ရာ (၁)ပုဒ်ကိုပဲ ရွေးချယ်ဖြေဆိုရပါမယ်။

**ရူပဗေဒဘာသာရပ် ပြဋ္ဌာန်းစာအုပ်မှာ-**

သင်ခန်းစာအခန်း(၁)မှ အခန်း(၁၃)အထိရှိပါသည်။

အပိုင်းအားဖြင့်ပြောရမယ်ဆိုရင်- Mechanics, Heat, Waves and Sound, Optics, Electricity and Magnetism, Modern Physics ဆိုပြီး အပိုင်း(၆)ပိုင်း ခွဲခြားထားပြီး အပိုင်းအလိုက် အားလုံးအချိုးညီမျှတစွာ ပါဝင်အောင် အခန်းတိုင်းကသင်ခန်းစာများပေါ်မှာ အခြေခံပြီး မေးခွန်းများကို မေးထားခြင်းဖြစ်ပါတယ်။

**ရူပဗေဒဘာသာရပ်မေးခွန်းသဘောကိုကြည့်ရင်-**

ရူပဗေဒဘာသာဟာ အလွတ်ကျက်မှတ်ရုံနဲ့ မရဘဲ သီအိုရီသဘောတရားများကို အခြေခံကျကျ သဘောပေါက်နားလည်မှ မေးခွန်းများကို မှန်ကန်စွာဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ရူပဗေဒအခြေခံသဘောတရားများကို ကျေကျေညက်ညက်နားလည်ဖို့ အဓိကလိုအပ်ပါတယ်။

Physical quantity တစ်ခုချင်းရဲ့ အခြေခံသဘောတရား၊ ရူပဗေဒနိယာမတွေနဲ့ concept လို့ခေါ်တဲ့ အသိသညာတွေကို အချိတ်အဆက်မိမိနားလည်ထားရင် မေးခွန်းတွေကိုဖြေဆိုရာမှာ အခက်အခဲမရှိ ပြည့်စုံမှန်ကန်စွာ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

**ရူပဗေဒပြဋ္ဌာန်းစာအုပ်မှာရှိတဲ့ အခြေခံနိယာမတွေမှာ-**

Hooke's Law, Archimedes’ Principle, Pascal’s Law, Stephan– Boltzmann’s Law, Laws of Refraction, Snell’s Law, Coulomb’s Law, Ohm’s Law, Joule’s Law တွေပါဝင်ပါတယ်။

နိယာမတွေနဲ့ပတ်သက်ရင် စာသားနဲ့ရော သင်္ချာညီမျှခြင်းနဲ့ပါ ဖြေဆိုနိုင်ရပါမယ်။ သင်္ချာညီမျှခြင်းနဲ့ ဖော်ပြရင်လည်း၊ ညီမျှခြင်းမှာပါတဲ့ သင်္ကေတတစ်ခုချင်းစီအတွက် ဖွင့်ဆိုချက်များဖော်ပြရပါမယ်။

Law, Definition တွေကိုဖြေတဲ့အခါ တိတိကျကျနဲ့ ပြည့်စုံစွာဖြေမှ အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ ပြဋ္ဌာန်းစာအုပ် (Text book)ကို ကျေညက်စွာလေ့လာထားရပါမယ်။

**ရူပဗေဒမေးခွန်းတွေမှာ Physical quantities တွေရဲ့ units တွေကို မေးတတ်ပါတယ်။**

Units တွေကိုမေးရင် ဖြေတဲ့အခါ ဥပမာ- What are the units of power in different unit systems? ဆိုတဲ့ မေးခွန်းမှာ ပါဝါရဲ့ယူနစ်တွေကို unit system (၃)မျိုးအတွက် မေးထားတာဖြစ်တဲ့အတွက် system နဲ့ unit တွဲပြီး ဖြေရပါမယ်။ system တစ်ခုချင်းစီအတွက် unitကို သိထားရပါမယ်။ SI system – watt, CGS system –erg per second, FPS system –foot-pound per second လို့ အရှည်ကောက်နဲ့ရေးဖြေရပါမယ်။

**ပုစ္ဆာပေးထားချက်တွေမှာ unit systems တွေမတူရင်လည်း တွက်တဲ့အခါမှာ တူအောင်ပြောင်းပေးရပါမယ်-**

ဥပမာ- A 70 kg man is running up the stairs which is 300 cm high in 2 s. How much work is done by the man? ($g=9.8\ ms^{-2}$) ဆိုတဲ့မေးခွန်းမှာ-

SI system နဲ့ CGS system ရောထွေးနေတဲ့အတွက် CGS system ကို SI system ပြောင်းပေးရပါမယ်။

$h = 300\ cm = 300 \quad 10^{-2}\ m = 3m,$

W (work done) = mgh

$W = 70 \times 9.8 \times 3 = 2058\ J$

**ပုစ္ဆာတွေမှ ပေးထားချက်တွေကို ထုတ်ယူတတ်ဖို့လည်း အသိသညာ လိုအပ်ပါတယ်-**

ဥပမာ အလင်းပုစ္ဆာတွေမှာ- A magnifying glass of focal length 6 cm is used to produce an image which is two times the size of an object. How far must the magnifying glass be placed from the object?

မေးခွန်းမှာ magnifying glass လို့တွေ့တာနဲ့ ဆုံတာတိုတဲ့ မှန်ဘီလူးခုံး(convex lens) ဖြစ်ပြီး ဝတ္ထု(object)သည် ဆုံတာ(focal length) အတွင်းရှိပြီး ပုံရိပ်(image)ဟာ ပုံရိပ်ယောင်(virtual)၊ နဂိုအရွယ်ထက်ကြီးတယ်၊ အတည့်ပေါ်တယ်ဆိုတာ ကြိုပြီးသိသင့်ပါတယ်။

ဒ့်ါကြောင့် f = +6 cm , m = +2 (Since m has a plus sign the image is erect.)

magnification: $m = -\frac{v}{u}$

$2 = -\frac{v}{u}$

$v = -2u$

$\frac{1}{u} + \frac{1}{v} = \frac{1}{f}$

$\frac{1}{u} + \frac{1}{-2u} = \frac{1}{+6}$

$\therefore u = +3cm$

The magnifying glass must be placed 3 cm from the object.လို့ အဖြေရမှာဖြစ်ပါတယ်။

**ပုံဆွဲတာတွေနဲ့ပတ်သက်ပြီး ဖြေဆိုတဲ့အခါ-**

ဥပမာအလင်းခန်းမှာ- Draw a ray diagram to show the formation of a virtual image which is smaller than the object formed by a lens. ဆိုတဲ့မေးခွန်းမှာ-


ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်(virtual image) ပေါ်စေတဲ့ပုံကို ဆွဲရမှာဖြစ်ပါတယ်။

မှန်ဘီလူးခွက် (concave lens)ကိုသုံးရမှာဖြစ်တယ်။

ဝတ္ထုကို မှန်ဘီလူးခွက်ရှေ့မှာထားရင် ဝတ္ထုအရွယ်ထက်ငယ်တဲ့ ပုံရိပ်ယောင်ဟာ ဝတ္ထုနဲ့တစ်ဖက်တည်း ဆုံချက်(F)နဲ့ မှန်ဘီလူးခွက်ကြားမှာ အတည့်ပေါ်စေတာကို သိသာအောင်ဆွဲပေးရပါမယ်။ F, 2F, P, OO', II' စသည်တို့ကို ထင်ထင်ရှားရှားထည့်ပေးရပါမယ်။

အလင်းတန်းတွေမှာ မြားခေါင်းတွေတပ်ဖို့လည်း မမေ့ပါနဲ့။

ပုံရိပ်စစ်ဆွဲရင် မျဉ်းအပြည့်၊ ပုံရိပ်ယောင်ဆွဲရင် မျဉ်းပြတ်တွေနဲ့ဆွဲဖို့ အလွန်အရေးကြီးပါတယ်။ အောက်ဖော်ပြပါအတိုင်း တိကျရှင်းလင်းစွာ ရေးဆွဲရန်လိုပါတယ်။




**အချို့သော Formula တွေဟာ ဆင်တူယိုးမှားဖြစ်တတ်တဲ့အတွက် ဆိုင်ရာ definition များကို ကွဲပြားစွာ နားလည်သိရှိထားရန် လိုအပ်ပါတယ်-**

ဥပမာ Electricity အပိုင်းမှာ Electric Force, Electric Field Intensity, Electric Potential တို့ရဲ့ formula များဟာ

Electric Force ဆိုရင် $F \alpha \frac{Q_1 Q_2}{r^2}$ ဖြစ်လို့ $F = \frac{1}{4\pi\varepsilon_o}\frac{Q_1 Q_2}{r^2}$

Electric Field Intensity ဆိုရင် $E \alpha \frac{Q}{r^2}$ ဖြစ်လို့ $E = \frac{1}{4\pi\varepsilon_o}\frac{Q}{r^2}$

Electric Potential ဆိုရင် $V \alpha \frac{Q}{r}$ ဖြစ်လို့ $V = \frac{1}{4\pi\varepsilon_o}\frac{Q}{r}$

ဖြစ်တယ်ဆိုတာကို သေချာကွဲကွဲပြားပြား မှတ်ထားဖို့လိုပါတယ်။

ဒ့်ါအပြင် Electric Force နဲ့ Electric Field Intensity က vector quantity ဖြစ်လို့ ပုစ္ဆာတွက်ရင်၊ အဖြေထုတ်ရင် direction ပါရပါမယ်။

Electric Potential (V) ကတော့ scalar ဖြစ်လို့ အဖြေထုတ်ရင် direction မပါဘူး။ ဒါပေမယ့် ပုစ္ဆာတွက်ရင် charge Q တန်ဖိုးတွေမှာ လျှပ်စစ်ဖိုဆိုရင်(+)၊ လျှပ်စစ်မဆိုရင်(-) ထည့်တွက်ရမယ်ဆိုတာကို သတိချပ်ရပါမယ်။

ဥပမာ- Two point charges of + 4.0 x $10^{-8}$ C and -3.0 x $10^{-8}$C are 1 m apart. Find the electric potential at P midway between the two charges.

ပေးချက်အရ- $Q_1=+4.0\times10^{-8}$ C,$Q_2=-3.0 \times10^{-8}$ C,

Charge နှစ်ခုကြား အကွာအဝေးက 1m ဖြစ်ပြီး အလယ်အမှတ်(P)အတွက် $r_1 = r_2 = 0.5$ m

အရင်ဆုံး charge တစ်ခုချင်းစီကြောင့်ဖြစ်တဲ့ Electric potential ကိုရှာတဲ့အခါ-

$Q_1$ uPositive charge ဖြစ်တဲ့အတွက် $Q_1$ ကြောင့်ဖြစ်တဲ့ Electric potential $V_1$ က positive potential ဖြစ်ပါမယ်။

$$V_1 = \frac{1}{4\pi\varepsilon_o}\frac{Q_1}{r_1} = 9 \times 10^9 \times \frac{(+4\times10^{-8})}{0.5} = +720V$$

$Q_2$ က Negative charge ဖြစ်တဲ့အတွက် အနုတ်လက္ခဏာထည့်တွက်ရပါမယ်။ Electric potential $V_2$ က negative potential ဖြစ်ပါမယ်။

$$V_2 = \frac{1}{4\pi\varepsilon_o}\frac{Q_2}{r_2} = 9 \times 10^9 \times \frac{(-3\times10^{-8})}{0.5} = -540V$$

အမှတ် Pမှာရှိတဲ့စုစုပေါင်း Electric potential V ကိုရှာရင် $V_1$ နဲ့ $V_2$ ကိုရိုးရိုးသင်္ချာနည်းအရ ပေါင်းရပါမယ်။

$V = V_1 + V_2 = 720 + (-540) = + 180$ V ရမှာဖြစ်ပါတယ်။

ရူပဗေဒဘာသာရပ်မှာ Definition ရဲ့ concept တွေကိုသိဖို့လိုပါတယ်။

Capacitance နဲ့ ပတ်သက်ပြီးပြောရရင်- The capacitance of a capacitor ကို define လုပ်တာက The capacitance of capacitor (C) is the ratio of the charge (Q) to the potential difference (V) between two conductors of that capacitor.

သင်္ချာညီမျှခြင်းအရ- $C = \frac{Q}{V}$

**ဒ့်ါကြောင့် Capacitor တစ်ခုရဲ့capacitance က-**

Charge of a capacitor (Q)က potential difference (V) နဲ့ တိုက်ရိုက်အချိုးကျတယ်ဆိုတဲ့ concept ကိုသိရမယ်။

Capacitor ရဲ့အရွယ်(size)၊ ပုံသဏ္ဌာန်(shape)နဲ့ conductors (၂)ခုကြားမှာရှိတဲ့ insulator ရဲ့ သဘာဝပေါ်မူတည်ပြီး Capacitor တစ်ခုရဲ့ capacitance က ပြောင်းလဲနိုင်ကြောင်းသိရပါမယ်။

ဒီလို concept တွေကိုသိထားရင် ညဏ်စမ်းမေးခွန်းပုံစံတွေကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာဖြစ်ပါတယ်။

Resistance (ခုခံမှု)ကိုလည်း နည်းအမျိုးမျိုးနဲ့ သိထားသင့်ပါတယ်။

အရှည်အစားနဲ့ ပတ်သက်လာရင် $R = \frac{\rho l}{A}$ ၊

Current, Ohm's Law နဲ့ ပတ်သက်ရင် $R = \frac{V}{I}$ ဆိုတာကိုသိထားရပါမယ်။

Resistance ရဲ့ unit က SI system မှာ Ω ဖြစ်ပြီး $\Omega = VA^{-1}$ လို့လဲမြင်ရပါမယ်။

Circuit equation; $I = \frac{E}{R+r}$ မှာလည်း ခုခံမှု(R)ပါဝင်နေတာကို သတိပြုရပါမယ်။

Resistance (R) သည်အပူချိန်နဲ့လိုက်ပြီး ပြောင်းလဲမှုရှိတယ်ဆိုတာကိုလည်း $R_t=R_0\ (1+\alpha t)$ အရ သိထားရပါမယ်။

ခုခံမှု(R)ရဲ့ ပုံသေနည်းတွေကို ခွဲခြားပြီးသိထားမှ ပုစ္ဆာတွက်ရင် အလွယ်တကူဆက်စပ်တွေးခေါ်နိုင်ပါလိမ့်မယ်။

ဒ့်ါအပြင် Resistors တွေကို တန်းဆက်နဲ့ ပြိုင်ဆက်တွေဆက်တဲ့အခါမှာ သုံးတဲ့ပုံသေနည်းထုတ်ဖော်ပုံတွေကိုလည်း သိရှိထားရပါလိမ့်မယ်။

Capacitors တွေဆက်တာနဲ့ ပြောင်းပြန်ဆိုတာကိုလည်း သိထားရပါမယ်။ အလွတ်ကျက်တာထက် နှိုင်းယှဉ်ပြီး လေ့လာသင့်ပါတယ်။

**လျှပ်စစ်အခန်းမှာ current နဲ့ voltage တိုင်းတာမှုတွေအတွက် တိုင်းတာတဲ့ ကိရိယာတွေရဲ့ ပတ်လမ်းဆက်သွယ်ပုံ (circuit connection) အသုံးပြုပုံများကိုလေ့လာရာမှာ-**

»»» ကျောင်းသင်ခန်းစာ [ ငု ] သို့

»»» ကျောင်းသင်ခန်းစာ [ ဃ ] မှ

Current တိုင်းဖို့ Ammeter ကိုသုံးပြီး Voltage တိုင်းဖို့အတွက် voltmeter ကိုသုံးတယ်ဆိုတာ သိထားရပါမယ်။

Ammeter နဲ့ voltmeter ပတ်လမ်းဆက်သွယ်ပုံများကို နှိုင်းယှဉ်လေ့လာထားရပါမယ်။

Galvanometer ကို အခြေခံပြီး Ammeter နဲ့ Voltmeter ကိုတည်ဆောက်တဲ့အခါ Ammeter မှာ ခုခံမှုတန်ဖိုးငယ်တဲ့ wire(shunt)ကို galvanometer နဲ့ ပြိုင်ဆက် ဆက်သုံးပြီး voltmeter မှာ ခုခံမှုတန်ဖိုးကြီးတဲ့ wire ကို တန်းဆက် ဆက်ပြီးသုံးတယ်ဆိုတာသိထားရပါမယ်။

ပုံသေနည်းတွေက-

Ammeter အတွက်ဆိုရင် $r = R_G \frac{i}{(I-i)}$ ဖြစ်ပြီး

Voltmeter အတွက်ဆိုရင် $R = \frac{V}{i} - R_G$ ဖြစ်ပါတယ်။

ဥပမာဉာဏ်စမ်းမေးခွန်း-Why is a compass needle placed near a current-carrying wire deflected?

အဖြေ-There is a magnetic field around every wire carrying an electric current. Therefore, the deflection of the compass needle placed near a current-carrying wire is due to magnetic force acting on it.

ဥပမာပုစ္ဆာ-A 150 V voltmeter has a resistance of 20000Ω. When it is connected in series with a resistor across a 120 V mains line it reads 5 V. What is the resistance of the resistor?

**ဒီပုစ္ဆာကို နည်းလမ်း (၂)မျိုးနဲ့ တွက်လို့ရပါတယ်။**

$R_G=R_V=20000\Omega=2\times10^4\ \Omega$, $V=120V, V_1=5V$, $V_2=120-5=115V$


ပထမဆုံး voltmeter နဲ့ resistor (R) မှာဖြတ်စီးသွားတဲ့လျှပ်စီးကိုအရင်ရှာရပါမယ်။

For the voltmeter, By Ohm's law; $V_1=iR_V$

$$i = \frac{V_1}{R_V}$$

$$i = \frac{5}{2\times10^4}$$

$$i = 2.5\times10^{-4} A$$




**The resistance of the resistor (R) ကိုအောက်ပါဇယားအတိုင်း နည်းလမ်း(၂)မျိုးနဲ့တွက်နိုင်ပါတယ်-**

| By Using Ohm's law; | For the Galvanometer used as voltmeter |
|---|---|
| $V_2 = iR$ | $R = \frac{V}{i} - R_G,\quad R_G = R_V$ |
| $115 = 2.5\times10^{-4}R$ | $\therefore R = \frac{V}{i} - R_v = \frac{120}{2.5\times10^{-4}} - 2\times10^4$ |
| $R = \frac{115}{2.5\times10^{-4}} = 4.6\times10^5\Omega$ | $R = (48-2)\times10^4 = 4.6\times10^5\Omega$ |
| The resistance of the resistor is $4.6\times10^5\Omega$. | The resistance of the resistor is $4.6\times10^5\Omega$ |

**မည်သည့်နည်းနဲ့တွက်တွက် ပုံသေနည်းမှန်၊ တွက်နည်းမှန်၊ အဖြေမှန်လျှင်အမှတ်ပြည့်ရပါတယ်။**

Modern Physics မှာ Electronics နဲ့ Nuclear Physics ဆိုပြီး အပိုင်းနှစ်ပိုင်းပါရှိပါတယ်။

Electronics အပိုင်းမှာ Diode, Triode, Semiconductor အမျိုးအစားတွေအကြောင်းကို အသေးစိတ်ပုံနှင့်တကွသိထားရပါမယ်။

junction diode, transistor တွေကို p-type, n-type semiconductor တွေနဲ့ ပြုလုပ်တယ်။ Junction diode တွေကို Rectifier မှာသုံးတယ်။

Rectifier နှစ်မျိုးရှိပြီးတော့ သူတို့ရဲ့ တည်ဆောက်ပုံတွေ input & output waveform တွေကိုလည်း လေ့လာထားရပါမယ်။

Transistor အမျိုးအစား၊ Transistor structure, Transistor symbol, circuit diagram, Transistor application တွေကို ပုံနှင့်တကွ လေ့လာထားရပါမယ်။

Semiconductor diode နဲ့ transistor တို့ရဲ့ vacuum tube တွေထက်အားသာချက်များကို သိထားရပါမယ်။

နောက်တစ်ခုကတော့ IC, electronic logic gate များရဲ့ symbol, truth table တွေကို သိထားရမယ့်အပြင် Gate တွေရဲ့ပေါင်းစပ်မှုနဲ့ လက်တွေ့အသုံးပြုပုံများကို သေသေချာချာနားလည်ထားရပါမယ်။

**Nuclear Physics အပိုင်းမှာတော့-**

cathode rays, alpha rays, beta rays, gamma rays, x-rays တို့ရဲ့ properties, production & application များကို သရုပ်ဖော်ပုံများနှင့်တကွ သိဖို့လိုအပ်ပါတယ်။

ဥပမာ-cathode rays ဆိုတာ fast moving electron, alpha rays ဆိုတာ helium nucleus, gamma rays နဲ့ x-rays ဆိုတာ electromagnetic wave with short wavelengths, ဖြစ်တယ်ဆိုတာတွေကို သိသင့်ပါတယ်။

Radioactivity, radioisotopes and half-life တွေကိုလည်း နားလည်အောင်လေ့လာထားရပါမယ်။ Radioisotopes, nuclear reaction, nuclear energy တွေရဲ့ အသုံးဝင်ပုံများနဲ့ nuclear energy ကိုထုတ်လုပ်ပေးတဲ့ nuclear reactor များကိုလည်း လေ့လာထားသင့်ပါတယ်။

**ဒါကြောင့် အားလုံးကိုခြုံပြီးပြောရရင်-**

(၁) ရူပဗေဒပြဋ္ဌာန်းစာအုပ်မှာပါဝင်သော သီအိုရီ၊ ပုံသေနည်း၊ အသိသညာများကို ပိုင်နိုင်စွာလေ့လာထားရန်၊
(၂) "Practice makes perfect" ဆိုသည့်အတိုင်း ပြဋ္ဌာန်းစာအုပ်နှင့် မေးခွန်းဟောင်းများကို နားလည်သဘောပေါက်သည်အထိ အကြိမ်ကြိမ် လေ့လာလေ့ကျင့်ထားရန်၊
(၃) ဖြေဆိုရာတွင်လည်း မေးခွန်းကိုနားလည်အောင် သေချာစွာဖတ်ရှုပြီးမှ ဖြေဆိုရန်၊
(၄) တွက်ချက်မှုများမှာ လွယ်ကူသော ပေါင်း၊ နုတ်၊ မြှောက်၊ စား တွက်ချက်ခြင်းများမှာ မထင်မှတ်တဲ့ အမှားမျိုး ရှိတတ်ပါတယ်။ ဒါကြောင့် တွက်ချက်မှုများကို အကြိမ်ကြိမ်စစ်ဆေးရန် လိုအပ်ပါတယ်။
(၅) အဆင့်ကျော် မတွက်မိစေရန် သတိထားရပါမယ်။ တွက်ချက်မှုအဆင့်လိုက် အမှတ်ပေးခြင်းဖြစ်၍ အဆင့်ကျော်သွားရင် အမှတ်လွတ်သွားနိုင်ပါတယ်။
(၆) စာဖြေစဉ် စိတ်ကိုတည်ငြိမ်စွာထားပါ။ ပုစ္ဆာမှာ ပြောင်းထားတာ၊ လှည့်ထားတာများကို ဂရုစိုက်ပါ။
(၇) မေးသည့်မေးခွန်းများ ဖြေဆိုရာတွင် မကျန်စေရန် အထပ်ထပ်ပြန်စစ်ပါ။

၂၀၁၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအားလုံး ကျန်းမာရွှင်လန်းစွာနှင့် ဘာသာရပ်အသီးသီးကို ထူးထူးချွန်ချွန် ဖြေဆိုအောင်မြင်နိုင်ကြပါစေ။ ॥

# ပဲစင်းငုံအသစ်များ ဝယ်လက်များလာမှုကြောင့် ရက်ပိုင်းအတွင်း ဆက်တိုက်ဈေးမြင့်လာ

**မန္တလေး ဖေဖော်ဝါရီ ၅**

ဇန်နဝါရီလလယ်ပိုင်းတွင် စတင်ပေါ်ထွက်လာသည့် ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်သို့ အဖွင့်ဈေး ကျဆင်းစွာ ဝင်ရောက်လာသော်လည်း ဖေဖော်ဝါရီ ၁ ရက်တွင် ဝယ်လက်များလာမှုကြောင့် ဈေးပြန်လည်မြင့်တက်လာကြောင်း မန္တလေးဈေးကွက်မှ သိရသည်။

အိန္ဒိယနိုင်ငံမှ အဝယ်ရပ်နားထားသဖြင့် ဈေးကျဆင်းနေသော ပဲစင်းငုံသည် ယခုနှစ်ထွက်ပေါ်ချိန်၌လည်း သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀ နှုန်းဖြင့် အဖွင့်ဈေးကျဆင်းကာ ဝင်ရောက်လာသော်လည်း ယခု ဖေဖော်ဝါရီ ၁ ရက်တွင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် နီပေါနိုင်ငံမှ ဝယ်ယူမှုကြောင့် ကျပ် ၃၇၀၀၀ နှုန်းအထိ ရောက်ရှိလာပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ကျပ် ၄၀၀၀၀ ထိ မြင့်တက်လာကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့်(စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။



"အားလုံးစိတ်ဝင်စားနေတဲ့ ပဲစင်းငုံဈေးတက်ရတဲ့အကြောင်းက မနှစ်က အရှုံးနဲ့ကြုံတွေ့ခဲ့ရတဲ့ လှောင်သမားတွေ အချင်းချင်းဈေးညှိပြီး ဝယ်ကြတယ်၊ နောက်တစ်ချက်က အိန္ဒိယမှာလည်း မနှစ်ကလို အထွက်နှုန်းမကောင်းဘူးလို့ ကြားရတဲ့အတွက် ကြိုတင်ဝယ်ယူမှုတွေနဲ့အတူ တခြားနိုင်ငံတွေကလည်း ဝယ်ယူမှုတွေရှိလာတော့ ဈေးတက်လာတာပါ၊ ဒီအတိုင်းဆို အရှုံးပေါ်လို့ စိတ်ဓာတ်ကျပြီး ပဲစိတ်ကုန်လို့ အမည်ပြောင်ပေးထားတဲ့ ပဲစင်းငုံသီးနှံကတော့ တောင်သူနဲ့ ကုန်သည်တွေအတွက် အဓိကအားထားရတဲ့ သီးနှံပြန်ဖြစ်လာဖို့ မျှော်လင့်ချက် ရောင်ခြည်သန်းလာပြီလို့ ဆိုနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

ပဲစင်းငုံသည် ရာသီဥတုဒဏ်ခံနိုင်ပြီး စိုက်ပျိုးရန် လွယ်ကူသည့် သီးနှံဖြစ်သည့်အပြင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာ သုံးစွဲမှုစရိတ်သက်သာသောကြောင့် အိန္ဒိယမှ အဝယ်ရပ်နားထားသော်လည်း မြန်မာတောင်သူများအနေဖြင့် စိုက်ပျိုးမှုကို လျှော့ချခြင်းမရှိကြောင်း သိရသည်။

**မင်းထက်အောင်**

# ပြည်သူပါဝင်သော အမှိုက်ခွဲခြားစွန့်ပစ်ခြင်းကို မန္တလေးမြို့တွင် စတင်လုပ်ဆောင်

**မန္တလေး ဖေဖော်ဝါရီ ၅**

မန္တလေးမြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ပြည်သူပါဝင်သော အမှိုက်ခွဲခြားစွန့်ပစ်ခြင်းကို ဖေဖော်ဝါရီ ၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် စံပြ(င)ရပ်ကွက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး အခြားရပ်ကွက်များတွင်လည်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူပါဝင်သော အမှိုက်ခွဲခြားစွန့်ပစ်ခြင်းသည် တစ်နိုင်ငံလုံးအနေဖြင့် မန္တလေးမြို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး မန္တလေးမြို့တော်စည်ပင်သာယာနှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

"စွန့်ပစ်အမှိုက်တွေထဲကနေ ရောင်းစားလို့ရတာတွေ၊ စားကြွင်းစားကျန်တွေကို သီးခြားစီခွဲခြားမယ်၊ ရောင်းစားလို့ရတာဆိုရင် သူတို့ရောင်းစားကြပေ့ါ၊ အဲဒါတွေကို စည်ပင်က သိမ်းဆည်းဖို့ အမှိုက်ပုံးတွေပေးမယ်၊ အဲဒီလိုနည်းနဲ့ အမှိုက်ခွဲခြားစနစ်ကို လုပ်မယ်၊ စည်ပင်နဲ့ပေါင်းပြီးလုပ်တဲ့ အတွေ့အကြုံက အဲဒီရပ်ကွက်သူ ရပ်ကွက်သားတွေမှာရှိနေတယ်"ဟု ၎င်းက ပြောသည်။ အဆိုပါ(င)ရပ်ကွက်မှ စေတနာရှင်များ၊ ရပ်ကွက်ပြည်သူများနှင့် မြို့တော်စည်ပင်သန့်ရှင်းရေးဌာန အမှိုက်သိမ်းဝန်ထမ်းများပူးပေါင်းကာ စွန့်ပစ်အမှိုက်များမှ ပုလင်းခွံ၊ ဘူးခွံ၊ ချပ်စက္ကူ စသည့်ပြန်လည်ရောင်းချနိုင်သည့် ပစ္စည်းများ၊ စားကြွင်းစားကျန်များ၊ အခြားအမှိုက်များခွဲခြားကာ စည်ပင်သာယာမှ ထောက်ပံ့မည့် သီးသန့်အမှိုက်ပုံးများတွင် ခွဲခြားသိမ်းဆည်းသွားမည်ဖြစ်သည်။

"တစ်ပတ်ကို ခြောက်ရက်အမှိုက်သိမ်းယာဉ်က သိမ်းဆည်းတယ်၊ တနင်္ဂနွေနေ့ဆိုရင် အများနဲ့ဆိုင်တဲ့နေရာတွေ၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းတွေမှာ စည်ပင်နဲ့ပေါင်းပြီး သန့်ရှင်းရေးလုပ်ကြတယ်၊ အဲဒီရပ်ကွက်က စေတနာရှင်ကိုးဦးက စည်ပင်မှာဖွင့်တဲ့ အမှိုက်ခွဲခြားစွန့်ပစ်ခြင်း သင်တန်းတက်ခဲ့ပြီး သူတို့ရပ်ကွက်က စလုပ်တာပါ"ဟု ဆက်လက်ပြောကြားသည်။

အဆိုပါ ရပ်ကွက်နေပြည်သူများသည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်မှစ၍ မြို့တော်စည်ပင်နှင့် ပူးပေါင်းအမှိုက်သိမ်းဆည်းမှုကို ကူညီပေးသည့်အပြင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းမရှိဘဲ အမှိုက်ပုံးရှိရာသို့ စွန့်ပစ်ကြပြီး ယခုမှစတင်၍ အမှိုက်ခွဲခြားစွန့်ပစ်သည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်**

# သန်ကောင်ရောဂါ (Worm Infestation)

ပါမောက္ခ ဒေါက်တာသိန်းမြင့် (YGH-GI)



သန်ကောင်ရောဂါသည် အလွန်အဖြစ်များသောရောဂါဖြစ်ပြီး သန်ကောင်များသည် ခန္ဓာကိုယ်တွင်း အူလမ်းကြောင်းအတွင်း၌သာ သီးသန့်နေထိုင်ပါသည်။ သန်ကောင်ဆိုသည်မှာ လူ့ခန္ဓာကိုယ်တွင် နေထိုင်ပေါက်ပွားနိုင်သော ကပ်ပါးကောင်များဖြစ်ပါသည်။ ၎င်းတို့အနက်မှ သန်လုံးကောင်၊ ကြာပွတ်သန်ကောင်၊ ချိတ်သန်ကောင်၊ အပ်သန်ကောင်၊ ပလွေသန်ကောင်နှင့် ကြိုးပြားသန်ကောင်တို့သည် လူ့ခန္ဓာကိုယ်ကို ဒုက္ခပေးနေသော သန်ကောင်များဖြစ်ပါသည်။ အဖြစ်အများဆုံးမှာ သန်လုံးကောင်၊ ကြိုးပြားသန်ကောင်နှင့် ချိတ်သန်ကောင်တို့ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ၂၀၁၄ ခုနှစ် ထုတ်ပြန်ချက်အရ လူဦးရေ၏ ၅၀ ရာခိုင်နှုန်းသည် သန်ကောင်ရောဂါ ခံစားနေရပါသည်။ ၄၇ ရာခိုင်နှုန်းသည် သန်လုံးကောင်ကြောင့် အဓိကဖြစ်ပွားနေပါသည်။

### ကူးစက်နိုင်သည့် နည်းလမ်းများ

သန်လုံးကောင်၊ ကြိုးပြားသန်ကောင်တို့သည် သန်ကောင်ဥများကပ်နေသော အစားအစာများကို စားမိခြင်းအားဖြင့် လူ့ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။ ပလွေသန်ကောင်နှင့် ချိတ်သန်ကောင်တို့မှာ လူ့အရေအပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ပါသည်။

ခြေဗလာဖြင့် လမ်းလျှောက်ခြင်းနှင့် ရောဂါပိုးရှိနေသော လူ့မစင်များမှတစ်ဆင့် ချိတ်သန်ကောင်များ ကူးစက်နိုင်ပါသည်။ ထိုသံကောင်များသည် ကူးစက်ခံထားရသော လူ့ခန္ဓာကိုယ်ထဲတွင် ဆက်လက်မျိုးပွားခြင်းဖြင့် ရှင်သန်ပေါက်ဖွားကြပါသည်။

### ရောဂါလက္ခဏာများ

သန်ကောင်ရောဂါကူးစက်ခံရလျှင် စအိုတစ်ဝိုက် ယားယံခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ သွေးအားနည်းခြင်း၊ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အင်ပျဉ်ထခြင်း၊ မကြာခဏ ဝမ်းဗိုက်မအီမသာ ဖြစ်ခြင်း၊ ဝမ်းထဲတွင် သန်ကောင်များပါလာခြင်း၊ ဝမ်းသွားပုံစံ မမှန်ကန်ခြင်း၊ ကိုယ်အလေးချိန် ဖွံ့ဖြိုးမှုမရှိခြင်း၊ ကလေးငယ်များတွင် သန်ကောင်ကြောင့် အာဟာရချို့တဲ့ပြီး ဗိုက်ပူနံကား ဖြစ်လာခြင်းအပါအဝင် အခြားလက္ခဏာများလည်း ခံစားရနိုင်ပါသည်။

### နောက်ဆက်တွဲဆိုးကျိုးများ

သန်ကောင်ကြောင့်ဖြစ်သော နောက်ဆက်တွဲဆိုးကျိုးများမှာ ဦးနှောက်ဖွံ့ဖြိုးမှု အားနည်းခြင်း/နေခြင်း၊ သွေးအားနည်းရောဂါ၊ ဝမ်းဗိုက်နာခြင်း၊ အစားအသောက် မမှန်ခြင်း၊ သည်းခြေပြွန် ပိတ်ဆို့ရောင်ရမ်းခြင်း၊ သရက်ရွက်ရောင်ခြင်း၊ အသည်းတွင် ပြည်တည်ခြင်း၊ ကိုယ်အလေးချိန် မတက်ခြင်း၊ အူပိတ်ခြင်းနှင့် အူအတက်ရောင်ခြင်းတို့ ဖြစ်ပါသည်။ အချို့သန်ကောင်များသည် အဆုတ်ရောဂါကို ဖြစ်စေနိုင်သောကြောင့် မကြာခဏ ချောင်းခြောက်ဆိုးခြင်း ဖြစ်စေနိုင်ပါသည်။ သန်ကောင်တစ်မျိုးသည် ဦးနှောက်အတွင်းထိ ရောက်နိုင်သည့်အတွက် လူနာများမှာ သတိလစ်ခြင်း၊ တက်ခြင်း စသည်တို့ ဖြစ်ပွားတတ်ပါသည်။

### သန်ကောင် ရှိ၊ မရှိ စစ်ဆေးနည်းများ

သန်ကောင်ရောဂါ၏ လက္ခဏာများ စတင်ခံစားနေရလျှင် နီးစပ်ရာဆရာဝန်နှင့် ပြသသင့်ပါသည်။

သန်ကောင် ရှိ၊ မရှိကို နံနက်စောစော အိပ်ရာနိုးနိုးချင်း၊ စအိုတစ်ဝိုက်ကို လက်နှိပ်ဓာတ်မီး (Torch Light)ဖြင့် ထိုးကြည့်ခြင်းဖြင့် သိနိုင်ပါသည်။ ထို့အပြင် နံနက်စောစော ရေမချိုးမီနှင့် အိမ်သာမတက်မီ (Adhesive tape test) ဝမ်းစစ်ဆေးခြင်းဖြင့်လည်း သိရှိနိုင်ပါသည်။

### သန်ကောင်ရောဂါမဖြစ်အောင် ကာကွယ်ရန်

- တစ်ကိုယ်ရည်သန့်ရှင်းရေးကို ပုံမှန်ဂရုစိုက်ပါ။ (လက်သည်း၊ ခြေသည်း ညှပ်ရန်)
- လက်မစုပ်ခြင်း၊ လက်သည်းကိုက်ခြင်း စသည့် အလေ့အထများကိုလည်း ရှောင်ကြဉ်သင့်ပါသည်။
- အစာမစားမီနှင့် အိမ်သာတက်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးပါ။
- ယင်နားစာနှင့် မသန့်ရှင်းသော အစားအစာများကို ရှောင်ကြဉ်သင့်ပါသည်။
- ယင်လုံအိမ်သာ အသုံးပြုခြင်းဖြင့်လည်း ကာကွယ်နိုင်ပါသည်။
- အသက်(၂)နှစ်နှင့်အထက် ကလေးတိုင်း သန်ချဆေး တိုက်သင့်ပါသည်။
- လူထုအတွင်း သန်ချဆေး တိုက်ကျွေးခြင်းများကိုလည်း ပြုလုပ်ပေးသင့်ပါသည်။
- သန်ကောင်ရောဂါ ဖြစ်ပွားမှုများသော တိုင်းပြည်များတွင် ခြောက်လတစ်ကြိမ် ပုံမှန် သန်ချသင့်ပါသည်။
- အစားအသောက် ချက်ပြုတ်ရောင်းချသူများမှာလည်း ပုံမှန် သန်ချသင့်ပါသည်။

### ကုသနည်းများ

သန်ကောင်ရောဂါကို ရှိသည်ဟု သံသယရှိလျှင် နီးစပ်ရာဆရာဝန်နှင့် တိုင်ပင်ပြီး မိမိရောဂါအတွက် လိုအပ်သောသန်ချဆေးကို ဆရာဝန် ညွှန်ကြားသည့်အတိုင်း အချိန်တိကျစွာ သောက်သုံးသင့်ပါသည်။ အချို့သန်ချဆေးများသည် တစ်ရက် သောက်သုံးရမည်ဖြစ်ပြီး သုံးရက်သောက်သုံးရန် လိုအပ်သောဆေးများလည်း ရှိပါသည်။

### လွဲမှားသည့် အယူအဆများ

အသားစားခြင်းကြောင့် သန်ထသည်ဆိုသည်မှာ မှားယွင်းသောအယူအဆဖြစ်ပါသည်။ လတ်ဆတ်ပြီး သန့်ရှင်း၍ ကျက်အောင် ချက်ပြုတ်ထားသောအသားများမှတစ်ဆင့် မကူးစက်နိုင်ပါ။ သန်ချဆေးသောက်ခြင်းကြောင့် အားနည်းသည် ဆိုခြင်းမှာမမှန်ပါ။ သန်ကောင်ကြောင့်သာ အားနည်းသည့်ရောဂါ ဖြစ်စေပါသည်။ ထို့အပြင် အားနည်းနေစဉ် သန်ချဆေးမသောက်သုံးသင့်ဆိုသည်မှာလည်း လွဲမှားနေပါသည်။ သန်ချဆေးသောက်သုံးပြီး ရောဂါလက္ခဏာများ ပိုမိုဆိုးရွားလာသည်ဆိုခြင်းမှာ သန်ချဆေးကြောင့် မဟုတ်ဘဲ တိုက်ဆိုင်မှုကြောင့်သာ ဖြစ်နိုင်ပါသည်။ သက်ကြီးရွယ်အိုများတွင် သန်ချခြင်း မပြုရ ဆိုသည်မှာလည်း မဟုတ်မမှန်ပါ။

သန်ချဆေးသောက်လျှင် ဘာတွေသတိပြုရမည်လဲ။

- ကိုယ်ဝန်ဆောင် မိခင်နှင့် နို့တိုက်မိခင်များ၊ အသည်းရောဂါရှိသူများ အနေနဲ့ သန်ချဆေးသောက်သုံးရန် မသင့်ပါ။
- ဝမ်းချုပ်လူနာများတွင် သန်ချဆေးနှင့် ဝမ်းနုတ်ဆေး တွဲဖက်သောက်သုံးရန် လိုအပ်သော်လည်း ပုံမှန်လူများတွင် တွဲသောက်ရန် မလိုပါ။
- တုတ်ကောင်ရှိလျှင် တစ်မိသားစုလုံးကို တစ်ပြိုင်နက် သန်ချရန် လိုအပ်ပါသည်။
- တုတ်ကောင်သည် နောက်တစ်ကြိမ် ထပ်ဖြစ်တတ်၍ နှစ်ပတ်ကြာလျှင် သန်ချဆေးကို ထပ်မံသောက်သင့်ပါသည်။

> "သန်ကောင်ကြောင့်ဖြစ်သော နောက်ဆက်တွဲဆိုးကျိုးများမှာ ဦးနှောက်ဖွံ့ဖြိုးမှု အားနည်းခြင်း/နေခြင်း၊ သွေးအားနည်းရောဂါ၊ ဝမ်းဗိုက်နာခြင်း၊ အစားအသောက် မမှန်ခြင်း၊ သည်းခြေပြွန်ပိတ်ဆို့ရောင်ရမ်းခြင်း၊ သရက်ရွက်ရောင်ခြင်း၊ အသည်းတွင် ပြည်တည်ခြင်း၊ ကိုယ်အလေးချိန် မတက်ခြင်း၊ အူပိတ်ခြင်းနှင့် အူအတက်ရောင်ခြင်းတို့ဖြစ်"

### ကုန်ကျစရိတ်

အလွန်သက်သာပါသည်။ သန်ချဆေးတစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ကျပ် ၅၀၀ အထိသာရှိပြီး အလွယ်တကူဝယ်ယူနိုင်ပါသည်။ အကယ်၍ သန်ကောင်ရောဂါကို ကုသခြင်းမပြုပါက သန်ကောင်များ သည်းခြေပြွန်အတွင်းသို့ ဝင်ရောက်ပြီးပိတ်ဆို့ခြင်း၊ သည်းခြေပြွန်ရောင်ရမ်းခြင်းများ ဖြစ်ပွားပါက ERCP မှန်ပြောင်းဖြင့် ကုသရန် ကုန်ကျစရိတ်မှာ အနည်းဆုံးငွေကျပ် ငါးသိန်းမှ သိန်း ၂၀ ကျော်အထိ ရှိနိုင်ပါသည်။ ခွဲစိတ်မှုခံယူရပါကလည်း ကုန်ကျစရိတ်များပြီး နောက်ဆက်တွဲဆိုးကျိုးများမှာလည်း အလွန်များပါသည်။


### သန်ချဆေး၏ ဘေးထွက်ဆိုးကျိုးများ

သန်ချဆေးသောက်ခြင်းကြောင့် ရရှိလာမည့် ဘေးထွက်ဆိုးကျိုးမှာ လွန်စွာမှ နည်းပါးပါသည်။ လူနာအနည်းငယ်တွင် ဝမ်းဗိုက်မအီမသာဖြစ်ခြင်း၊ တစ်ခါတစ်ရံဝမ်းလျှောခြင်း၊ ဗိုက်အောင့်ခြင်း၊ အသည်းရောင်ခြင်း၊ တက်ခြင်း၊ မူးဝေခြင်း၊ အင်ပျဉ်နှင့် အနီစက်ထခြင်းတို့ ဖြစ်တတ်ပါသည်။ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များမှာတော့ သန်ချဆေး အမှန်တကယ်လိုအပ်ပါက ဆရာဝန်နှင့် သေချာစွာ တိုင်ပင်သင့်ပါသည်။

### နိဂုံးချုပ်

သန်ကောင်ရောဂါသည် အဖြစ်များသော်လည်း လူအများ ဂရုမပြုမိဘဲ အမှတ်တမဲ့ ပစ်ပယ်ခြင်းခံရသည့် ရောဂါဖြစ်ပါသည်။ ကုသခြင်းမှာ အလွန်လွယ်ကူရိုးရှင်းသော နည်းလမ်းဖြစ်ပါသည်။ သန်ချဆေးသောက်သုံးရန်သာ လိုအပ်ပါသည်။ ကုန်ကျစရိတ်မှာလည်း အလွန်သက်သာပါသည်။ သန်ကောင်ရောဂါ ဖြစ်ပွားပါက နောက်ဆက်တွဲဆိုးကျိုးများခြင်း၊ ကုန်ကျစရိတ်များခြင်း၊ အသက်အန္တရာယ် ထိခိုက်နိုင်ခြင်း စသည်တို့ ဖြစ်ပွားနိုင်သောကြောင့် သန်ကောင်ရောဂါကို ပေါ့လျော့မထားဘဲ ဂရုတစိုက် ကုသမှုခံယူသင့်ပါသည်။





# တောက်ပထွန်းကားလာသည့် ပြည်တွင်းခရီးသွားလုပ်ငန်း

**မြန်မာနိုင်ငံတွင် ယခင်ခေတ်အဆက်ဆက်၌ ခရီးသွားလုပ်ငန်းကဏ္ဍဟု ဆိုလိုက်သည်နှင့် နိုင်ငံခြားသားဧည့်သည်ကြီးများနှင့်သာ သက်ဆိုင်သော လုပ်ငန်းကဏ္ဍတစ်ရပ်ဟု ရှေးရိုးစွဲယူဆခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ် ပြည်သူ့အစိုးရတက်လာပြီးနောက်ပိုင်းတွင် သုံးရက်၊ ငါးရက် ရက်ရှည်ရုံးပိတ်ရက်များနှင့် မြန်မာပြည်အနှံ့ ကျော်ကြားသည့် ပွဲတော်ရက်များ၌ ပြည်တွင်းခရီးသွားဧည့်သည်များ လွန်စွာများပြားတိုးတက်လာခဲ့သည်ကို မီဒီယာများ၊ လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်ရသည်မှာ ပြည်တွင်းခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားမှု တိုးတက်လာမှုနှင့် ပြည်သူလူထု၏ စားဝတ်နေရေးချောင်လည်မှု၏ ပြယုဂ်တစ်ခုဖြစ်ပါသည်။**

မျိုးမြင့်သန်း (မန်းစက်မြေ)

ဤအယူအဆ၏ သဘောတရားကို ကောင်းသည်၊ ဆိုးသည်၊ မှားသည်၊ မှန်သည် ကျွန်တော် မဝေဖန်လိုပါ။ စာဖတ်ပရိသတ်များကို အနည်းငယ်တင်ပြလိုပါသည်။ ဆောင်းပါးတစ်ပုဒ်တွင် ကျွန်တော် ရေးသားဖူးသကဲ့သို့ ကျွန်တော်စာရေးမည်ဆိုတော့ ဦးလေးဖြစ်သူ စာရေးဆရာကြီး (ဦး)လှမိုး(ပညာရေး)က စာရေးရင် ပွဲဆူအောင် ရေးသားတဲ့ အရေးအသားမျိုးနှင့် မိမိအမှန်တကယ် တိကျစွာ မသိရှိသော အကြောင်းအရာမျိုး မရေးမိဖို့ သတိပေးခဲ့ဖူးပါသည်။ ကျွန်တော်လိုက်နာပြီး မိမိရေးသားသော ဆောင်းပါးက စာဖတ်သူအတွက် ပေးချင်သော သင့်လျော်ကောင်းမွန်သည့်အချက် မလွတ်စေရေး သတိပြုရေးသားခဲ့ပါသည်။ ယခု ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုနှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပမှရရှိသည့် အခြေခံအချက်အလက်များပေါ် မူတည်ပြီး မှန်ကန်စွာ တင်ပြလိုပါသည်။

အိမ်နီးချင်းနိုင်ငံအချို့ (ဥပမာ-တရုတ်နိုင်ငံ)တွင် ကြည့်လျှင် ပြည်ပခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွားလုပ်ငန်းမှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရပါသည်။ သက်ဆိုင်ရာ ပြည်တွင်းခရီးသွားကုမ္ပဏီ၏ အလံတစ်လူလူလွှင့်ထူလျက် လည်ပတ်သွားလာနေကြသည့် ပြည်တွင်းခရီးသွားဧည့်သည်များ များစွာတွေ့မြင်ဖူးပါသည်။ ဤသည်မှာ တရုတ်နိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု၊ အိမ်ထောင်စုအလိုက် စားဝတ်နေရေးချောင်လည်မှု၊ ပြည်တွင်းခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားမှုတိုးတက်လာခြင်းတို့၏ သာဓကတစ်ခုဖြစ်ပါသည်။ အလားတူ နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေ ကွာခြားမှုနည်းပါးသည့် အိန္ဒိယနိုင်ငံတွင် ၎င်းတို့လောက် ပြည်တွင်းခရီးသွားလုပ်ငန်းမဖွံ့ဖြိုးပါ။

ကျွန်ုပ်တို့နိုင်ငံတွင် ယခင်အချိန်ကာလများစွာက ပြည်တွင်းခရီးသွားဧည့်သည်များ နိုင်ငံအနှံ့သို့ ဘာသာရေးဆိုင်ရာခရီးသွားလာမှု၊ အပန်းဖြေခရီးသွားလာမှု မြောက်မြားစွာ သွားလာခြင်းမျိုး မတွေ့ရှိခဲ့ဖူးပါ။ ပြည်သူ့အစိုးရတက်လာပြီးနောက်ပိုင်း သာမန်ရုံးပိတ်ရက်များနှင့် ဆက်စပ်၍ သုံးရက်မှ ငါးရက်အထိ ရုံးပိတ်ရက်ရရှိခဲ့သော ကာလများတွင် အမည်ကျော်ကြားသည့် ခရီးစဉ်ဒေသများ၌ တည်းခိုရန်အခန်းပြည့်၊ စားသောက်ရန် ထမင်းပြတ်သည်အထိ ထူးခြားစွာ ပြည်တွင်းခရီးသွားလုပ်ငန်း တိုးတက်ခဲ့ပါသည်။

ပြည်တွင်းခရီးသွားဧည့်သည်များ အလွယ်တကူ သွားရောက်နိုင်မှုများပြားသည့် ဒေသများသို့ ပြည်တွင်းခရီးသည်ရောက်ရှိမှုကို ၂၀၁၆ ခုနှစ်စာရင်းနှင့် ၂၀၁၇ ခုနှစ်စာရင်းတို့အား နှိုင်းယှဉ်လေ့လာရာတွင် အင်းလေးဒေသတွင် ၅၂ ရာခိုင်နှုန်း၊ ကျိုက်ထီးရိုးတွင် ၄၆ ရာခိုင်နှုန်း၊ ပုဂံဒေသတွင် ၄၂ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၆ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၈ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ အပန်းဖြေခရီးစဉ်ဒေသဖြစ်သည့် ငွေဆောင်ဒေသတွင် ၃၅ ရာခိုင်နှုန်း တိုးတက်ခဲ့သော်လည်း ချောင်းသာဒေသတွင်မူ ကမ်းခြေအား ပြန်လည်အဆင့်မြှင့်တင်ရန် လိုအပ်သည့်အတွက် အနည်းငယ် လျော့နည်းခဲ့ပါသည်။



ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်း၏ စာရင်းများအရ တစ်နိုင်ငံလုံးသို့ ၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းခရီးသည် ၇ သန်းခန့်နှင့် ၂၀၁၇ ခုနှစ်အတွင်း ၈ သန်းခန့် ပို့ဆောင်ပေးခဲ့ရကြောင်း သိရှိရပါသည်။ အဆိုပါစာရင်းတွင် လုပ်ငန်း၊ ဌာန၊ ကုမ္ပဏီအသီးသီး၏ အစီအစဉ်ဖြင့် သွားရောက်ခြင်း၊ ကိုယ်ပိုင်အစီအစဉ်ဖြင့် သွားရောက်ခြင်း စသည့်စာရင်းများ မပါဝင်သေးပါ။

ပြည်တွင်းခရီးသွားလုပ်ငန်းများ မိမိတို့နိုင်ငံတွင် တိုးတက်လာမှုနှင့်ပတ်သက်၍ နိုင်ငံတကာမှ အသိမှတ်ပြုထားသည့် World Travel & Tourism Council (WTTC) ၏ ပြည့်စုံလုံလောက်သော အချက်အလက်အား ရရှိမှုအပေါ် လေ့လာသုံးသပ်ချက်များအရ ၂၀၁၆ ခုနှစ်တွင် ခရီးသွားလုပ်ငန်း ဝင်ငွေရရှိမှုများအနက် ပြည်ပခရီးသည်များထံမှ ဝင်ငွေများရရှိမှုမှာ ၆၂ ဒသမ ၇ ရာခိုင်နှုန်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းမှ ၃၇ ဒသမ ၃ ရာခိုင်နှုန်း ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရရှိမည်ဟု ခန့်မှန်းဖော်ပြခဲ့သည်မှာ ပြည်တွင်းခရီးသွားလုပ်ငန်း၏ အမှန်တကယ် တိုးတက်လာမှုဟုဆိုလျှင် မည်သူငြင်းနိုင်ပါမည်နည်း။

ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းကဏ္ဍကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ပခရီးသွားလုပ်ငန်းနည်းတူ ပြည်တွင်းခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်အောင် မည်ကဲ့သို့ဆောင်ရွက်နေပါသနည်းဟု မေးလာခဲ့သည်ရှိသော် ပကတိဆောင်ရွက်နေမှုအခြေနေအား ပြန်လည်တင်ပြလိုပါသည်။

ဒုတိယသမ္မတ(၂) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၆-၄-၂၀၁၇ ရက်တွင် ကျင်းပသည့် (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးမှ စတင်ကာ ပြည်တွင်းခရီးသွားလုပ်ငန်းအား နိုင်ငံတကာမှာ ကဲ့သို့ပင် ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဗဟိုကော်မတီတွင် ဆက်စပ်ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များမှ အဖွဲ့ဝင်အဖြစ်ပါဝင်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း(၁၁)သင်းမှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသဖြင့် အကျိုးရှိသော ရလဒ်ကောင်းများ ပေါ်ထွက်ခဲ့ပါသည်။ ၂၁-၁၂-၂၀၁၇ ရက်တွင် ကျင်းပသည့် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ (၂/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးတွင် ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေ ပြန်လည်သုံးသပ်ခြင်းအပြင် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ခဲ့ပါသည်။ ထို့အပြင် ဗဟိုကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း၏ ၂၀-၁-၂၀၁၈ ရက် တွေ့ဆုံပွဲတွင် ပြည်ပခရီးသွားဧည့်သည်များနှင့် တိုးတက်ဖွံ့ဖြိုးလာသည့် ပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍအတွက်ပါ ခရီးစဉ်ဒေသများတွင် အိပ်ခန်းများ လုံလောက်စွာ ရှိစေရေးအတွက် ဧည့်သည်ဝင်ရောက်မှုနှင့် နှိုင်းယှဉ်တွက်ချက်၍ ပြန်လည်တင်ပြရန် လမ်းညွှန်ခဲ့ပါသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနသည် ဖွံ့ဖြိုးတိုးတက်လာသော ပြည်တွင်းခရီးသွားလုပ်ငန်းများ စနစ်တကျ ဖြစ်စေရေး၊ ဝန်ဆောင်မှုကောင်းမွန်၍ လုံခြုံစိတ်ချရသည့် အဆင့်မီခရီးသွားလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ပြည်တွင်းဘုရားဖူးခရီးသွားဝန်ဆောင်မှုလုပ်ငန်းများအား အသိမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရန် ၁-၁၀-၂၀၁၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အသိမှတ်ပြုလက်မှတ်ရရှိစေရေးအတွက် လိုအပ်ချက်သုံးခု၊ အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်လေးခု၊ ခရီးသည်များအတွက် ခရီးသွားအာမခံထားရှိရေး၊ မီးသတ်ဆေးဘူးနှင့် ရှေးဦးသူနာပြုဆေးဘူးများ ထားရှိရေး၊ ခရီးစဉ်နှင့် ဝန်ဆောင်မှုများကို ဈေးနှုန်းနှင့်တကွ ပွင့်လင်းမြင်သာမှုရှိရေးနှင့် အခြား မလိုလားအပ်သည့် ပြဿနာများမဖြစ်ပေါ်စေရေးအတွက် လိုက်နာဆောင်ရွက်ရန် အချက်ဆယ့်သုံးချက် ပါဝင်ပါသည်။ ပြည်တွင်းဘုရားဖူးလုပ်ငန်း(၅၀)ခန့်ကို အသိမှတ်ပြုလက်မှတ် ထုတ်ပေးပြီး ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖြစ် အဆိုပါ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းဖြင့် တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ ပေါ်ပေါက်လာသည့်အပြင် နိုင်ငံတွင်း ခရီးသွားလာမှုစတမ်းကိုလည်း မှန်ကန်စွာ ရရှိလာမည်ဟု မျှော်မှန်းထားပါသည်။

သို့ရာတွင် ယခုမှ ပြန်လည်တောက်ပထွန်းကားလာသည့် ပြည်တွင်းခရီးသွားလုပ်ငန်းကဏ္ဍအား အဘက်ဘက်မှ ပြည့်စုံကောင်းမွန်စေရန် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဆောင်ရွက်ဖွယ်ရာများစွာ ကျန်ရှိပါသေးသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် Public Private Partnership (PPP) ပုံစံဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအပိုင်းမှ ခရီးသွားလုပ်ငန်းကဏ္ဍကို အဓိကတာဝန်ယူထားသည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အထက်အဆင့်ဆင့်၏ လမ်းညွှန်မှုကို ခံယူ၍ ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်း (၁၁)သင်းနှင့်ပေါင်းစပ်၍ လိုအပ်ချက်များ ဖြည့်ဆည်းခြင်း၊ တတ်နိုင်သမျှ ဖြေလျှော့ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံအတွင်းရှိ လက်ရှိခရီးစဉ်ဒေသများ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်း၊ ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်းဖြင့် ဆွဲဆောင်မှုရှိစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ခရီးစဉ်ဒေသအသီးသီးတွင် အဆင့်အတန်းမီ အိပ်ခန်းများ ပြည့်စုံလုံလောက်စေရန်အတွက် ဟိုတယ်များ တိုးချဲ့ဆောက်လုပ်ခြင်းဖြင့် တည်းခိုနေထိုင်ရေး လုံလောက်စေရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ခရီးစဉ်ဒေသများသို့ လွယ်လင့်တကူ သွားရောက်နိုင်ရေးအတွက်လည်း အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ စိတ်ချမ်းမြေ့စွာ တည်းခိုနေထိုင်စားသောက် လည်ပတ်နိုင်စေရန်အတွက် စီမံခန့်ခွဲမှုကောင်းမွန်စေရေးအတွက်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သင်တန်းအသီးသီးအား ပြည်တွင်း၊ ပြည်ပနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်သလို ကြီးကြပ်ခြင်းနှင့် အကြံပြုလမ်းညွှန်ခြင်းများအားလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။ လိုအပ်သည့်နေရာများတွင် အများသုံးသန့်စင်ခန်းများ ပေါ်ထွန်းလာစေရေး၊ ရန်ကုန်မြို့တွင်းမှ ဘုရားဖူးယာဉ်များ စနစ်တကျ အလွယ်တကူ ဝင်၊ ထွက်သွားလာနိုင်ရေးအတွက်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရဘက်မှ အထက်ပါအတိုင်း ဆောင်ရွက်သကဲ့သို့ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်ပတ်သက်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖြစ်စေရန် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ခရီးသွားရာသီများတွင် ဧည့်သည်များပြားသည့်အတွက် ရာနှုန်းပြည့် အိပ်ခန်းငှားရမ်းရမည်ကို သိရှိသဖြင့် အကြောင်းမဲ့ ဈေးနှုန်းမြှင့်တင်ခြင်းကို ရှောင်ကြဉ်သင့်ပါသည်။

အလားတူပင် ဒေသခံပြည်သူများအနေဖြင့်လည်း ဆင့်ပွားအကျိုးသက်ရောက်မှုရှိသည့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့ဒေသတွင်း အကျိုးစီးပွားဖြစ်ထွန်းမည်ကို သိရှိနားလည်စွာဖြင့် အားတက်သရော ပူးပေါင်းပါဝင်သင့်ပါသည်။ တစ်ခေါက်ရောက်ပြီးပါက ထပ်မံလာရောက်လိုစိတ်များ ပေါ်ပေါက်စေရန် မိမိတို့မြို့အား သန့်ရှင်းသပ်ရပ်စေရန် ထာဝစဉ်စောင့်ထိန်းသင့်ပါသည်။ လာရောက်တည်းခိုသူများအနေဖြင့်လည်း မိမိတို့ကြောင့် ခရီးစဉ်ဒေသ ထိခိုက်မှုမဖြစ်စေရေး သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

အထက်တင်ပြပါအတိုင်း အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မည်ဆိုပါက တောက်ပထွန်းကားလာသည့် ပြည်တွင်းခရီးသွားလုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ယခင်က မှေးမှိန်ခဲ့သည့် ပြည်တွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ပြည်သူများ ခရီးသွားလာနိုင်ခြင်းသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတစ်ရပ်ဖြစ်သည်မှာ ထင်ရှားပါသည်။ ကျွန်ုပ်တို့နိုင်ငံတော်တွင် စားဝတ်နေရေးကျပ်တည်းသည်ဟု ပြည်တွင်း၊ ပြည်ပမှ အပြုသဘောမဟုတ်သည့် ဝေဖန်ပြောဆိုခြင်းများအား တုံ့ပြန်လိုခြင်း မဟုတ်ပါ။ ပြည်သူအားလုံးကို ကိုယ်စားပြုသည်ဟု မဆိုလိုသော်လည်း ယခင်က မှေးမှိန်ခဲ့သည့် ပြည်တွင်းခရီးသွားလုပ်ငန်းသည် ပြည်သူ့အစိုးရတက်လာသည့် နောက်ပိုင်းကာလတွင် တိုးတက်ထွန်းကားလာသည်မှာ ခရီးစဉ်တစ်ခု သွားရောက်လိုပါလျှင် လိုအပ်သည့် ပြည့်စုံလုံလောက်သော ငွေကြေးပမာဏရှိသည့် ပြည်သူများ ပိုမိုတိုးပွားလာသည်မှာ အမှန်လက်တွေ့ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်စွာ အထောက်အကူပြုနိုင်သည့် ခရီးသွားလုပ်ငန်းကဏ္ဍကို ရေရှည်တည်တံ့ဖွံ့ဖြိုးအောင် ဝိုင်းဝန်းဆောင်ရွက်နိုင်ပါလျှင် ပြည်သူတစ်ရပ်လုံး အကျိုးရှိမည်ဖြစ်ကြောင်း တိုက်တွန်းတင်ပြလိုက်ရပါသည်။ ။



# ရိုးမထဲက ဆင်ဘေးမဲ့တော

ညီတူး



ကျိန္တလီချောင်းနံဘေးက ဘေးမဲ့တော၏ ကင်းစခန်းသို့ စက်လှေဆိုက်ကပ်ချိန်တွင်ပင် တောတောင်တို့၏ ရနံ့သစ်များကို ရှူရှိုက်နေရပြီ။ ခပ်လှမ်းလှမ်းဆီမှ တဲ သုံး၊ လေးလုံးဖြင့် စခန်းကို ချောင်းကမ်းစပ်က မြင်နေရသည်။ ဘေးပတ်လည်မှာတော့ တောတွေ၊ တောင်တွေက စိမ့်ညို၍ ဝန်းရံထားလျက်။ ဂွမြို့မှ ရတနာမြိုင်ကျေးရွာသို့ ကားဖြင့် ၃၃မိုင်။ ယင်းကျေးရွာမှသည် ကင်းစခန်းသို့ ချောင်းရိုးတစ်လျှောက် စက်လှေဖြင့် ၁၃မိုင် စီးရပြီးလျှင် ကျွန်တော်တို့ စခန်းချမည့် ဘေးမဲ့တောအစပ်ကို ရောက်ပါပြီ။

ဤနေရာကား အနီးဆုံး ကျေးရွာနှင့်ပင် ၁၀ မိုင်ကျော်ကျော် ကွာဝေးသည်။ ကင်းစခန်းက ဘေးမဲ့တောကြီး၏ နယ်နိမိတ်အစတွင် တည်ဆောက်ထားသည်။ ကင်းစခန်းနာမည်မှာ ကြိမ်ခါးခုံကင်းစခန်းဖြစ်ပြီး ရခိုင်ရိုးမဆင်ဘေးမဲ့တောကြီး၏ ကင်းစခန်း သုံးခုအနက်တစ်ခုပါ။ ရခိုင်ရိုးမဆင်ဘေးမဲ့တောကို လွယ်လွယ်ကူကူ အဝင်နိုင်ဆုံးဖြစ်သည့် ကျိန္တလီချောင်းနံဘေးမှာ ဆောက်လုပ်ထားသည်။

**အရေးကြီး**

ဘေးမဲ့တော တောင်ဘက်ခြမ်း တစ်ခုလုံးကို သည်ချောင်းရိုးက စီးဆင်းနေသည့်အတွက် ချောင်းရိုးကို ထိန်းသိမ်းနိုင်ပါက တောင်ဘက်ခြမ်းကို ခြိမ်းခြောက်လာမည့် အန္တရာယ်တွေကို ကာကွယ်နိုင်သောကြောင့် အရေးကြီးသော ကင်းစခန်းအဖြစ် တွေ့မြင်ရသည်။ သည်လိုအရေးကြီးသော အခြားကင်းစခန်းနှစ်ခုမှာ ဘိုကလေးကင်းစခန်းနှင့် ကျားချောင်းကင်းစခန်းဖြစ်ပါသည်။

ဤကင်းစခန်းသုံးခုမှတစ်ဆင့် ထိုဆင်ဘေးမဲ့တောတွင် အဓိကကျက်စားသော တောဆင်ရိုင်းများ အပါအဝင် အခြားသော သားငှက်တိရစ္ဆာန်များ ထိန်းသိမ်းကာကွယ်ရေး ဆောင်ရွက်နေသည်။ ဤဘေးမဲ့တောသည် မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများ ထိန်းသိမ်းရာ ပထမဦးဆုံး သဘာဝနယ်မြေတစ်ခုဖြစ်သည်ဟု ရခိုင်ရိုးမဆင်ဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းကပြောသည်။

"ပြည်သူတွေကို သိစေချင်တာက ဒီဘေးမဲ့တောဟာ ဆင်တွေအတွက် တကယ့်ကို အရေးကြီးတယ်၊ မြန်မာ့တောဆင်ရိုင်းတွေကို ဒီလိုသာ မထိန်းသိမ်းနိုင်ရင် မြန်မာမြေပေါ်မှာ မျိုးသုဉ်းပြီး ရှိမှာ မဟုတ်တော့ဘူး။ တခြားသော ရှားပါးသားငှက်တိရစ္ဆာန်တွေအတွက်လည်း ဒီဘေးမဲ့တောဟာ အရေးကြီးတယ်ဆိုတာကိုလည်း သိစေချင်တာပဲ" ဟု သူက ဆိုသည်။

**ကျက်စားလျက်ရှိ**

ဤဘေးမဲ့တောတွင် ရှားပါးမြန်မာ့တောဆင်ရိုင်း၊ အင်းကျား၊ ပြောင်အပါအဝင် နို့တိုက်သတ္တဝါ ၄၀ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါ ၆၃ မျိုး၊ လိပ်ပြာ ၂၆ မျိုး၊ ရေချိုငါး ၂၈ မျိုးနှင့် အင်းဆက် ၁၂ မျိုး ကျက်စားလျက်ရှိသည်။ သဘာဝပေါက်ပင်များအဖြစ် ပျဉ်းကတိုး၊ ပျဉ်းမ၊ ကသ္ဘစ် အပါအဝင် သစ်မျိုး ၇၆ မျိုး၊ သစ်ခွ ၁၁ မျိုး၊ ဝါး ကိုးမျိုး၊ ကြိမ် လေးမျိုးနှင့် ပရဆေးပင် ၄၇ မျိုး ပေါက်ရောက်ကြောင်းလည်း မှတ်တမ်းများတွင် ဖော်ပြထားသည်။

ရခိုင်ရိုးမဆင်ဘေးမဲ့တောသည် အမြဲစိမ်းတောဂေဟစနစ်ဖြစ်ပြီး ခရင်ဝါးတောကြီးများသည် ဧရိယာ၏ ၇၀ ရာခိုင်နှုန်းခန့်ကို ဖုံးလွှမ်းထားသည်။ ဘေးမဲ့တော၏ အရှေ့ဘက်တွင် ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ မြို့နယ်တို့ ဆက်စပ်ရှိနေပြီး တောင်ဘက်တွင် ဂွမြို့နယ်နှင့် မြောက်ဘက်တွင် သံတွဲမြို့နယ်ရှိသည်။ ဘေးမဲ့တောကို ၁၉၉၇ ခုနှစ်တွင် တောဆင်ရိုင်းများ ထိန်းသိမ်းရာ သဘာဝနယ်မြေတစ်ခုအဖြစ်စတင် သတ်မှတ်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ဘေးမဲ့တောသည် ဧရိယာအားဖြင့် ဧက လေးသိန်းသုံးသောင်းကျော်ကျယ်ဝန်းသည်။

**သုတေသနပြု**

ကျွန်တော်တို့အဖွဲ့ ကြိမ်ခါးခုံကင်းစခန်းတွင် ရှိနေစဉ် တစ်နေ့ ကျိန္တလီချောင်းရိုးတစ်လျှောက် ဘေးမဲ့တောအတွင်းသို့သုတေသနပြုရေးအတွက် ၈ မိုင်ခန့်သွားခဲ့ကြသည်။ ကျွန်တော်တို့အဖွဲ့၏ စက်လှေသုံးစီးမှာ ရေစီးကြမ်းသော၊ ရေတိမ်သော ချောင်းရိုးနေရာများတွင် ဆင်း၍ လမ်းလျှောက်ရသည်။ လမ်းတစ်လျှောက်မှ ကျားအော်ချောင်း၊ ကြက်လွှတ်ချောင်း၊ လိပ်ရုပ်ချောင်း၊ ရေကြမ်းကြီးချောင်း၊ ဖိုးပုံချောင်းစသည့် ချောင်းလက်တက်များကို ဖြတ်သန်းလာခဲ့ရပြီး ယင်းတို့တွင် ဤသို့ နာမည်တွင်လာကြသည့် ရာဇဝင်များလည်း အသီးအသီး ရှိကြသည်။

ရခိုင်ရိုးမဆင်ဘေးမဲ့တော၏ တည်ရှိပုံက တောတွေမြင့်သည်။ တောင်တွေ မတ်စောက်သည်။ ချောင်းရိုးမြောင်းရိုးထူထပ်သည်။ ချောင်းရိုးတစ်လျှောက်မှာလည်း ကျောက်တုံး၊ ကျောက်စိုင်ကြီးများဖြင့် ကြမ်းသည်။ သဲကြမ်းသည်။ သွားရေးလာရေး ခက်ခဲသော ဘေးမဲ့တောကြီးတစ်ခုအဖြစ် တွေ့မြင်ရသည်။ ဘေးမဲ့တော၏အတွင်းပိုင်းကို သွားမည်ဆိုလျှင် ဤချောင်းရိုးမြောင်းရိုးများကိုသာ အသုံးပြုရသည်။

**ပြောင်းလဲပျက်စီးမှုမရှိ**

သည်ဘေးမဲ့တောတွင် တောဆင်ရိုင်းထိန်းသိမ်းရေး ဆောင်ရွက်နေသော ဦးစောထူးသာဖိုးက တောမြင့်များနှင့် ဝါးတောများကို လက်ညှိုးထိုးကာ ဤဘေးမဲ့တောသည် သဘာဝ၊ ပထဝီဝင် အနေအထားကိုက ဆင်တွေလုံးဝကျက်စားသောဒေသ၊ ဆင်တွေအတွက် အထိအခိုက်လည်း အလွန်လျော့နည်းသောဒေသ၊ ဘေးမဲ့တောတည်ထောင်စဉ်ကတည်းက ဆင်ကိုထိန်းသိမ်းဖို့ ဦးတည်ချက်ထားပြီး တည်ထောင်ခဲ့သောဒေသ၊ သစ်တောခုတ်ထွင်မှုလည်း မရှိသေးသည့်ဒေသ၊ ဂေဟစနစ်များ ထူးခြားစွာ ပြောင်းလဲပျက်စီးမှု မရှိသေးသောဒေသအဖြစ် ရှင်းပြသည်။

ဦးစောထူးသာဖိုးသည် သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)တွင် အကြီးတန်း ညှိနှိုင်းရေးမှူးအဖြစ် ဤဘေးမဲ့တောတွင် တောဆင်ရိုင်းကာကွယ်ထိန်းသိမ်းရေးနှင့် သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်နေသူဖြစ်သည်။

ဆယ့်ငါးဦးခန့်ရှိသော ကျွန်တော်တို့အဖွဲ့သည် သွားလမ်းတစ်လျှောက်တွင် တွေ့ရှိရသော သားငှက်တိရစ္ဆာန်များနှင့် ယင်းတို့၏ ခြေရာများ၊ မစင်များကို မှတ်တမ်းယူသူ၊ ယူ၍ သုတေသနပြုလုပ်သူက ပြုလုပ်၍ သွားကြသည်။

ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် တောဆင်ရိုင်းအကောင်ရေ ၁၀၀ ခန့် ပျံ့နှံ့ကျက်စားကြသည်ဟု တာဝန်ရှိသူများက ခန့်မှန်းသည်။ ယင်းအချက်အလက်များသည် သိပ္ပံနည်းကျကောက်ယူထားသော စာရင်းမဟုတ်ပေ။ ယခုအချိန်ထိ သိပ္ပံနည်းကျ မကောက်ယူနိုင်သေးပေ။ ဦးစောထူးသာဖိုးကတော့ သိပ္ပံနည်းကျစာရင်း ကောက်ယူရေးကို ယခုလိုရှင်းပြသည်။

**စာရင်းကောက်ရမည်**

ဘေးမဲ့တောတွင် တောဆင်ရိုင်းများ မည်သည့်နေရာများတွင် ကျက်စားသည်ကို သိရှိနိုင်ဖို့ လာမည့်နှစ်တွေအတွင်း ဆောင်ရွက်နိုင်ရန် ကြိုးစားနေသည်ဟု သူက ပြောသည်။ ပထမအဆင့် ဆင်ပျံ့နှံ့ကျက်စားသော နေရာများအားလုံးကို သိပြီးလျှင် ဆင်ကောင်ရေ ဘယ်လောက်ရှိသည်ကို ဆက်လက် သုတေသနပြုလုပ်ရမည်ဖြစ်သည်။ ဧက လေးသိန်းကျော်ရှိသော ဤဘေးမဲ့တောတွင် အဖွဲ့ငယ်တွေ များစွာဖြင့် တစ်ပြိုင်နက် သုတေသနပြုရမည်။ ၁၄ ရက်အတွင်း ဧရိယာတစ်ခုလုံးကို စာရင်းကောက်ရမည်ဖြစ်ပြီး ထိုကဲ့သို့ သုတေသနကို သုံးလအတွင်း ငါးကြိမ်ပြီးမြောက်အောင် လုပ်ဆောင်ရမည်ဖြစ်သည်။

"ဒီလေ့လာမယ့် ဆင်စာရင်းကောက်တဲ့ လုပ်ငန်းက ဆင်ရဲ့ မစင်ကနေ မျိုးရိုးဗီဇခွဲခြားတဲ့နည်းလမ်း (DNA Analysis) နဲ့ တစ်ကောင်ချင်းကို ဖော်ထုတ်ပြီးတော့ ခန့်မှန်းတွက်ချက်နိုင်တဲ့ နည်းစနစ်ဖြစ်ပါတယ်။ ဆင်မစင်တွေကို ပြည်ပကို ပို့ပြီးတော့ ခွဲခြားရမယ်။ ကုန်ကျစရိတ်ကလည်း အလွန်များပါတယ်။ ယခုလက်ရှိအခြေအနေအရ ကာကွယ်ထိန်းသိမ်းရေးကိုဦးစားပေးဆောင်ရွက်နေရလို့ လာမယ့် ၄/၅/၁၀ နှစ်အတွင်းမှာ လုပ်နိုင်ဖို့ ရည်မှန်းထားပါတယ်" ဟု ဦးစောထူးသာဖိုးက ပြောသည်။

ထို့အပြင် ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် ကျက်စားနေကြသော ဆင်၊ ပြောင် အပါအဝင် ရှားပါးသား ငှက်တိရစ္ဆာန်များမှာ ခြိမ်းခြောက်မှုများနှင့် ကြုံတွေ့လာနေရပြီဟု ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစန်းဝင်းကပြောသည်။ ဤဘေးမဲ့တောနှင့် ဆက်စပ်နေသော အထူးသဖြင့် ဂွချောင်းကြိုးပြင်ကာကွယ် တောနှင့် တောင်ညိုကြိုးပြင်ကာကွယ်တောများတွင် တောဆင်ရိုင်းသတ်ဖြတ်ခံရမှုများ ကြုံတွေ့နေရသည်ဟု ၎င်းက ဆိုသည်။

ဤဘေးမဲ့တောမှာလည်း အရှေ့ဘက်ခြမ်းနှင့် ဆက်စပ်နေသော ဧရာဝတီတိုင်းဒေသကြီးရှိ ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ မြို့နယ်တို့က မုဆိုးများ ကျူးကျော်ဝင်ရောက်၍ တောဆင်ရိုင်းအပါအဝင် အခြားသားငှက်များကို အမဲလိုက်ခြင်းများ၊ အဆိပ်ချငါးဖမ်းခြင်းများ ပြုလုပ်ကြသည့် အထောက်အထားများ တွေ့နေရပြီ "အဓိက ရင်ဆိုင်နေရတဲ့ပြဿနာက အမဲလိုက်တာ" ဟု ဦးစန်းဝင်းက ပြောသည်။

**မနိုင်မနင်း**

ရခိုင်ရိုးမဆင်ဘေးမဲ့တောတွင် တရားဝင် ဖွဲ့စည်းပုံ ဝန်ထမ်းအင်အားမှာ ၈၁ ဦးဖြစ်သော်လည်း လက်ရှိတွင် ဝန်ထမ်းအင်အား ၂၅ ဦးခန့်သာ ရှိသည်။ သို့သော် ကင်းလှည့်ဝန်ထမ်းမှာ ၁၅ ဦးခန့်သာ ဖြစ်သည်။ ဝန်ထမ်းအင်အား အလွန်နည်းပြီး မနိုင်မနင်း ဖြစ်ရသည်များလည်း ရှိကြောင်း ဦးစန်းဝင်းက ဆိုသည်။

သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)၏ထောက်ပံ့မှုဖြင့် ဒေသတွင်းရှိကျေးရွာများမှ ဒေသခံကင်းသား ၁၁ ဦးကို ရွေးချယ်ခန့်ထား၍ ဝန်ထမ်းများတို့နှင့်အတူ ပူးပေါင်းကာ ကင်းလှည့်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ ဤဘေးမဲ့တောတွင် တောဆင်ရိုင်းများကို သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)က ထိန်းသိမ်းရေး ဆောင်ရွက်လျက်ရှိသည်။ ဤသို့ဖြင့် ကင်းလှည့်ဝန်ထမ်း (Rangers- ရိန်းဂျားများ)များ စုစုပေါင်း ၂၅ ဦးခန့်ရှိသော်လည်း ဘေးမဲ့တောဧရိယာတစ်ခုလုံးကို ကင်းလှည့်ရန် အဖွဲ့ သုံးဖွဲ့၊ ဖွဲ့စည်းလိုက်သောအခါ တစ်ဖွဲ့လျှင် ခုနစ်ဦး၊ ခုနစ်ဦးခန့်ဖြင့်သာ တစ်လလျှင် ရက် ၂၀ ခန့် ကင်းလှည့်ကြရသည်ဟု ရိန်ဂျားများက ပြောသည်။

သို့အတွက် တောထဲတွင် မုဆိုးများဖြင့် ရင်ဆိုင်ရသောအခါ မုဆိုးများမှာ ၁၈ ယောက်၊ အယောက် ၂၀ အင်အားရှိပြီး အမဲလိုက်ခွေးအုပ်များ၊ လှံများ၊ သေနတ်များလည်း ပါလာသည့်အတွက် အန္တရာယ်များသောကြောင့် နောက်ဆုတ်ရသည်များလည်း ရှိကြောင်း ရိန်းဂျားများက ပြောသည်။

**အထောက်အထားများဖြစ်**

သာဓကအားဖြင့် ဘေးမဲ့တောတွင် ထိန်းသိမ်းရေး ဝန်ထမ်းများ ကင်းလှည့်ရာ မုဆိုးများ၏ ကြပ်စင်များ၊ တဲများ၊ တူမီးသေနတ်များကို သိမ်းဆည်းရမိသည်များလည်း ရှိသည်။ မုဆိုးများနှင့် ထိန်းသိမ်းရေးအဖွဲ့များ ထိပ်တိုက်ရင်ဆိုင်ရမှုများလည်းရှိသည်။ ဘေးမဲ့တော၏ ပတ်ဝန်းကျင်ရွာအချို့တွင် ပြောင်သားရောင်းချနေသည်ကိုလည်း တွေ့ရပြီး ယင်းတို့သည် မုဆိုးများ အမဲလိုက်သော အထောက်အထားများ ဖြစ်သည်ဟု ဘေးမဲ့တောဝန်ထမ်းများက ဆိုသည်။

ဤသို့ အခြေအနေများကို ဖြေရှင်းရန် ဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း၊ ထိန်းသိမ်းရေးကင်းစခန်းများ တိုးချဲ့ဆောက်လုပ်ခြင်း၊ ဒေသခံများကို ပညာပေးခြင်း၊ ကင်းလှည့်ထိန်းသိမ်းရေးကို ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိရောက်သော အရေးယူဆောင်ရွက်မှုများ လိုအပ်သည်ဟု ဘေးမဲ့တော ထိန်းသိမ်းရေးသမားများက ပြောသည်။ ကင်းလှည့်ဝန်ထမ်းများကို လက်နက်တပ်ဆင်ပေးရန်လည်း လိုအပ်သည်ဟုလည်း ဆိုကြသည်။

**ခြိမ်းခြောက်ခံနေရ**

ရခိုင်ရိုးမ ဆင်ဘေးမဲ့တောရှိ တောဆင်ရိုင်းများ ခြိမ်းခြောက်ခံနေရသကဲ့သို့ မြန်မာနိုင်ငံ အနှံ့အပြားရှိ တောဆင်ရိုင်းများသည်လည်း တစ်ပတ်လျှင် တစ်ကောင်နှုန်းသတ်ဖြတ်ခံနေရသည်ဟု မြန်မာ့တောဆင်ရိုင်း ထိန်းသိမ်းရေးသမားများက ပြောသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အတွင်း တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုနှင့် သေဆုံးမှုမှာ ၁၄၀ ကျော်ရှိသည် ဟု သစ်တောဦးစီးဌာနက ထုတ်ပြန်ထားသည်။

ရခိုင်ရိုးမဘေးမဲ့တောသည် ခြိမ်းခြောက်မှုများ ရင်ဆိုင်နေရသော်လည်း ရေရှည်တည်တံ့ရန် ထိန်းသိမ်း ထားနိုင်ပါက သဘာဝအခြေပြုခရီးသွားလုပ်ငန်းများ ဖော်ဆောင်ဖို့ လွန်စွာကောင်းမွန်သည်။ တော၊ တောင်ထဲ သဘာဝလေ့လာရေး ခရီးသွားနိုင်မည်။ သားငှက်မျိုးစုံကို လေ့လာနိုင်မည်။ တောဆင်ရိုင်းများကို လေ့လာနိုင်မည်။ ဇီဝမျိုးစုံမျိုးကွဲမျိုးစိတ်များကို လေ့လာနိုင်မည်။ ဒေသခံတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာလိမ့်မည်ဟု ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစန်းဝင်းက ပြောသည်။

သည်ဘေးမဲ့တောထဲ ဆင်သုတေသလုပ်နေသည့် ဦးစောထူးသာဖိုးက "ဒီဘေးမဲ့တောဟာ ဆင်တွေအတွက် အလွန်ကောင်းတဲ့ နေရင်းဒေသတစ်ခုဖြစ်တဲ့အတွက် ဒီ နေရာကို အရေးတကြီးထိန်းသိမ်းဖို့ လိုအပ်နေပါတယ်" ဟု ဆိုသည်။ ။

> "ရခိုင်ရိုးမဆင်ဘေးမဲ့တောရှိ တောဆင်ရိုင်းများ ခြိမ်းခြောက်ခံ နေရသကဲ့သို့ မြန်မာနိုင်ငံ အနှံ့အပြားရှိ တောဆင်ရိုင်းများသည်လည်း တစ်ပတ်လျှင် တစ်ကောင်နှုန်း သတ်ဖြတ်ခံနေရသည်ဟု မြန်မာ့တောဆင်ရိုင်း ထိန်းသိမ်းရေးသမားများက ပြောသည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၇ ခုနှစ်အတွင်း တောဆင်ရိုင်းများ သတ်ဖြတ်ခံရမှုနှင့် သေဆုံးမှုမှာ ၁၄၀ ကျော်ရှိသည်ဟု သစ်တောဦးစီးဌာနက ထုတ်ပြန်"